# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ငြိမ်းအေးသောစိတ်ရှိ**

အာသဝေါကုန်ပြီးသောရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သော ဣန္ဒြေ၊ ငြိမ်းအေးသောစိတ်ရှိကုန်၏။ မည်သို့သောအခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**


၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၅)၊ အမှတ် (၃၂၃)


# ပဲစိုက်တောင်သူများအတွက် အိန္ဒိယနိုင်ငံမှ နည်းပညာအကူအညီပေးရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး မစ္စဆူရှမာ ဆွာရာ့ရ်နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေး၊ ပို့ဆောင်ရေး၊ ကျန်းမာရေးနှင့် စွမ်းအင်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ ပဲစိုက်တောင်သူများအတွက် အိန္ဒိယနိုင်ငံမှ နည်းပညာအကူအညီပေးရေးတို့ကို ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဇေမြင့်နှင့် ဒုတိယဝန်ကြီး ဦးကျော်တင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး မစ္စဆူရှမာ ဆွာရာ့ရ်အား လက်ခံတွေ့ဆုံစဉ်**

# ဗီဇာသက်တမ်းပြည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ နှစ်ပတ်အတွင်း ထိုင်းနိုင်ငံသို့ ပြန်လည်သွားရောက် လုပ်ကိုင်နိုင်ရန် ဖြေလျှော့ပေး

**■ မြင့်မောင်စိုး**

**ရန်ကုန် ဩဂုတ် ၂၂**

ထိုင်းနိုင်ငံသို့ တရားဝင် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိပြီး လေးနှစ် သို့မဟုတ် ခြောက်နှစ် ဗီဇာသက်တမ်းပြည့်၍ မြန်မာနိုင်ငံသို့ ပြန်လာသည့် မြန်မာရွှေ့ပြောင်းလုပ်သားများအနေဖြင့် တစ်ဖန် ထိုင်းနိုင်ငံသို့ ပြန်လည်သွားရောက် အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ဝန်ကြီး ဌာနက ဖြေလျှော့ပေးမှုများ ပြုလုပ်လျက်ရှိရာ သက်ဆိုင်ရာ အထောက်အထားများပြည့်စုံပါက နှစ်ပတ်အတွင်း ပြန်လည်သွားရောက် အလုပ်လုပ်ကိုင်နိုင်အောင် စီစဉ်ပေးလျက်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေ့ပြောင်းလုပ်သားများဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။


*စာမျက်နှာ ၃ ကော်လံ ၅* ✻




**U-Turn အဖြစ် ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာရွှေ့ပြောင်းလုပ်သားများကို တွေ့ရစဉ်**

# နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၂**

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**(မိုး/ဇလ)**


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘာ့ဇာတ်ဘက်

မြန်မာ့အလင်း

# အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်ကြခြင်း

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၌ကျင်းပသော ရီယို ၂၀၁၆ အိုလံပစ်ပွဲတော်ကြီးပြီးဆုံးသွားခဲ့ပါပြီ။ ဤပွဲတော်ကြီးတွင် မူလခန့်မှန်းထားခဲ့ကြသည့်အတိုင်း အမေရိကန်အားကစားသမားများက ဒုတိယနှင့် တတိယနေရာတွင်ရှိသော ဗြိတိန်နှင့် တရုတ်နိုင်ငံတို့ထက် ဆုတံဆိပ်တစ်ဝက်နီးပါးအသာဖြင့် နိုင်ငံအလိုက် ပထမနေရာကို ဆွတ်ခူးရရှိသွားသည်။

အိုလံပစ်ပွဲတော်ကြီးတစ်ခုကို စီစဉ်ရခြင်းမှာ ငွေကုန်ကြေးကျများလှသည်။ ဒေါ်လာသန်းရာနှင့်ချီသော အားကစားကွင်းများ၊ သောင်းနှင့်ချီသော ဧည့်သည်များအတွက် နေရာထိုင်ခင်းများ ဖန်တီးရခြင်းဖြင့် ဒေါ်လာဘီလီယံနှင့်ချီသော ငွေကြေးအကုန်အကျခံ သုံးစွဲကြရသည်။ ထို့ကြောင့်ပင် စီးပွားရေးကျနေသော ဘရာဇီးနိုင်ငံတွင် မကျင်းပသင့်ကြောင်း အချို့သော အတိုက်အခံအင်အားစုများက ဆန္ဒပြမှုများပြုလုပ်ခဲ့ကြသည်ကို တွေ့မြင်ခဲ့ကြရပေသည်။ သို့သော် အိုလံပစ်ပွဲကျင်းပဖို့ အလှည့်ကျရန်စောင့်ရခြင်းမှာ လွယ်ကူလှသည်မဟုတ်သောကြောင့် ဘရာဇီးအစိုးရမှ ပွဲကြီးဖြစ်မြောက်ရေး ကြိုးစားပမ်းစား အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အိုလံပစ်ပွဲတော်ဆိုသည် ကမ္ဘာတွင် ဂုဏ်သိက္ခာအကြီးဆုံးအားကစားပြိုင်ပွဲဖြစ်သည့်အပြင် မိမိနိုင်ငံ၏ ယဉ်ကျေးမှုများ၊ ရိုးရာအစဉ်အလာများကို ထုတ်ဖော်ပြသရာလည်းဖြစ်သည်။ ထိုပွဲတော်ကြီးမှတစ်ဆင့် ကမ္ဘာ့နိုင်ငံသားများအချင်းချင်းကြား ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်နိုင်ခြင်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများအတွက်ပါ အကျိုးကျေးဇူးဖြစ်ထွန်းလာစေနိုင်သော အားကောင်းချက်များလည်းရှိပေသည်။ ၎င်းပြင် ကမ္ဘာ့အိုလံပစ်ပွဲများမှ သမိုင်းတွင်သော ဗိသုကာလက်ရာများကိုလည်း ပေါ်ထွက်စေသည်။ တရုတ်နိုင်ငံတွင်ကျင်းပသော ပီကင်း ၂၀၁၂ အိုလံပစ်တွင် ဗဟိုအားကစားကွင်းဖြစ်ခဲ့သော ငှက်သိုက်ပုံအားကစားကွင်းမှာ ရင်သပ်ရှုမောဖွယ် ဗိသုကာလက်ရာဖြစ်ခဲ့သည်။ တရုတ်အိုလံပစ်သည် ကမ္ဘာ့အိုလံပစ်သမိုင်းတွင် လူအင်အားအများဆုံးနှင့် အဆန်းတကျယ် ခင်းကျင်းပြသမှုအများဆုံး ပါဝင်ခဲ့သည်။ ဤသည်မှာ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြခြင်းလည်းဖြစ်သည်။

အားကစားပြိုင်ပွဲများတွင် မီတာ ၁၀၀ ပြေးပွဲသည် လူသားတို့၏ အံ့မခန်းစွမ်းအားကို ပြသရာဖြစ်သည်။ ဘောလုံးသည် စုပေါင်းစွမ်းရည်ကိုဖော်ပြသည့် ဂန္ထဝင်အားကစားဖြစ်သည်။ မာရသွန် မီတာ တစ်သောင်းစသည့်ပြေးပွဲများသည် လူသားတို့၏ ဇွဲ၊ ကြံ့ခိုင်မှု၊ ခံနိုင်ရည်စသည်တို့ကို အကောင်းဆုံးစမ်းသပ်သည့်ပြိုင်ပွဲများဖြစ်သလို ကြက်တောင်၊ တင်းနစ် အပါအဝင် အခြားသော အားကစားများမှာလည်း လူတို့၏ ထက်မြက်မှု၊ ဉာဏ်ရည်ဉာဏ်သွေးအဆင့်တို့ကို ဖော်ပြခြင်းဖြစ်သည်။ ၁၉၆၄ ခုနှစ် တိုကျိုအိုလံပစ်ကာလက အမေရိကန် အားကစားသမား ဘော့ပ်ဟေးလ်၏ မီတာ ၁၀၀ စွမ်းရည်ကိုမြင်တွေ့ခဲ့ကြရပြီး ယခု ရီယိုအိုလံပစ်တွင် ဂျမေကာ အားကစားသမား အူစိန်ဘော့ပ်၏ အံ့မခန်းအပြေးစွမ်းရည်များကို တွေ့ကြရသည်။ ယခု ကွင်းပိတ်ပွဲနေ့က ၂၀၂၀ တိုကျိုအိုလံပစ်လက်ခံကျင်းပမည့် ဂျပန်နိုင်ငံကိုယ်စား ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက နာမည်ကျော်ဂိမ်းဇာတ်ကောင် ဆူပါမာရီယို အဝတ်အစားဝတ်ပြီး ဘောလုံးအနီတစ်လုံးကိုကိုင်လျက် ပရိသတ်ရှေ့ထွက်ပေါ်လာခဲ့သည်။

အားကစားသည် အမျိုးသားရေးဇာတိမာန်ကို ထင်ထင်ရှားရှား ဖော်ပြနိုင်သောနေရာဖြစ်သလို နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းကိုလည်း ဖော်ပြရာဖြစ်သည်။ ထို့ကြောင့်ပင် ဂိုလ်းမင်းဆာ့ချ်ဘဏ်ကြီးက အိုလံပစ်ပြိုင်ပွဲ၏ ရွှေတံဆိပ်ရမှုအနေအထားသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအခြေအနေနှင့် တိုက်ရိုက်အချိုးကျတတ်သောကြောင့် ရီယိုအိုလံပစ်တွင် နိုင်ငံအလိုက်ရပ်တည်မှုမှာ အမေရိကန်ပြည်ထောင်စုက ဆက်လက်ဦးဆောင်မည်ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဒုတိယနေရာကိုသာ ဆုပ်ကိုင်နိုင်လိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည်လည်း ဆယ်စုနှစ်ပေါင်းများစွာ အာဏာရှင်စနစ်များ၊ တံခါးပိတ်စီးပွားရေးဝါဒများ ကျင့်သုံးခဲ့သည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်တွင် အထွေထွေနိမ့်ဆင်းမှုကြီးဖြစ်ခဲ့ရာ အားကစားသည်လည်း အပါအဝင်ဖြစ်ခဲ့သည်။ မြန်မာသည် တစ်ချိန်က အရှေ့တောင်အာရှတွင် အလားအလာအကောင်းဆုံးနိုင်ငံဖြစ်ခဲ့သလို အားကစားတွင်လည်း အာရှအဆင့်အထိ ထွန်းပေါက်မှုများရှိခဲ့သည်။ ထိုသို့သော ထွန်းပေါက်မှုများမှာ ၁၉၇၀ ခုအလွန်နှစ်များလောက်အထိ အရှိန်ရှိခဲ့ပြီး နောက်ပိုင်းတွင်မူ အရှေ့တောင်အာရှတွင်ပင် နောက်နားလေးမှပါနေရသော အခြေအနေဖြစ်လာခဲ့သည်။ လူမှုစီးပွားရေးဘဝများ နိမ့်ကျမှုကာလရှည်ကြာလာသောအခါ မြန်မာလူငယ်များ ခန္ဓာကိုယ်ကြီးထွား ကြံ့ခိုင်မှု၊ အာဟာရဓာတ်ပြည့်ဝမှု လျော့နည်းကျဆင်းလာသည်။ ထိုအခါ အားကစားဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးဆိုသည်မှာ စိတ်ကူးယဉ်အိပ်မက်ပမာဖြစ်လာသည်။

ယခုအခါ အခြေအနေအရပ်ရပ်ကို အဖတ်ဆယ်နေရသော အချိန်ဖြစ်လာသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုသော လုပ်ငန်းစဉ်အောက်တွင် တိုင်းပြည်တည်ငြိမ်ရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများစွာ လုပ်ဆောင်ကြရပါမည်။ စီးပွားရေးဖွံ့ဖြိုးမှု ဆယ်စုနှစ်များချီ၍ရှိလာပါမှ အမျိုးသားကျန်းမာကြံ့ခိုင်ရေးအားကောင်းလာမည်ဖြစ်သည်။ ထိုအချိန်မျိုးရောက်မှသာ နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များအား အခြားသော စီးပွားရေးကောင်းသည့်၊ နိုင်ငံရေးတည်ငြိမ်သည့် နိုင်ငံများနည်းတူ မွေးထုတ်နိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။




## ခုတင် ၁၀၀ဆံ့ စက္ကူဒါနဆေးရုံကြီး မကွေးမြို့၌ မကြာမီဖွင့်မည်

**မကွေး ဩဂုတ် ၂၂**

မကွေးမြို့ မဟာဝိသုတာရာမကျောင်းတိုက်အတွင်း သီတဂူမြင့်မိုရ်စံစက္ကူဒါနဆေးရုံကြီးကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။ အဆိုပါဆေးရုံကြီးအား အလှူရှင် ဦးကျော်သက်ဦး-ဒေါ်သန်းသန်းစော(မြင့်မိုရ်စံဟိုတယ်မိသားစု)တို့က သိန်း ၅၀၀၀ အကုန်အကျခံ တည်ဆောက်လျက်ရှိရာ လက်ရှိ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးရုံကြီးပြီးစီးသွားပါက သီတဂူဆရာတော်ကြီး၏ တပည့်ဖြစ်သူ ဒေါက်တာမြအောင်ဦးဆောင်ပြီး အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးရုံကြီးမှာ အမျိုးသားခုတင် ၅၀၊ အမျိုးသမီးခုတင် ၅၀၊ ခုတင် ၁၀၀ ဆံ့ ဆေးရုံကြီးဖြစ်သည်။ ထိုဆေးရုံသို့ တက်ရောက်ကုသမည့် မျက်စိဝေဒနာရှင်များကို မကွေးဆရာတော်ကြီး ဦးစီးတည်ထောင်ခဲ့သည့် မကွေးကရုဏာရှင်နာရေးကူညီမှုအသင်းအနေဖြင့် အခမဲ့မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်သလို လူနာများအတွက် နေရေးထိုင်ရေး၊ စားသောက်ရေးပါမကျန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ**

## ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေး

**မန္တလေး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လုံခြုံရေးတို့နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။ (ယာပုံ)

ရှေးဦးစွာတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရဲမှူးကြီးဟန်ထွန်းက အလုပ်ရုံဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြ၍ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့်ခေါင်းစဉ်များနှင့် ခေါင်းစဉ်အလိုက် အုပ်စုများဖွဲ့စည်းထားရှိမှုတို့ကို အသိပေးတင်ပြသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲ ဆွေးနွေးမည့် အုပ်စုအဖွဲ့များအလိုက် အသီးသီးနေရာယူကြပြီး အုပ်စုအဖွဲ့များအလိုက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အုပ်စုအလိုက် ဆွေးနွေးမှု၊ အချက်အလက်များ ထုတ်နုတ်ဆွေးနွေးမှုနှင့်စပ်လျဉ်း၍ တက်ရောက်လာသူများက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂၂-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၅၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၅၅၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၉၂·၀ |
| ဥရောပ | တစ်ယူရို | ၁၃၄၅·၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၂·၄၄ |
| ထိုင်း | တစ်ဘတ် | ၃၄·၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၇·၇၆ |
| တရုတ် | တစ်ယွမ် | ၁၇၉·၁၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅·၉၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နှစ်နိုင်ငံ ပညာရေး၊ ကျန်းမာရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး မစ္စဆူရှမာ ဆွာရာ့ရ်နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပညာရေး၊ ကျန်းမာရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး မစ္စဆူရှမာ ဆွာရာ့ရ်နှင့် တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ Lord Neuberger အား ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ Lord Neuberger အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်**
(သတင်းစဉ်)

*ရှေ့ဖုံးမှ

"U-Turn လို့ခေါ်တဲ့ ဒီလို တစ်ကျော့ပြန် သွားရောက် အလုပ်လုပ်ကိုင်နေတဲ့ မြန်မာရွှေ့ပြောင်းလုပ်သားတွေကို ထိုင်းနိုင်ငံမှာ အလုပ်လုပ်ခဲ့တဲ့ အထောက်အထား၊ အလုပ်ရှင်ရဲ့ အထောက်အထား၊ အလုပ်သမားကတ်ပြား၊ ယာယီနိုင်ငံကူးလက်မှတ်စတဲ့ အထောက်အထားတွေ ပြည့်စုံမယ်ဆိုရင် ၁၀ ရက်ကနေ နှစ်ပတ်အတွင်း ထိုင်းနိုင်ငံကို တစ်ဖန် ပြန်လည်သွားရောက် အလုပ်လုပ်ကိုင်နိုင်အောင် ဝန်ကြီးဌာနက ဖြေလျှော့မှုတွေ ပြုလုပ်ပေးလျက်ရှိပါတယ်"ဟု ရွှေ့ပြောင်းလုပ်သားဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေသူညိုက ပြောသည်။

ထိုင်းနိုင်ငံ၏ ဥပဒေအရနှစ်နိုင်ငံသဘောတူညီချက် (MoU) စနစ်ဖြင့် တရားဝင်သွားရောက် အလုပ်လုပ်ကိုင်နေသော မြန်မာရွှေ့ပြောင်းလုပ်သားများသည် ဗီဇာသက်တမ်း လေးနှစ် သို့မဟုတ် ခြောက်နှစ်ပြည့်ပြီးပါက မူရင်းနိုင်ငံသို့ တစ်ဖန်ပြန်ကြရကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား တရားဝင်အလုပ်သမား စေလွှတ်ရေးအစီအစဉ်တစ်ခုဖြစ်သည့် MoU စနစ်ကို ၂၀၀၃ ခုနှစ်ကတည်းက လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယခုအခါ တရားဝင်စေလွှတ်သည့် မြန်မာရွှေ့ပြောင်းလုပ်သား နှစ်သိန်းကျော်ရှိကြောင်း၊ သို့သော်လည်း ထိုင်းနိုင်ငံတွင် မြန်မာရွှေ့ပြောင်းလုပ်သားဦးရေသုံးသန်းကျော်ရှိနေကြောင်း၊ ၎င်းတို့အနက် U-Turn (အလုပ်သမား ဗီဇာသက်တမ်းပြည့်အလုပ်သမား)အဖြစ် ပြန်လာမည့် မြန်မာရွှေ့ပြောင်းလုပ်သားမှာ ၁ ဒသမ ၂ သန်းခန့် ရှိနေကြောင်း သိရသည်။

အဆိုပါ U- Turn အဖြစ် ပြန်လာပြီး မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တစ်ဖန်ပြန်လည်၍ တရားဝင်အလုပ်သွားလုပ်ရန် လုပ်ဆောင်ရသည့်အဆင့်များ များပြားသဖြင့် မြန်မာနိုင်ငံတွင် စောင့်ဆိုင်းနေရသည့်ကာလမှာ ၄၅ ရက်မှ သုံးလခန့်ကြာမြင့်လေ့ရှိကြောင်း၊ ယခုအခါ ဝန်ကြီးဌာနက အထက်အဆင့်ဆင့် တင်ပြရမှုများ ဖြေလျှော့ပေးလိုက်ပြီ ဖြစ်၍ ၁၀ ရက်မှ နှစ်ပတ်အတွင်း တရားဝင် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက် အလုပ်လုပ်ကိုင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

# ဆင်းသုခမျိုးသန့်စိုက်ခင်းများ၌ မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**လှည်းကူး ဩဂုတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ခရောင်ကျေးရွာအုပ်စု တောင်သူဦးသက်နိုင်၏ ဆင်းသုခ မျိုးသန့် စိုက်ခင်း ၁၅ ဧက၌ ဩဂုတ် ၁၈ ရက်က မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းကို စာတွေ့ လက်တွေ့သင်တန်းပို့ချပြီး ကွင်းအတွင်း လက်တွေ့လုပ်ဆောင်ခဲ့သည်။

အဆိုပါကွင်း လက်တွေ့သင်တန်းသို့ မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့မှ မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် မျိုးသန့်စိုက်ပျိုးသည့် တောင်သူများ တက်ရောက်ခဲ့ပြီး မျိုးကွဲနုတ်ပယ်ခြင်းနည်းစနစ်များ၊ မြေဩဇာသုံးစွဲခြင်းနည်းစနစ်များ၊ ပေါင်းမြက်နှိမ်နင်းခြင်း နည်းစနစ်များကို ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်၊ ခရိုင်ဦးစီးမှူး ဦးမိုးခိုင်၊ တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဒေါ်မြမြဝင်း၊ တိုင်းဒေသကြီး မြေအသုံးချတာဝန်ခံ ဒေါ်ဝင်းဝင်းမိုးတို့က စာတွေ့ လက်တွေ့ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပြည်ထောင်စုတရားသူကြီးချုပ် ဗြိတိန်နိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ဗြိတိန်နိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ Lord Neuberger နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု တရားလွှတ်တော်ချုပ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးများအဆင့်ဆင့် ဖွဲ့စည်းထားကာ တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တရားစီရင်ရေးကဏ္ဍတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် တရားစီရင်ရေးဆိုင်ရာ ရာထူးများ ခန့်အပ်ထားရှိမှု၊ တရားစီရင်ရေးဆိုင်ရာ (၃)နှစ် မဟာဗျူဟာစီမံကိန်း ချမှတ်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

(မိုး/ဇလ)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-စင်ကာပူ နှစ်နိုင်ငံ အထိမ်းအမှတ်တေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်အားပေး

**နေပြည်တော် ဩဂုတ် ၂၂**

မြန်မာ-စင်ကာပူ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု နှစ် (၅၀) ပြည့် အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းဗဟိုဌာန MICC (II) တွင်ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အားပေးသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်စ်ချွာနှင့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂီတအဖွဲ့မှ နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် ဂုဏ်ပြုတီးမှုတ်ကြပြီး စင်ကာပူနိုင်ငံ YONG SIEW TOH ဂီတသင်တန်းကျောင်းမှ ဂီတပညာရှင်များ၊ ရန်ကုန်မြို့ရှိ Attachment of Clouds (AOC) မှ ဂီတပညာရှင်များနှင့် ဆိုင်းဝိုင်းပညာရှင်တို့မှ ဂန္ထဝင်ဂီတများ၊ မြန်မာနှင့်စင်ကာပူ တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စင်ကာပူနိုင်ငံ YONG SIEW TOH ဂီတသင်တန်းကျောင်းမှ ဂီတပညာရှင်များအား ဂုဏ်ပြုပန်းစည်းပေးအပ်သည်။ **(သတင်းစဉ်)**




# ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဗြိတိန်နိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် ဗြိတိန်နိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ Lord Neuberger ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (I-1) ဧည့်ခန်းမ၌ တွေ့ဆုံသည်။ အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးမြသိန်း၊ ဦးမြင့်နိုင်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ဗြိတိန်နိုင်ငံမှ ဥပဒေပညာသင်ဆုများပေးအပ်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဗြိတိန်နိုင်ငံတရားလွှတ်တော်ဥက္ကဋ္ဌ Lord Neuberger နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပါဝင်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့တွင် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ဥပဒေပညာသင်ကြားရေးနှင့် ပညာသင်ဆုများအတွက် ဗြိတိန်နိုင်ငံမှ ကူညီပံ့ပိုးပေးနိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ဥပဒေရေးရာအတွေ့အကြုံများ ဆွေးနွေးဖလှယ်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဒေါ်ခင်ချိုအုန်းနှင့် ဦးအောင်နိုင်တို့ တက်ရောက်ကြသည်။
**(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အစည်းအဝေးကျင်းပရေး ပူးတွဲကော်မတီစည်းဝေး

ရန်ကုန် ဩဂုတ် ၂၂

**နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် "(Framework for Political Dialogue)" ပြန်လည်သုံးသပ်ခြင်းကို အစိုးရ၊ နိုင်ငံရေးပါတီ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများပါဝင်သည့် သုံးပွင့်ဆိုင် ကိုယ်စားလှယ်များဖြင့် ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ပြုလုပ်ခဲ့ပြီး မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ပထမအကြိမ် အစည်းအဝေးကျင်းပရေးပူးတွဲကော်မတီ၏အစည်းအဝေးကို NRPC ၌ ဆက်လက်ပြုလုပ်ခဲ့သည်။**

နံနက်ပိုင်း နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (Framework for Political Dialogue) ပြန်လည်သုံးသပ်ရာတွင် မူဘောင်တွင်ပါဝင်သည့် အခန်းတစ်၊ အခန်းနှစ်၊ အခန်းလေးတို့အတွက် စကားလုံးအထားအသို အသုံးအနှုန်းများအား သုံးသပ်ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံပြီးဆုံးပါက မူဘောင်ဆိုင်ရာ ပြန်လည်သုံးသပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**"စကားလုံး အထားအသို အသုံးအနှုန်းလေး ဖြည့်စွက်တာပါ။ အချောတော့ မဟုတ်သေးဘူး။ မနက်တစ်ပိုင်းတည်းဆိုတော့ မပြတ်သေးပါဘူး။ ညီလာခံပြီးမှပဲ အကြမ်းဖျင်း ပြန်လည်သုံးသပ်မှုတွေလုပ်မယ်"** ဟု UNFC ၏ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation -DPN) ခေါင်းဆောင် ခူဦးရယ်က နံနက်ပိုင်းတွင်ပြုလုပ်သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးနှင့်ပတ်သက်၍ ပြောသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ပထမအကြိမ် အစည်းအဝေးကျင်းပရေး ပူးတွဲကော်မတီအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ပထမအကြိမ် အစည်းအဝေးကျင်းပရေး ပူးတွဲကော်မတီနှင့် ကော်မတီဖွဲ့စည်းပုံ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ၏လုပ်ငန်းကော်မတီ ၁၀ ခုအတွက် လူစာရင်း၊ သဘာပတိအဖွဲ့၊ ညီလာခံတက်ရောက်မည့်သူများစာရင်း၊ နေ့အလိုက် ဆွေးနွေးမည့်အစီအစဉ်များနှင့် အထွေထွေတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

UPDJC အတွင်းရေးမှူးဖြစ်သူ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက "ဩဂုတ် ၂၁ ရက်နဲ့ ၂၂ ရက်မှာကျင်းပတဲ့ အစည်းအဝေးက လုပ်ငန်းနှစ်ခုကို ပူးတွဲတဲ့အစည်းအဝေးပါ။ နံပါတ်တစ်ကတော့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို ပြန်လည်သုံးသပ်တာ ဖြစ်ပါတယ်။ နံပါတ်နှစ်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ပထမအကြိမ် ကျင်းပရေးအတွက် ပြင်ဆင်တဲ့အစည်းအဝေးပါ။ ဦးစားပေးလုပ်တာကတော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ပထမအကြိမ်အတွက် ပြင်ဆင်မှုတွေ အများကြီးလုပ်ပါတယ်။ အဲ့ဒီအထဲမှာ သက်ဆိုင်ရာအစုအဖွဲ့အသီးသီးကနေ တက်ရောက်လာမယ့် ကိုယ်စားလှယ်စာရင်းတွေကို ကျွန်တော်တို့ ပြုစုတယ်။ ပြီးတော့ လေ့လာသူအဖြစ်နဲ့ပါလာမယ့် နိုင်ငံတကာအဖွဲ့အစည်းတွေ၊ သံတမန်တွေ၊ CSO (အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ)၊ ဖိတ်ကြားရမယ့် ပုဂ္ဂိုလ်စာရင်းတွေကို ကျွန်တော်တို့ ပြုစုတယ်။ ပြီးတော့ အစုအဖွဲ့အသီးသီးက တက်ရောက်လာမယ့် ဘယ်နှဖွဲ့က ဘယ်နှစုက စကားပြောမယ်ဆိုတာတွေ ပြုစုတယ်။ အဘက်ဘက်ကနေပြီးတော့ ပြီးပြည့်စုံမှုရှိအောင် ကျွန်တော်တို့အနေနဲ့ ဘက်ပေါင်းစုံကနေ ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ ကျင်းပရေးကော်မတီ၏ ပူးတွဲကော်မတီများတွင် အစိုးရဘက်မှ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဒုတိယဥက္ကဋ္ဌများအဖြစ် အစိုးရဘက်တွင် ဒေါက်တာတင်မျိုးဝင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဘက်တွင် ပဒိုစောကွယ်ထူးဝင်းနှင့် နိုင်ငံရေးပါတီဘက်တွင် ဦးသုဝေတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာအနေဖြင့် မြန်မာနိုင်ငံရှိ သံရုံးများ၊ ကမ္ဘာ့ကုလသမဂ္ဂ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အထောက်အကူပေးသည့် နိုင်ငံတကာအဖွဲ့အစည်းအားလုံးကို ဖိတ်ကြားသွားမည်ဖြစ်ပြီး လူပေါင်း ၁၈၀၀ ခန့်အထိ ဖိတ်ကြားသွားမည်ဟု သိရသည်။

ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "DPN အဖွဲ့တွေက ကျင်းပရေးဗဟိုကော်မတီဝင်မှာ အတွင်းရေးမှူးအဖြစ် တစ်ယောက်ပါဖို့၊ နောက်လုပ်ငန်းကော်မတီမှာလည်း



စိုင်းကျော်ညွန့်
UPDJC
အတွင်းရေးမှူး

အတွင်းရေးမှူးတစ်ဦးပါဖို့ လျာထားပါတယ်။ ဆပ်ကော်မတီရဲ့ လုပ်ငန်း ၁၀ ခုမှာလည်း အားလုံးပါဖို့ နေရာတွေ စီစဉ်ထားပါတယ်။ ဒီမှာရောက်နေတဲ့အဖွဲ့တွေက ချင်းမိုင်မှာရှိနေတဲ့ အဖွဲ့တွေနဲ့ ဆက်သွယ်ရာမှာ အခက်အခဲရှိနေတဲ့အတွက် အမည်စာရင်းမပေးနိုင်သေးပါဘူး။ ၂၈ ရက်မှာကျင်းပမယ့် အစည်းအဝေး မတိုင်ခင်မှာတော့ ပေးမယ်လို့ ပြောပါတယ်" ဟု ပြောသည်။

ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း မြန်မာနိုင်ငံသို့လာရောက်၍ ညီလာခံတက်ရောက်မည့်ကိစ္စရပ်နှင့်ပတ်သက်၍ UPDJC အတွင်းရေးမှူး စိုင်းကျော်ညွန့်က

"ဘန်ကီမွန်းက လာမယ်။ ကုလသမဂ္ဂကို ကိုယ်စားပြုလာမှာပေါ့။ အတိအကျ Confirm တော့ ကျွန်တော် မပြောနိုင်ပါဘူး။ သူက ဩဂုတ် ၃၁ ရက် ဒါမှမဟုတ် စက်တင်ဘာ ၁ ရက်တွင် ညီလာခံကိုလာပြီး မိန့်ခွန်းပြောမယ့် ပုံစံမျိုးတော့ စဉ်းစားချက်ရှိတယ်။ လာမယ်ဆိုရင် အစိုးရဘက်က အမှာစကားပြောပေးဖို့ အစီအစဉ်ရှိတယ်" ဟု ပြောသည်။

"ညီလာခံကျင်းပဖို့အတွက် အစိုးရကနေ ဖွဲ့စည်းထားတဲ့ ဆပ်ကော်မတီ ၁၀ ခုရှိပါတယ်။ ဆပ်ကော်မတီ ၁၀ ခုက တာဝန်ရှိသူတွေနဲ့ ပူးတွဲကျင်းပရေးကော်မတီအောက်မှာ အလုပ်လုပ်ဖို့အတွက် ဖွဲ့စည်းပေးထားတဲ့ ၁၀ ဦး ကော်မတီ

ဒေါက်တာ
ဆလိုင်းလျန်
မှုန်းဆာခေါင်း
UPDJC
အတွင်းရေးမှူး




ရှိပါတယ်။ ဩဂုတ် ၂၇ ရက်မှာ သူတို့နဲ့ တွေ့ဆုံပါမယ်။ ၂၈ ရက်မှာလည်း အဲဒီအတိုင်းပါပဲ။ အဲဒီမှာ အသေးစိတ်ဆွေးနွေးပြီးတော့ ၂၉ ရက်မှာ ဒီလိုမျိုး စုံညီအစည်းအဝေး ထပ်ခေါ်မယ်။ အတည်ပြုဖို့အတွက်ပါ။ ၄၈ ဦးပါတဲ့ ညီလာခံကျင်းပရေးကော်မတီပေါ့" ဟု စိုင်းကျော်ညွန့်က ညီလာခံပူးတွဲကျင်းပရေးကော်မတီက ညီလာခံမကျင်းပမီ ဆောင်ရွက်သွားမည့် အခြေအနေအား ဆက်လက်ရှင်းပြသည်။

အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန NRPC မှ အနိုင်မရသည့် နိုင်ငံရေးပါတီ ၇၀ အား ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီတွင် ညီလာခံသို့ ကိုယ်စားလှယ်များ တက်ရောက်ရန်ကိစ္စရပ်များအတွက် ရန်ကုန်မြို့ ရွှေလီလမ်းရှိ NRPC တွင်တွေ့ဆုံရန် ဖိတ်ကြားထားကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်- ဓာတ်ပုံ-ဖိုးထောင်**

☆ *ကျောဖုံးမှ*

"မိမိလက်နက်ကို ခင်မင်မြတ်နိုးပါ"ဆိုသည့် စစ်သည်တော် ကျင့်ဝတ်နှင့်အညီ လေယာဉ်များအား စည်းကမ်းစနစ်ကျနစွာဖြင့် ထိန်းသိမ်းကိုင်တွယ်အသုံးပြုကြရန်လိုကြောင်း မှာကြားသည်။

စစ်ဦးစီးအရာရှိချုပ်(လေ)ဗိုလ်ချုပ်မောင်မောင်ကျော်က လေယာဉ်များအား တပ်တော်ဝင်အဖြစ်ကြေညာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က လေယာဉ်များ တပ်တော်ဝင် အခမ်းအနားအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်သည်။

လေယာဉ်များ တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ်အဖြစ် လေယာဉ်နှင့် ရဟတ်ယာဉ်များ သရုပ်ပြပျံသန်းအလေးပြုရာ ပထမဦးစွာ ရဟတ်ယာဉ်သုံးစင်း၊ သယ်ယူပို့ဆောင်ရေးလေယာဉ်သုံးစင်းနှင့် အမောင်းသင်လေယာဉ် ခုနစ်စင်းတို့က အုပ်ဖွဲ့ပျံသန်းကာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုကြသည်။

ယင်းနောက် ဂျက်တိုက်လေယာဉ်သုံးစင်းက အုပ်ဖွဲ့လျက် Fly Past ဖြင့် ပျံသန်း အလေးပြုခြင်း၊ Maximum Banking Turn ခေါ် တိမ်းစောင်းဒီဂရီအများဆုံးဖြင့် ကွေ့ပတ်ပျံသန်းသရုပ်ပြခြင်း၊ Formation Aileron Roll ခေါ် သုံးစင်းတွဲလျက် တစ်ပြိုင်တည်း ဘေးလိမ့်ကျွမ်းထိုးသရုပ်ပြခြင်း၊ Fan Break ခေါ် သုံးစင်းတွဲလျက်မှ ယပ်တောင်ပုံသဏ္ဌာန်ခွဲထွက်သရုပ်ပြ ပျံသန်းကြသည်။

အမောင်းသင်လေယာဉ် ခုနစ်စင်းအုပ်ဖွဲ့က Fan Break ခေါ် ခုနစ်စင်းတွဲလျက်မှ ယပ်တောင်ပုံသဏ္ဌာန်ခွဲထွက်သရုပ်ပြခြင်း၊ Element Cross ခေါ် အုပ်ဖွဲ့ခွဲများ အရပ်မျက်နှာအသီးသီးမှ ဝင်ရောက်လာပြီး လေယာဉ်ပြေးလမ်းကောင်းကင်ယံထက်တွင် အချိန်ကိုက်ပျံသန်းအလေးပြုခြင်း၊ အမောင်းသင်လေယာဉ် ပထမနှစ်စင်းအုပ်ဖွဲ့က Maximum Banking Turn ခေါ် တိမ်းစောင်း ဒီဂရီအများဆုံးဖြင့် ကွေ့ပတ်ပျံသန်းသရုပ်ပြခြင်း၊ အမောင်းသင်လေယာဉ် ဒုတိယနှစ်စင်း အုပ်ဖွဲ့နှင့် တတိယနှစ်စင်းအုပ်ဖွဲ့တို့က Chandelle ခေါ် လေယာဉ်ကို အမြင့်သို့တက်လျက် တိမ်းစောင်း ဒီဂရီအများဆုံးဖြင့်ကွေ့၍ အသီးသီး ပျံသန်းသရုပ်ပြကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သရုပ်ပြပျံသန်းမှုတွင် ပါဝင်ခဲ့ကြသောလေသူရဲများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယနေ့တပ်တော်ဝင်သည့် Y-8F လေယာဉ်သည် အင်ဂျင်လေးလုံးတပ် အလတ်စား သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြစ်ပြီး ခရီးသည်သယ်ယူပို့ဆောင်ခြင်း၊ လူနာသယ်ဆောင်ခြင်း၊ တပ်ဖွဲ့များရွှေ့ပြောင်းခြင်း၊ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ခြင်း၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် မျက်မြင်ကင်းထောက်ခြင်းတာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်သည်။ Grob လေယာဉ်သည် အင်ဂျင်တစ်လုံးတပ် ခေတ်မီအမောင်းသင်လေယာဉ်ဖြစ်သည့်အပြင် ကမ္ဘာ့နိုင်ငံများတွင်လည်း အမောင်းသင်လေယာဉ်အဖြစ် အသုံးပြုနေကြသည့်အတွက် မိမိတပ်မတော်အနေဖြင့် ခေတ်မီအဆင့်မြင့်လေ့ကျင့်ရေးလေယာဉ်များ အသုံးပြုလေ့ကျင့်နိုင်မည်ဖြစ်၍ အဆိုပါလေယာဉ်များသည် နိုင်ငံတော်မှ တပ်မတော်အတွက် များစွာ အကျိုးရှိစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က တပ်တော်ဝင်အထိမ်းအမှတ် လက်ဆောင်ပေးအပ်စဉ်** (မြဝတီ)

❐ *ကျောဖုံးမှ*

(၈) ကြိမ်မြောက် Singha-SAT Thai LPGA Championship presented by Toyota ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အဆင့်(၃) ရရှိခဲ့သည်။ ယဉ်မေမျိုးသည် ပြိုင်ပွဲသုံးရက်ပေါင်းတွင် သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ခဲ့ပြီး ယင်းပြိုင်ပွဲကို ပရော်ဖက်ရှင်နယ်ဂေါက်သီးကစားသမားများ ယှဉ်ပြိုင်ခဲ့သည်။ ယဉ်မေမျိုးသည် လက်ရှိမြန်မာဂေါက်သီးလောက၏ တစ်ဦးတည်းသော ပရော်ဖက်ရှင်နယ် အမျိုးသမီးဂေါက်သီးကစားသမားဖြစ်ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှယနေ့အထိ ပြိုင်ပွဲများစွာယှဉ်ပြိုင်ခဲ့ရာ ဆုကြေးငွေများ ရရှိထားကြောင်း သိရသည်။ **ဖိုးသော်ဇင်**




# ကျောင်းသားလူငယ်နှင့် တက္ကသိုလ်ပညာရေးလွတ်လပ်ခွင့်စကားဝိုင်း ဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၂**

ကျောင်းသားလူငယ်နှင့် တက္ကသိုလ်ပညာရေးလွတ်လပ်ခွင့် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ညနေ ၃ နာရီက ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ကိုဂျင်မီ(၈၈ မျိုးဆက်-ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)၊ ဆရာစောမျိုးမင်းသူ(ခ) ကိုစောကပီး၊ ကိုစည်သူမောင်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။ တက္ကသိုလ်များတွင် ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိရန် လိုအပ်ချက်များအကြောင်း၊ စာသင်ခန်းအတွင်း ကျောင်းသား၊ ဆရာ အပြန်အလှန် ဆက်သွယ်ဆွေးနွေးပိုင်ခွင့်အကြောင်းနှင့် နိုင်ငံတကာတက္ကသိုလ်များတွင် ပညာရေးဆိုင်ရာ လွတ်လပ်ခွင့်ကျင့်သုံးပုံများအကြောင်းတို့ကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

စကားဝိုင်းဆွေးနွေးပွဲနှင့် ပတ်သက်၍ ကိုဂျင်မီ(၈၈ မျိုးဆက်- ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း)က "ကျောင်းသားတွေ ပညာရေးမှာ မေးခွန်းထုတ်တဲ့ အလေ့အကျင့်တွေ ပျောက်သွားတယ်။ အမိန့်ပေးစနစ်အောက်မှာ ပိပြားသွားတဲ့ အခါကျတော့ တက္ကသိုလ်ကြီးထဲမှာ အမိန့်ပေးစနစ်က ရှင်သန်ပြီးတော့ မေးခွန်းထုတ်တဲ့ ယဉ်ကျေးမှု၊ ဆွေးနွေးတဲ့ယဉ်ကျေးမှုတွေ ပျောက်ဆုံးသွားတယ်။ ဒါဟာပညာရေးရဲ့ အဓိကနစ်နာချက်ပဲ။ အဲဒီအချက်နှစ်ချက်ကို တက္ကသိုလ်ထဲမှာ ပြန်ပြီးဖော်ဆောင်နိုင်ဖို့ ကျွန်တော်တို့ ကြိုးစားမှာပါ။ နံပါတ်တစ်ကတော့ လုံခြုံရေးပေါ့။ ကျောင်းသားတွေ နိုင်ငံရေးနဲ့ ပတ်သက်မှုရှိသလားဆိုတဲ့ လုံခြုံရေးအမြင်ပေါ့။ အဲဒါတွေ လျှော့ပါးသွားအောင် လုပ်ရမယ်။ ဒုတိယအချက်ကတော့ ကျောင်းသားတွေကြားထဲမှာ တွေ့ဆုံဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ့။ ဆရာနဲ့ကျောင်းသားတွေ ကြားထဲမှာလည်း တွေ့ဆုံဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ့။ အဲဒီနှစ်ခုကောင်းလာရင်တော့ ကျောင်းက ပြန်ပြီးရှင်သန်လာမှာပါ"ဟု ပြောကြားခဲ့သည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲကို ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂမှ စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြသည်။

**သတင်း-ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဒုဋ္ဌဝတီမြစ်ရေစိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၂**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(မြန်မာ့အလင်း)**

# ဆံတော်ရှင်ကျိုက်သုတ်စေတီတော် ဆေးပဌာန်းပူဇော်ပွဲ ကျင်းပမည်

**မုဒုံ ဩဂုတ် ၂၂**

မွန်ပြည်နယ် မော်လမြိုင်မြို့၏ ကျက်သရေဆောင် ဆံတော်ရှင်ကျိုက်သုတ်စေတီတော်မြတ် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၃၁)ကြိမ်မြောက် ဆေးပဌာန်း ပူဇော်ပွဲကို ၁၃၇၈ ခုနှစ် ဝါခေါင်လကွယ်(စက်တင်ဘာ ၁ ရက် ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီတွင် ကျိုက်သုတ်စေတီတော်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆေးပဌာန်းပူဇော်ပွဲတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၁၄ ကျောင်းနှင့် သီလရှင်စာသင်တိုက်ခြောက်တိုက်တို့မှ ပဓာန နာယကဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများထံ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန် တိုင်းရင်းဆေးများ၊ နိုင်ငံခြားဆေးများဖြင့် အာယုဒါနဆေးအလှူတော်များ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **ကိုချစ်**

# လူကုန်ကူး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ပဲခူးမြို့၌ ကျင်းပ

**ပဲခူး ဩဂုတ် ၂၂**

လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါး ကာကွယ်အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ပဲခူးမြို့ရွှေမော်ဓောဘုရားလမ်း အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ကျင်းပရာ အမှတ်(၁)နှင့် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ခန်းလုံးပြည့် တက်ရောက်ကြသည်။

ဟောပြောပွဲတွင် လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေး ပဲခူးတိုင်းဒေသကြီး ဌာနစုတာဝန်ခံရဲမှူး အောင်စိုး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ တိုင်းဒေသကြီးဌာနစုမှ ရဲအုပ်ထွန်းအောင်သိန်းနှင့်စာရေးဆရာ၊ သတင်းစာဆရာ၊ တရားလွှတ်တော်ရှေ့နေ ဦးစိန်လှိုင်ဗိုလ်တို့က ကျောင်းသားလူငယ်များ၊ သိသင့်သိထိုက်သောလူကုန်ကူးမှု မူးယစ်ဆေးဝါးနှင့် လူငယ်တို့၏ အနာဂတ်နိုင်ငံတော်အကြောင်းကို ရှင်းလင်းဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းနုက ဟောပြော ကြသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

# ဟုမ္မလင်း-ကက်သာ ချင်းတွင်းမြစ်ကူးတံတား ပန္နက်တင်မင်္ဂလာကျင်းပ

**ခန္တီး ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နှင့် ကက်သာရွာကို ဆက်သွယ်ဆောက်လုပ်မည့် ချင်းတွင်းမြစ်ကူးတံတား (ဟုမ္မလင်း) ပန္နက်တော်ဝင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၈ နာရီက ဟုမ္မလင်းမြို့မန်မော်ရပ် မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။ **(ယာပုံ)**

မင်္ဂလာအချိန်တွင် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်မွှေးမွှေးခင်က H(1) တံတားတိုင်အမှတ်(၁)နေရာအား ပန္နက်တိုင်လေးတိုင်ကို ရိုက်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးလွင်နှင့် တာဝန်ရှိသူများက ပန္နက်တိုင်များကို အမွှေးနံ့သာများပက်ဖျန်းပေးပြီး စက်ယန္တရားများဖြင့် H(1) တံတားတိုင်ကို စတင်ဆောက်လုပ်ခြင်းကိုဆောင်ရွက်ခဲ့သည်။

အဆိုပါ ချင်းတွင်းမြစ်ကူးတံတား(ဟုမ္မလင်း)သည် ချင်းတွင်းမြစ်အရှေ့ဘက် ဟုမ္မလင်းဘက်ခြမ်း(မန်မော်)နှင့် ချင်းတွင်းမြစ်အနောက်ဘက်ခြမ်း (ကက်သာရွာ)တို့ကို ဆက်သွယ်တည်ဆောက်မည့် တံတားဖြစ်ပြီး ဟုမ္မလင်းဘက်ခြမ်းတွင် ချဉ်းကပ်တံတားသည် ပေ ၉၀ ၊ ကက်သာဘက်ခြမ်းတွင်လည်း ချဉ်းကပ်တံတားသည် ပေ ၉၀ အရှည်စီရှိကြပြီး ပင်မတံတား အရှည်မှာ ၁၂၀ မီတာဖြစ်ကြောင်း သိရသည်။



**စန်းလွင်ဦး (ပြန်/ဆက်)၊ ဓာတ်ပုံ-လင်းလင်း( ပြန်/ဆက်)**

# နည်းဥပဒေများကို ထုတ်ပြန်ရာတွင် နည်းဥပဒေထုတ်ပြန်သည့်ပုံစံ Format ၌ ထုတ်ပြန်သည့် သက်ဆိုင်ရာအဖွဲ့အစည်း၏ အမိန့်ကြော်ငြာစာအမှတ်များတပ်၍ ထုတ်ပြန်နေခြင်းကိစ္စ

**ဆောင်းပါးရှင်- ဦးညီညီ၊ ဦးကျော်ဆန်း**

**ဦးညီညီ** ။ လာ ကိုကျော်ဆန်း ထိုင်။ ရေနွေးသောက်ရင်း စကားမပြောရတာ ကြာပြီ။

**ဦးကျော်ဆန်း** ။ ဟုတ်ကဲ့ ဆရာရေ။ ကျွန်တော်လည်း ဒီနေ့ ဆရာ့ဆီကိုလာတာ ကျွန်တော့်စိတ်ထဲ ဘဝင်မကျတဲ့ ဥပဒေကိစ္စရပ်လေးတစ်ခုကို လာရောက်တင်ပြဆွေးနွေးချင်လို့ လာရင်းဖြစ်ပါတယ်။ ဆရာတို့ ကျွန်တော်တို့က ဥပဒေတွေ နည်းဥပဒေတွေနဲ့ အမြဲထိစပ်နေဖို့လိုတဲ့ လူတွေဖြစ်လို့ ဥပဒေပြုအဖွဲ့တွေက ပြဋ္ဌာန်းတဲ့ ဥပဒေတွေနဲ့ ဒီဥပဒေတွေက အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်အရဆိုင်ရာ အဖွဲ့အစည်းတွေက ထုတ်ပြန်တဲ့နည်းဥပဒေတွေ စည်းမျဉ်းစည်းကမ်းတွေ၊ အမိန့်ကြော်ငြာစာတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ဖတ်ရှုနေကြရပါတယ်။

**ဦးညီညီ** ။ ဒါပေ့ါဗျာ။ ဥပဒေဆိုတဲ့နေရာမှာ ဥပဒေဆိုတဲ့ ဝေါဟာရ အနက်အဓိပ္ပာယ်ထဲမှာ အကျုံးဝင်တဲ့ အရာအားလုံးဟာ အသီးသီး သူ့အဆင့်အတန်းနဲ့သူ ဥပဒေအာနိသင်ရှိကြတာမို့ ကျွန်တော်တို့ ဖတ်ကြရမယ်၊ သိကြရမယ်။ ဒီနေရာမယ် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ၄၅၃ မှာ ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေရဲ့အရေးပါပုံကို ခင်ဗျားသိပြီး ဖြစ်ပါတယ်။

**ဦးကျော်ဆန်း** ။ ဟုတ်တယ် ဆရာ။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၄၅၃-တွင်

"ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါစကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးကို ကိုးကားရမည်" လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ဆရာ။ Umbrella Law ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာမှာ ကိုးကားရမှာဖြစ်တဲ့အတွက် ဥပဒေပြုအာဏာပိုင်က ပြဋ္ဌာန်းတဲ့ဥပဒေတွေ၊ ယင်းဥပဒေများက အခွင့်အာဏာအပ်နှင်း၍ ထုတ်ပြန်တဲ့ တစ်ဆင့်ခံဥပဒေများ(Subordinate Laws) ဖြစ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများတွေနဲ့ပတ်သက်လာရင်လည်း **၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေ အခန်း(၂)** အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး လမ်းညွှန်များကို Guideline အဖြစ် ဆောင်ရွက်ရမှာဖြစ်တယ်လို့ နားလည်ပါတယ်ဆရာ။

**ဦးညီညီ** ။ **ဒီနေရာမှာ** အလျဉ်းသင့်လို့ပြောရရင် ဥပဒေပြုအာဏာပိုင်ရဲ့အရေးပါမှုဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၇ မှာ ကြည့်ရင် တွေ့နိုင်တယ်။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို-

(က) **အနီးကပ်ဆုံး** ကျင်းပသော ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေရမည်၊

(ခ) နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို ပယ်ဖျက်ရန်၊ ဖြန့်ဝေတင်ပြသော နေ့ရက်မှ **ရက်ပေါင်း ၉၀ အတွင်း** လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်ဟု ဒီပုဒ်မမှာ ပြဋ္ဌာန်းထားတာ တွေ့ရတယ်။

**ဦးညီညီ** ။ ဒ့ါအပြင် အခြေခံဥပဒေ ဇယား ၂ တွင်ဖော်ပြထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသအတွက် အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိကြောင်း အခြေခံဥပဒေ ပုဒ်မ ၁၈၈ တွင် ပြဋ္ဌာန်းထားပြီး၊ ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ စည်းမျဉ်းနှင့် စည်းကမ်းများ ထုတ်ပြန်ခွင့်ကို ယင်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်း၍ အပ်နှင်းနိုင်ကြောင်း အခြေခံဥပဒေ ပုဒ်မ ၁၉၉ (က) (ခ) နှင့် ၁၉၉ (က) (၂) တွင် ပြဋ္ဌာန်းထားတာ တွေ့ရတယ်။

**ဦးညီညီ** ။ ဒီနေရာမှာ ထူးခြားတာကတော့ အခြေခံဥပဒေပုဒ်မ ၁၉၉(ခ)တွင် "ဥပဒေတစ်ရပ်ရပ်က အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိစေရမည်လို့ ပြဋ္ဌာန်းထားတာတွေ့ရတဲ့အတွက် ခင်ဗျားပြောတဲ့ Umbrella Law ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ Mother Law ဖြစ်တဲ့ ပြဋ္ဌာန်းဥပဒေတွေနဲ့ ဒီဥပဒေတွေအသီးသီးက အပ်နှင်းသော လုပ်ပိုင်ခွင့်အရ သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးက ထုတ်ပြန်တဲ့ ခင်ဗျား စောစောကပြောတဲ့ Subordinate Laws တစ်ဆင့်ခံဥပဒေများဖြစ်တဲ့ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများ စတဲ့ အဆင့်ဆင့် Legal Status and Legal Binding မတူညီတဲ့ Subordinate Laws အားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရမှာ ဖြစ်ပါတယ်။

**ဦးကျော်ဆန်း** ။ ဟုတ်ကဲ့ပါဆရာ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ Umbrella Law ဖြစ်သော်လည်း စကားရပ်အနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေကိုလည်း Guideline အဖြစ် ရည်ညွှန်းရန် ပြဋ္ဌာန်းထားပြီးဖြစ်၍ hierarchy of law ကို ၁၉၇၃ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေတွင် ပုဒ်မ ၅ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၅)တွင် ပုဒ်မပါ ဝေါဟာရအနက်အဓိပ္ပာယ်ပါ အင်္ဂလိပ်နှင့်အညီ ကောက်ယူရမယ်ဟု ယူဆပါတယ်ဆရာ။ ဒါပေမယ့် အခြေခံဥပဒေပါ ဥပဒေ၏ hierarchy of law ပြည်ထောင်စုလွှတ်တော်က ပြုလုပ်သော ဥပဒေ၊ ယင်းဥပဒေအရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းဟု ဖော်ပြသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များမှ ပြဋ္ဌာန်းသော ဥပဒေ၊ ယင်းဥပဒေအရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းဟူ၍ အဆင့်အလိုက် စဉ်ပါတယ်။ ယင်းတို့၏ အဆင့်အတန်းအလိုက်လည်း ယင်းတို့အသီးသီး၏ ဥပဒေအာနိသင်၊ ဥပဒေ အဝိုင်းအဝန်း အကျိုးသက်ရောက်မှု ကွာခြားပါတယ် ဆရာ။

**ဦးညီညီ** ။ ဟုတ်တာပေါ့ဗျာ။ ၁၉၇၃ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေတွင် ပုဒ်မ ၅ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၅)တွင် **"ဥပဒေ"** ဆိုသော စကားရပ်တွင် ဥပဒေအာဏာမတည်မီကဖြစ်စေ အာဏာတည်ပြီးနောက်ဖြစ်စေ ဥပဒေပြုအာဏာပိုင်တစ်ရပ်ရပ်က ပြဋ္ဌာန်းထားသည့်ဥပဒေ၊ အက်ဥပဒေ၊ တစ်ချက်လွှတ်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်အပြင် ဥပဒေကဲ့သို့ အာဏာတည်သော ဓလေ့ထုံးတမ်းများလည်း ပါဝင်သည်ဟု ပြဋ္ဌာန်းထားပါသည်။ ဒါကြောင့် ဥပဒေပြု အာဏာပိုင်ကပြဋ္ဌာန်းသော ဥပဒေ law , Act ( Act of Parliament) သည် အမြင့်ဆုံးဖြစ်ပြီး Ordinance တစ်ချက်လွှတ်ဥပဒေ (ခ) ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်သည် ဒုတိယအမြင့်ဆုံးဖြစ်ပါတယ်။ အဲဒီထုတ်ပြန်ပိုင်ခွင့်ကို ၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတအား အပ်နှင်းထားပါတယ်။ ဒီနေရာမှာ နိုင်ငံတော်သမ္မတကို Subordinate Legislature အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ဖော်ပြပါကိစ္စရပ် အလို့ငှာသာ အပ်နှင်းထားပါတယ်။ သို့ရာတွင် အနီးဆုံးပြည်ထောင်စုလွှတ်တော် သို့မဟုတ် အရေးပေါ်ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရပါတယ်။ ဒါကြောင့် hierarchy of law တတိယအဆင့်တွင် နည်းဥပဒေ တည်ရှိနေပါတယ်။

**ဦးကျော်ဆန်း** ။ ဟုတ်ကဲ့ပါဆရာ။ ဒါကြောင့် ကျွန်တော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေတို့

> **ပုဒ်မ ၅ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၈)တွင် "အမိန့်ကြော်ငြာစာ" ဆိုသော စကားရပ်တွင် ပြန်တမ်းတွင်ပါဝင်သော အမိန့်ကို ဆိုသည်ဟု ဖွင့်ဆိုထား၍ ပြန်တမ်းတွေမှာ အမိန့်ကြော်ငြာစာ၊ အမိန့်များအမျိုးမျိုးရှိရာ ပြန်တမ်းတွင်ဖော်ပြရန်လိုသော ညွှန်ကြားထားသော အုပ်ချုပ်ရေးဆိုင်ရာ အမိန့်ကြော်ငြာစာကိုဆိုလိုကြောင်း နားလည်သဘောပေါက်ပါသည်။ ဥပမာ ပြန်တမ်းဝင်အရာရှိမှအစပြု၍ အထက်အဆင့်ရှိပုဂ္ဂိုလ်များ၏ ရာထူးခန့်ထားအမိန့်၊ ရာထူးမှချထားသည့်အမိန့်၊ ရာထူးမှ ရပ်စဲသည့်အမိန့်၊ ရာထူးမှထုတ်ပစ်သည့် အမိန့်/ထုတ်ပယ်သည့်အမိန့်၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းမိန့်နှင့် လုပ်ငန်းတာဝန်များကိုဖော်ပြသော အမိန့်ကြော်ငြာစာ စသည်တို့ကို လေ့လာတွေ့ရှိရ**

ကို ပူးတွဲ၍ hierarchy of law ကိုလေ့လာကြည့်ပါတယ်။ hierarchy of law အရ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ပြန်တမ်းတို့ကို သီးခြားစီ ပုဒ်မခွဲငယ်အလိုက် အနက်အဓိပ္ပာယ် ဖွင့်ဆိုထားတာ တွေ့ရပါတယ်။

"၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေပုဒ်မ ၅ ပုဒ်မခွဲငယ်(၆)တွင် **"နည်းဥပဒေ"** ဆိုသော စကားရပ်တွင် ဥပဒေတစ်ရပ်ရပ်ဖြင့် အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကိုသုံးနိုင်၍ ပြုလုပ်သော နည်းဥပဒေနှင့် ဥပဒေတစ်ရပ်ရပ်အရ နည်းဥပဒေအဖြစ်ဖြင့် ပြုသော စည်းမျဉ်းဥပဒေပါဝင်သည်ဟု ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

"ယင်းနောက်တွင်မှ ပုဒ်မ ၅ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၇)တွင် **"စည်းကမ်းဥပဒေ"** ဆိုသောစကားရပ်တွင် ဥပဒေတစ်ရပ်ရပ်ဖြင့် အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကို သုံးစွဲ၍ပြုလုပ်ရသော စည်းကမ်းဥပဒေကို ဆိုလိုသည်ဟုလည်းကောင်း၊

ပုဒ်မ ၅ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၈)တွင် **"အမိန့်ကြော်ငြာစာ"** ဆိုသည်မှာ ပြန်တမ်းတွင်ပါဝင်သော အမိန့်ကိုဆိုလိုကြောင်း ပြဋ္ဌာန်းထားပါတယ်။

"ပုဒ်မ ၅ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၉) တွင် **"ပြန်တမ်း"** ဆိုသည်မှာ မြန်မာနိုင်ငံပြန်တမ်းကို ဆိုလိုသည်ဟု ပြဋ္ဌာန်းထားပါတယ်။

**ဦးကျော်ဆန်း** ။ ဆရာ ကျွန်တော် လေ့လာတွေ့ရှိရသလောက် ပုဒ်မ ၅ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၈)တွင် **"အမိန့်ကြော်ငြာစာ"** ဆိုသော စကားရပ်တွင် ပြန်တမ်းတွင်ပါဝင်သော အမိန့်ကိုဆိုသည်ဟု ဖွင့်ဆိုထား၍ ပြန်တမ်းတွေမှာ အမိန့်ကြော်ငြာစာ၊ အမိန့်များအမျိုးမျိုးရှိရာ ပြန်တမ်းတွင်ဖော်ပြရန်လိုသော ညွှန်ကြားထားသော အုပ်ချုပ်ရေးဆိုင်ရာ အမိန့်ကြော်ငြာစာကို ဆိုလိုကြောင်း နားလည်သဘောပေါက်ပါတယ်။ ဥပမာ ပြန်တမ်းဝင်အရာရှိမှ အစပြု၍ အထက်အဆင့်ရှိ ပုဂ္ဂိုလ်များ၏ ရာထူးခန့်ထားအမိန့်၊ ရာထူးမှချထားသည့်အမိန့်၊ ရာထူးမှ ရပ်စဲသည့်အမိန့်၊ ရာထူးမှ ထုတ်ပစ်သည့် အမိန့်/ထုတ်ပယ်သည့်အမိန့်၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းမိန့်နှင့် လုပ်ငန်းတာဝန်များကိုဖော်ပြသော အမိန့်ကြော်ငြာစာ စသည်တို့ကို လေ့လာတွေ့ရှိရပါတယ်။

**ဦးညီညီ** ။ မှန်တယ်လေဗျာ၊ ခင်ဗျားနဲ့ ကျွန်တော် ဆွေးနွေးနေတာ နည်းနည်းတောင် ကြာသွားပြီ။ ခင်ဗျား ဘဝင်မကျတဲ့ Legal Issue က ဘာလဲဗျ။

**ဦးကျော်ဆန်း** ။ ဆရာနဲ့ ကျွန်တော် ကနေ့ ဆွေးနွေးချက်အရ သဘောတူကြတာကတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဥပဒေပုဒ်မ ၄၅၃ အရ ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေသည် ရည်ညွှန်းကိုးကားရမည့် ဥပဒေ ဖြစ်တာကို အငြင်းမပွားပါ။ ဒီဥပဒေပါ **"ဥပဒေ"** ဆိုသော စကားရပ်တွင် ဥပဒေအာဏာမတည်မီကဖြစ်စေ အာဏာတည်ပြီးနောက်ဖြစ်စေ ဥပဒေပြုအာဏာပိုင်တစ်ရပ်ရပ်က ပြဋ္ဌာန်းထားသည့် ဥပဒေ၊ အက်ဥပဒေ၊ တစ်ချက်လွှတ်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်အပြင် ဥပဒေကဲ့သို့အာဏာတည်သော ဓလေ့ထုံးတမ်းများလည်း ပါဝင်သည်"ဟု ပြဋ္ဌာန်းထား၍ ယင်းပြဋ္ဌာန်းဥပဒေတစ်ရပ်ရပ်အရ တစ်ဆင့်ခံဥပဒေများဖြစ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းတို့ကိုထုတ်ပြန်ရန် အခွင့်အာဏာအပ်နှင်းခံရသည့် အဖွဲ့အစည်း၊ ပုဂ္ဂိုလ်အလိုက်ထုတ်ပြန်သည့် ယင်းတစ်ဆင့်ခံ ဥပဒေများ၏ **legal status များ၊ legal effect** များသည်၊ **legal hierarchy** အလိုက် မတူညီကွာခြားကြကြောင်းနှင့် အနှစ်သာရချင်းလည်း မတူညီကြောင်း ဆရာနဲ့ ကျွန်တော်တို့ သဘောတူညီကြပါတယ်။ ဒါပေမယ့် ဆရာ။ သူတို့တွေအားလုံးမှာ တူညီသော အချက်ကတော့ အများပြည်သူ သိရှိလိုက်နာရန်အလို့ငှာ (Draw to public attention) ဥပဒေ၊ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း စသည်တို့ကို မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း၍ **Publicize** ထုတ်ပြန်ပြဋ္ဌာန်းရန် လိုအပ်ချက်သည် မြန်မာနိုင်ငံ၏အင်္ဂလိပ်ဥပဒေစနစ်၏ လိုအပ်ချက်ဖြစ်တယ်လို့ ကျွန်တော်သဘောပေါက်ပါတယ်။

**ဦးညီညီ** ။ မှန်တာပေ့ါဗျာ။ ဒါပေမယ့် ခင်ဗျား ပြဿနာ မပြောသေးဘူးနော်။

**ဦးကျော်ဆန်း** ။ ကျွန်တော့် ပြဿနာရယ်လို့တော့ မပြောလိုပါဘူး ဆရာ။ ကျွန်တော် တာဝန်ရှိစဉ်ကာလက "ဒါတွေ ခင်ဗျားနဲ့မဆိုင်ဘူးလို့" အပြောခံရဖူးတဲ့အတွက် ဆိုင်သမျှတော့ ပြောခဲ့ပါတယ်။ ဒါပေမယ့် အရာမထင်ခဲ့ဘူး။ အခုတော့ လုံးဝသက်ဆိုင်နေပြီလို့ ယူဆလို့ ဆရာ့ဆီလာပြောတာပါ။

**ဦးကျော်ဆန်း** ။ ဆရာ သတိထားမိမလား မသိဘူး။ နည်းဥပဒေတွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေက အမိန့်ကြော်ငြာစာ အမှတ်စဉ်တွေတပ်ပြီး အမိန့်ကြော်ငြာစာပုံစံတွေနဲ့ နည်းဥပဒေတွေကို ထုတ်ပြန်နေကြတယ်။ ဒီတော့ ကျွန်တော် ဘဝင်မကျတာက နည်းဥပဒေဟာ နည်းဥပဒေ အာနိသင်ရှိရမယ့် ကိစ္စမှာ အမိန့်ကြော်ငြာစာပုံစံနဲ့ ထုတ်ပြန်တော့ အမိန့်ကြော်ငြာစာအဆင့်ကို ရောက်နေတယ်လို့ အင်္ဂလိပ်ဥပဒေစနစ် Common Law Legal System နိုင်ငံတွေရဲ့ဥပဒေပညာရှင်တွေကလည်း မေးခံရပါတယ်။ ဒါဟာ ခေတ်အဆက်ဆက်က အမှားတော့ မဟုတ်ပေမယ့် ဒီဘက်ခေတ်တွေမှာ မှားခဲ့ကြတယ်လို့ ကျွန်တော်လေ့လာတွေ့ရှိရပါတယ်။ လွတ်လပ်ရေးရပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကာလမှာ ထုတ်ပြန်တဲ့ ၁၉၅၅၊ ၁၉၅၆၊ ၁၉၅၇၊ ၁၉၅၈၊ ၁၉၅၉၊ ၁၉၆၀နဲ့ ၁၉၆၁ နည်းဥပဒေများကို ကြည့်လျှင် နည်းဥပဒေကို နည်းဥပဒေပုံစံဖြင့်သာ ထုတ်ပြန်ခဲ့တာတွေ့ရပါတယ်။ အချို့ကို လိုအပ်၍ အမှတ်စဉ်တပ်သော်လည်း အချို့မှာ မူလမိခင်ဥပဒေကို တည်မှီ၍ ××××××××××× နည်းဥပဒေဟုသာ ဖော်ပြတာကို တွေ့ရပါတယ်ဆရာ။ ဒီဘက်ခေတ်တွေမှာ အမိန့်ကြော်ငြာစာ အမှတ်စဉ်တွေတပ်လို့ မှားခဲ့ကြတယ်လို့ ကျွန်တော် သုံးသပ်မိပါတယ်။

**ဦးညီညီ** ။ မှန်လိုက်လေဗျာ။ ဥပဒေအာနိသင် Legal Force ကို အခြေပြုပြီး **hierarchy of law** သူ့နေရာနဲ့သူ မှန်မှန် ကန်ကန်ဖြစ်အောင် သတိထား သုံးတတ်ဖို့ လိုတယ်။ Subordinate law တွေကို ထုတ်ပြန်ရာမှာ အဓိကအချက်ကတော့ အများပြည်သူ သိရှိလိုက်နာရန်အလို့ငှာ (Draw to public attention) ဖြစ်ဖို့အတွက် ပြန်တမ်းမှာ ထုတ်ပြန်ပေးဖို့ဖြစ်တယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ယခင် ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကာလတုန်းက နိုင်ငံပိုင်သတင်းစာ မရှိခဲ့ဘူးလေ။ ပြန်တမ်းမှာ မဖြစ်မနေဖော်ပြဖို့ ဥပဒေအရ လိုအပ်ပါတယ်။ ပြန်တမ်းမှာထုတ်ပြန်တဲ့ အမှတ်စဉ်နဲ့ဖော်ပြချက်ဟာ Validity အတွက် အသက်ဖြစ်ခဲ့ရပါတယ်။ ယခုကာလမှာတော့ နိုင်ငံပိုင်သတင်းစာတွေနဲ့ ထုတ်ပြန်ပိုင်ခွင့်ရှိတဲ့ အဖွဲ့အစည်းတွေရဲ့ Website တွေမှာလည်း ထုတ်ပြန်နိုင်ပါတယ်။ ခင်ဗျားပြောတဲ့ အမှားတစ်ရပ်ဖြစ်တဲ့ နည်းဥပဒေကို အမိန့်ကြော်ငြာစာ အမှတ်စဉ်တပ်၍ ထုတ်ပြန်မှသာ Legal effect ရှိမယ်လို့ မှားယွင်းစွာယူဆပြီး ကျင့်သုံးခဲ့တယ်လို့ ထင်ပါတယ်။ ဒါဟာ သာမန်လူပြိန်းအနေဖြင့် ဘာမှ မဟုတ်သလို ထင်ရပေမယ့် **hierarchy of law ကို သူ့နေရာနဲ့သူ မှန်မှန် ကန်ကန်သုံးတတ်မှ Legal Force ကလည်း မှန်ပါမယ်။** ဒါတွေကို တာဝန်ရှိသူတွေက မှန်မှန်ကန်ကန်မြင်တတ်ဖို့၊ မှန်မှန် ကန်ကန်ပြင်တတ်ဖို့ မှန်မှန် ကန်ကန်စီစစ်တတ်ဖို့၊ အခုလို ဥပဒေအချက်အလက် အကိုးအကားနဲ့ထောက်ပြတတ်ဖို့ လိုပါတယ်ဗျာ။ ဒီထက် နက်နက်ရှိုင်းရှိုင်း ထပ်ဆွေးနွေးရင် ခက်ကုန်မယ်။ ကဲ - ဒီနေ့တော့ ခင်ဗျားလည်း ကျေနပ်လောက်ပါပြီ။ ဒီနေ့အတွက် နားကြရအောင်။

**ဦးကျော်ဆန်း** ။ အားလုံးအတွက် ကျေးဇူးအများကြီး တင်ပါတယ်ဆရာ။ နောင်ကိုလည်း လာရောက်ဆွေးနွေးမေးမြန်းခွင့်ပြုပါဆရာ။

**ဦးညီညီ** ။ ခင်ဗျားကလည်းဗျာ။ တိုင်းပြည်အတွက် အကျိုးရှိတဲ့ ဥပဒေပြဿနာ ဆွေးနွေးကြတာပဲ။ ခင်ဗျားအတွက် တံခါးအမြဲတမ်းဖွင့်ထားပါတယ်။

# ဆင်တဲပ်မြစ်ရေတင်စီမံကိန်း တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေအပေါ်မူတည်၍ အကျိုးပြုကေပြည့်မီရန် ကြိုးပမ်းသွားမည်



**နေပြည်တော် ဩဂုတ် ၂၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ **(ယာပုံ)** ရေနံချောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသာချို(ခ)ဦးတင်ကြိုင်က **ရေနံချောင်းမြို့နယ် ငွေးကုန်း - ဝက်ချုပ် - နတ်မောက် မြို့နယ်ချင်းဆက်လမ်းအား ကျောက်ချောလမ်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းမှ ကတ္တရာလမ်း၊ လမ်းဦးစီးပိုင်အဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်း နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက အဆိုပါလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိသဖြင့် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဒုတိယဝန်ကြီးက အဆိုပါလမ်းကို ကတ္တရာလမ်းခင်းပါက ငွေကျပ် ၃၀၉၃ ဒသမ ဝ၄ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် လမ်းအဖြစ်မှ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနပိုင် လမ်းအဖြစ် လွှဲပြောင်းပေးရန် ၂၀၁၆ ခုနှစ် ဇွန် ၁ ရက်ကကျင်းပသည့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးတွင် ရေနံချောင်းမြို့နှင့် နတ်မောက်မြို့ မြို့ချင်းဆက်လမ်းဖြစ်သော ငွေးကုန်း-ဝက်ချုပ် - နတ်မောက် ကျောက်ချောလမ်းအား လမ်းဦးစီးဌာနပိုင်လမ်းအဖြစ် လက်ခံရန်ဆုံးဖြတ်ခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်နိုင်ရန် ၂၀၁၆ ခုနှစ် ဇွန် ၁၃ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားထားပြီးဖြစ်သည်ဟု မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြေကြားလာပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘတ်ဂျက်လျာထား ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ လူဦးရေအချိုးအစားအရ လျာထားသည့်အပြင် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်များအားလုံးကိုလည်း ထည့်သွင်းလျာထားပါကြောင်း၊ ထို့အပြင် ကျေးရွာများ၏ လိုအပ်ချက်များအား မြို့နယ်/ခရိုင်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ တစ်ဆင့် ထောက်ခံတင်ပြလာမှုအပေါ်တွင်လည်း ဦးစားပေးအစီအစဉ်အတိုင်း ရွေးချယ်လျာထားပေးပါကြောင်း ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားသည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၏ **စစ်ကိုင်းမြို့ ဆင်တဲပ်မြစ်ရေတင်စီမံကိန်းသည် ပြည်သူ့ဘဏ္ဍာငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၀၁ သန်းနှင့် မြန်မာငွေကျပ်သန်းပေါင်း ၃၂၂၀ ဒသမ ၀၂၄ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ရခြင်း၊ မြောင်းပေါင်ပြုလုပ်ရာတွင် တောင်သူမြေများစွာပါဝင်သွားခဲ့ပြီး နှစ်ပေါင်း ၁၂ နှစ်တိုင်ခဲ့သော်လည်း စိုက်ပျိုးရေပြည့်မီအောင် မပေးနိုင်သေးခြင်းနှင့် ချထားပေးသော ရန်ပုံငွေကျပ် ၁၇၅ သန်းကို မည်သည့်လုပ်ငန်းများ ဆောင်ရွက်ထားသည်၊ ယခု အစိုးရသစ်လက်ထက်တွင် သတ်မှတ်ခဲ့သောစီမံကိန်းအကျိုးပြုကေ ၆၅၀၀ ကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်အောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ** မေးခွန်းကို ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ဆင်တဲပ်မြစ်ရေတင်စီမံကိန်းတွင် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ သာမန်ရန်ပုံငွေကျပ်၁၇၅သန်း လျာထားတောင်းခံခဲ့သော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ရန်ပုံငွေ စိစစ်ဖြတ်တောက်မှုအရ ၁၁၄ ဒသမ ၆၂ သန်းသာ ခွင့်ပြုရရှိခဲ့ပြီး ရေပေးမြောင်းများ၊ ရေပေးအဆောက်အအုံများ၊ ရေစုပ်စက်နှင့် လျှပ်စစ်ဓာတ်အားခွဲရုံများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

နှစ်အလိုက် ပြင်ဆင်ထိန်းသိမ်းမှုများကို ပုံမှန်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် မြစ်ရေတင်စီမံကိန်း၏ မူလရေပေးနိုင်သောသီးနှံစိုက်ကေ ၁၂၄၅ ကေမှ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် သီးနှံစိုက်ကေ ၁၄၃၄ ကေ၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် သီးနှံစိုက်ကေ ၁၇၈၃ ကေအထိ စိုက်ပျိုးရေ တိုးတက်ပေးဝေနိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် သီးနှံစိုက်ကေ ၂၀၀၀ အထိ စိုက်ပျိုးရေ တိုးတက်ပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြစ်ရေတင်စီမံကိန်းမှ အကျိုးပြုကေ ပြည့်မီစွာ ရေပေးဝေနိုင်ရေးအတွက် ရေသောက်စနစ်များ ပြည့်စုံကောင်းမွန်မှုရှိစေရန်နှင့် ရေလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန် နှစ်စဉ် ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ဖြည့်စွက်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရန်လိုအပ်သည့် သာမန်ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေတွင် နှစ်အလိုက် လျာထားတောင်းခံပြီး ယခုအစိုးရသစ်လက်ထက်တွင် တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေအပေါ်မူတည်၍ မြစ်ရေတင်စီမံကိန်း အကျိုးပြုကေပြည့်မီရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

သရက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်က **သရက်မြို့နယ် ရေမျက် - ပုဏ္ဏားလမ်းပေါ်ရှိ တွင်းလည်ကျေးရွာနှင့် အုတ်ဖိုကျေးရွာ တို့အကြား ရာသီမရွေးသွားလာနိုင်သည့် အရှည်ပေ ၂၉၀ ရှိသော ပနီချောင်းကူးတံတားတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းအပေါ် ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက အဆိုပါ ပနီချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းသည် ဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိ၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် အောင်မြေသာစံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးက **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအခန်း ၇ ပုဒ်မ ၂၁ (ဂ) အရ ပြည်ထောင်စုအစိုးရမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့် လစဉ် ချီးမြှင့်ငွေနှင့် စရိတ်တို့အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို အမရပူရမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့် (ခ) ဦးအောင်ကျော်မြင့်က ထောက်ခံဆွေးနွေးပြီး လွှတ်တော်ဥက္ကဋ္ဌက အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာကာ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# ရောဝတီတံတား(ဟသ်ာတ)ကို ရထားလမ်းနှင့် ကားလမ်းနှစ်မျိုးပါဝင်သည့် တံတားအမျိုးအစားတည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိ



ပြည်ထောင်စုဝန်ကြီး
ဦးဝင်းခိုင်



ရောဝတီတိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၄)မှ ဦးထိန်ဝင်း

**နေပြည်တော် ဩဂုတ် ၂၂**

ရောဝတီတံတား(ဟသ်ာတ) စီမံကိန်း တည်ဆောက်ရေးအတွက် စီမံကိန်း အကောင်အထည်ဖော်နိုင်စွမ်း လေ့လာမှုကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနအောက်ရှိ မြန်မာ့မီးရထားဌာနနှင့်ညှိနှိုင်းပြီး ရထားလမ်းနှင့် ကားလမ်းနှစ်မျိုးပါဝင်သည့် တံတားအမျိုးအစားတည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ စီမံကိန်းအဆိုပြုလွှာ တင်ပြလျှောက်ထားပြီး ဂျပန်နိုင်ငံ၏ချေးငွေရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရရှိပြီးပါက စီးပွားရေးရာကော်မတီမှတစ်ဆင့် နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူပြီး ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၈ ရက်မြောက်နေ့တွင် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးထိန်ဝင်း၏ **"ရောဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နှင့် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် သာရဝေါ ကျေးရွာတို့ကို ဆက်သွယ်ပေးမည့် ရောဝတီမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် တံတားကြီးတည်ဆောက်ပြီးပါက အချိန်အခါမရွေး အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်မည့်အပြင် ဟသ်ာတခရိုင်၊ ပုသိမ်ခရိုင်အပါအဝင် ရောဝတီတိုင်းဒေသကြီးမှ လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များ၊ ကြံခင်းမှ ဘိလပ်မြေများကို ဟသ်ာတမှတစ်ဆင့် တံတားကြီးကိုဖြတ်သန်း၍ သာရဝေါ-လက်ပံတန်း-ပြည်မှတစ်ဆင့် မြန်မာပြည်အထက်ပိုင်းသို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဘက်သို့ လည်းကောင်း၊ မင်းလှ-စိန်ကန့်လန့်လမ်းမှ ပဲခူးရိုးမကိုကျော်ဖြတ်ပြီး ရန်ကုန်-မန္တလေး အမြန်လမ်းနှင့် ရန်ကုန်-မန္တလေးလမ်းဟောင်း ကျောက်တံခါးမြို့သို့ရောက်ရှိနိုင်ပြီး မြန်မာပြည်တစ်ဝန်းသို့ ပို့ဆောင်ဆက်သွယ်သွားလာနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ယခုအချိန်တွင် ကုန်တင်ယာဉ်ကြီးများ အသုံးပြုသယ်ယူပို့ဆောင်နေသည့် အခြေအနေမှ မီးရထားလမ်း ထည့်သွင်းတည်ဆောက်ခြင်းအားဖြင့် ကုန်ပစ္စည်းများကို မီးရထားဖြင့် သယ်ယူပို့ဆောင်မည်ဆိုပါက ကုန်စည်စျေးနှုန်းများလည်း လျော့နည်းသက်သာနိုင်မည်ဖြစ်ပါကြောင်း၊ ရောဝတီ(ဟသ်ာတ)တံတားကြီးကို အတိုးနှုန်းသက်သာသော နိုင်ငံခြား ချေးငွေဖြင့် တည်ဆောက်ခြင်းဖြင့် နိုင်ငံတကာအဆင့်မီ တံတားကြီး တစ်စင်းရရှိမည်ဖြစ်သည့်အပြင် မြန်မာအင်ဂျင်နီယာများလည်း နိုင်ငံတကာ အဆင့်မီနည်းပညာများ ရရှိလာမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းအောင်၏ **"၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသဖြင့် ရွေးကောက်ပွဲရပ်ဆိုင်းထားခဲ့သော ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ်တို့အတွက် ၂၀၁၆ခုနှစ်အတွင်း ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်က လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်လျှင် အစားထိုးရွေးကောက်တင်မြှောက်နိုင်ရန်အတွက် ကြားဖြတ်ရွေးကောက်ပွဲများကို သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ နှင့်အညီ ကျင်းပပေးမည်ဖြစ်ပါကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပချိန်တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေရှိပါက ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ်များကို ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးညီစိန်၏ **"ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ မူဆယ်မြို့နှင့် စယ်လန့်ကျေးရွာ ဆက်သွယ်ထားသော မော်တော်ကားလမ်းတွင် တရုတ်ကုန်တင်ကားများ ဖြတ်သန်းသွားလာခွင့်ပြုသင့်မပြုသင့်နှင့် မူဆယ်-နမ့်ခမ်းလမ်းအား အဆင့်တိုးမြှင့်ပြင်ဆင်ရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မူဆယ်မြို့ရှောင်လမ်းကို အမြန်ဆုံးဖောက်လုပ်နိုင်ရေးအတွက် လမ်းအူကြောင်းတွင်ပါဝင်သည့် သက်ဆိုင်ရာမြေယာပိုင်ရှင်များ၏ သဘောတူညီမှုရရှိစေရန် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူလူထုနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် မူဆယ်မြို့နယ် စယ်လန့်ကျေးရွာသို့ ဆက်သွယ်သည့် မူဆယ်-နမ့်ခမ်းလမ်းပေါ်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ထွက်ကုန်ပစ္စည်းများကို သယ်ဆောင်သည့် ကုန်ကဲ့ယာဉ်ကြီးများ ဖြတ်သန်းသွားလာနေခြင်း၊ ၂၂ ဘီး ကုန်တင်ယာဉ်များ၏ ကုန်ချိန်နှင့်လမ်းခံနိုင်အား မျှတမှုမရှိခြင်း၊ အဆိုပါကုန်တင်ကုန်ကဲ့ယာဉ်ကြီးများကြောင့် လမ်းများ ပျက်စီးပြီး ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်နေခြင်းတို့အတွက် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများဖြစ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ သတ်မှတ်တန်ချိန်နှင့်အညီ ဖြတ်သန်းသွားလာစေရန် ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မူဆယ်-နမ့်ခမ်းလမ်းအား B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် Oriental Highway Co.,Ltd မှ ပျက်စီးနေသည့်လမ်းပိုင်းများကို လက်ရှိမိုးရာသီကာလအတွင်း ကျောက်ရောမြေဖြင့် အမာခံလမ်းသားရရှိစေရန် ပြုပြင်ထားပြီး ပွင့်လင်းရာသီတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မူဆယ်-နမ့်ခမ်းလမ်းအား ၄၈ ပေ အကျယ်ရှိ လေးလမ်းသွား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ် မတ် ၃၁ ရက် အပြီးဆောင်ရွက်ရန် ညွှန်ကြားထားပြီး ဖြစ်သည့်အတွက် သုံးလတစ်ကြိမ် လုပ်ငန်းပြီးစီးမှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြပ်မတ်စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက ၁၉၇၃ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စာစစ်အဖွဲ့ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲပြောင်းပေးအပ်ကြောင်း ဆုံးဖြတ်သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယအကြိမ်ပါတီညီလာခံကျင်းပ




**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ဒုတိယအကြိမ် ပါတီညီလာခံကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပါတီဌာနချုပ်၌ စတင်ကျင်းပသည်။

ပါတီညီလာခံ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးသိန်းစိန်က မိမိတို့ပါတီအနေဖြင့် ပြီးခဲ့သည့်ရွေးကောက်ပွဲရလဒ်အပေါ်ပြန်လည်သုံးသပ်ပြီး ပါတီကျစ်လျစ်ခိုင်မာအောင် ပြန်လည်ဖွဲ့စည်းရာတွင် ရပ်ကွက်၊ ကျေးရွာအဆင့်မှ ဗဟိုအထိ ပါတီအဆင့်ဆင့် ပြန်လည်ပြင်ဆင် ရွေးချယ်ဖွဲ့စည်းရေးကော်မတီများ စနစ်တကျဖွဲ့စည်းပြီး ပါတီတွင်း စည်းလုံးညီညွတ်ရေး၊ ပါတီတွင်း ဒီမိုကရေစီရှင်သန်ရေး၊ မျိုးဆက်သစ်များနှင့် လက်တွဲဆောင်ရွက်ရေး ဦးတည်ချက်များနှင့်အညီ ပါတီအပေါ် သစ္စာရှိသူ၊ ပါတီစည်းကမ်းလေးစားလိုက်နာသူများကို အခြေခံထားကာ ပါတီဝင်အများစုဖြင့် ပြည်သူများက ယုံကြည်လက်ခံသည့်အပြင် ဒေသတွင် ဦးဆောင်နိုင်မည့်ပုဂ္ဂိုလ်များ၊ ပါတီ၏မူဝါဒ၊ ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်စွမ်းရှိသူများ၊ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်၊ တက်ညီလက်ညီလုပ်ကိုင်မည့်သူများနှင့် ရွေးချယ်ဖွဲ့စည်းခဲ့ပါကြောင်း၊ ယခုညီလာခံတွင် ဗဟိုအဆင့်အတွက် ပုဂ္ဂိုလ်များကို ညီလာခံကိုယ်စားလှယ်များ၏ ရှေ့မှောက်၌ ဆက်လက်ရွေးချယ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူ ၃၀ ကျော်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပါတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ပေးအပ်ကြသည်။

ညီလာခံကို ဆက်လက်ကျင်းပရာတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း၊ ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ ပြင်ဆင်ဖြည့်စွက်ချက်များ၊ ပါတီဝင်အဆင့်ဆင့် ပြန်လည်ပြင်ဆင် ရွေးချယ်ဖွဲ့စည်းရေးနှင့် လုပ်ထုံးလုပ်နည်းများကို ညီလာခံသို့ တင်သွင်း၍ အတည်ပြုချက်ရယူကြသည်။

တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ပါတီကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားတင်သွင်းကြသည်။

ယနေ့ကျင်းပသည့် ပါတီညီလာခံ၌ သက်တမ်းကုန်ဆုံးသည့် ဗဟိုကော်မတီဝင်များ၊ အရန်ဗဟိုကော်မတီဝင်များနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များကို တာဝန်ပြန်လည်အပ်နှင်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)၊ ဓာတ်ပုံ-ခိုင်ထူး**

# မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ်ညီလာခံ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၂**

မြန်မာနိုင်ငံစာရေးဆရာအသင်းဒုတိယအကြိမ်ညီလာခံကို ၂၀၁၆ ခုနှစ် ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၂၂၈)ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြို့နယ်စာရေးဆရာအသင်းများက ဒုတိယအကြိမ်ညီလာခံသို့ တက်ရောက်မည့် ရန်ကုန်တိုင်းဒေသကြီးမှ ကိုယ်စားလှယ်များသည် ဩဂုတ် ၂၅ ရက်တွင်လည်းကောင်း၊ နယ်မှ ညီလာခံကိုယ်စားလှယ်များသည် ဩဂုတ် ၂၆ ရက်နံနက် ၉ နာရီခွဲမှစ၍ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း မြန်မာနိုင်ငံစာရေးဆရာအသင်းအမှတ်(၁၇၃/၁၇၅) (ခုနစ်လွှာနှင့် ရှစ်လွှာ)ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ်ရှိ ကိုယ်စားလှယ်စိစစ်ရေးလုပ်ငန်းကော်မတီသို့ သတင်းပို့ကြရန်ဖြစ်သည်။

ညီလာခံကိုယ်စားလှယ်များကြိုဆိုပွဲနှင့် အကြိုညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းအစည်းအဝေးခန်းမ ရှစ်လွှာ၌ ကျင်းပမည်ဖြစ်သဖြင့် ညီလာခံကိုယ်စားလှယ်များ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဩဂုတ် ၂၂**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း (ပေါင်မဲဆန္ဒနယ်)၏ မိတ်ဆွေ တစ်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည် (ကသာမဲဆန္ဒနယ်)၏ မိတ်ဆွေ သုံးဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး (သရက်ချောင်းမဲဆန္ဒနယ်)၏ မိတ်ဆွေလေးဦးနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူ ၁၂၆ ဦး စုစုပေါင်း ၁၃၄ ဦးတို့သည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

# နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ မှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသ

**နေပြည်တော် ဩဂုတ် ၂၂**

နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ မှ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာလှနှင့် ပါမောက္ခ(ဆေးပညာ)ဒေါက်တာတင့်တင့်ကြည်တို့ ဦးဆောင်၍ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ နှင့် လယ်ဝေးပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သော အထူးကုကွင်းဆင်းဆေးကုသရေးအဖွဲ့သည် ဩဂုတ် ၂၁ ရက်တွင် လယ်ဝေးမြို့နယ် လောတိုက်နယ်ဆေးရုံ၌ အခြေပြု၍ ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ကြသည်။

ကွင်းဆင်းဆေးကုသခြင်းအစီအစဉ်တွင် ပါမောက္ခ(ဆေးပညာ)က သက်ရှည်ကျန်းမာ စိတ်ချမ်းသာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆေးရုံအုပ်ကြီးကကြောင်းကျိုးညီညွတ်စွာဆေးဝါးများ အသုံးပြုခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးပညာပေးဟောပြောရာ တက်ရောက်လာသူများက အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ (ဆေးပညာ၊ သားဖွားမီးယပ်၊ ကလေး၊ အရိုး၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရေပြား၊ ဓာတ်မှန်)ဘာသာရပ်ဆိုင်ရာ ဆေးကုသမှုများ ဆောင်ရွက်ခဲ့ရာ စုစုပေါင်းလူနာ ၂၉၁ ဦးအား အခမဲ့ဆေးဝါးကုသပေးခဲ့ပြီး လူနာ ၃၁ ဦးအား နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ သို့ ညွှန်းပို့ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဩဂုတ် ၁၉ ရက်က ဟားခါးမြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် ရှန်းတောင် ပြိုကျခဲ့ရာ ဟားခါးနှင့် မြို့ဟောင်းရပ်ကွက်တို့ ဆက်သွယ်ထားသည့် ကားလမ်း ပိတ်ဆို့သွားသဖြင့် ပြည်နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး မြင့်နိုင်ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့ကရှင်းလင်းဆောင်ရွက်ပေးစဉ်** ကိုရဲ

# ကျောင်းကုန်းမြို့၌ ကျောင်းများပြန်လည်ဖွင့်လှစ်

**ကျောင်းကုန်း ဩဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့၌ ဒါးကမြစ်ရေ သုံးပေခန့်ကျဆင်းသွားသဖြင့် ဩဂုတ် ၂၂ ရက်တွင် အတန်းငယ်များမှအပ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီ ဖြစ်သည်။

KG တန်းနှင့် ပထမတန်း များသည် ဩဂုတ် ၂၅ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ပညာရေးဌာနမှ သိရသည်။

ယခုဖွင့်လှစ်သော ကျောင်းများမှာ အထက်တန်းကျောင်း သုံးကျောင်း၊ အထက်တန်းကျောင်းခွဲ ခုနစ်ကျောင်း၊အလယ်တန်းကျောင်းခွဲ ၁၂ ကျောင်း၊ မူလွန် ၁၁ ကျောင်း၊မူလတန်း ၈၄ ကျောင်း၊ မူလတန်းခွဲ တစ်ကျောင်း စုစုပေါင်း ၁၁၈ ကျောင်းဖွင့်လှစ်နိုင်ပြီ ဖြစ်ပြီး ကျန်ရှိနေသေးသော စာသင်ကျောင်းပေါင်း ၆၇ ကျောင်း ဖွင့်လှစ်နိုင်ခြင်းမရှိသေးကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ဆီအုန်းနည်းပညာအတွက် မလေးရှားက ပံ့ပိုးပေးမည်ဟု ဆွေးနွေးပွဲတွင် ပြောကြား

**ရန်ကုန် ဩဂုတ် ၂၂**

"ဆီအုန်းကေတွေ မြန်မာနိုင်ငံမှာ တိုးချဲ့စိုက်ပျိုးနိုင်ရင် ပိုပြီးအောင်မြင်မယ်၊ ဒီလိုအောင်မြင်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ၊ မြေကေတွေလိုအပ်တယ်၊ နည်းပညာပိုင်းမှာ မလေးရှားနိုင်ငံက ပူးပေါင်းဆောင်ရွက်မှုတွေ ပံ့ပိုးပေးမယ်"ဟု မလေးရှားဆီအုန်းကောင်စီမှ ဒုတိယအမှုဆောင်အရာရှိချုပ် Mr. Dr. Kalyana Sundram က ပြောသည်။

ဩဂုတ် ၁၉ ရက်က ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် မလေးရှားနိုင်ငံ ဆီအုန်းကောင်စီတို့ ပူးပေါင်းကျင်းပသည့် မြန်မာ-မလေးရှား ဆီအုန်းကုန်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲ (၂၀၁၆)တွင် ၎င်းက ထိုသို့ သုံးသပ်ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ကြူက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက နှစ်နိုင်ငံ လက်ရှိဈေးကွက်နှင့် နိုင်ငံတကာ ဈေးကွက်အခြေအနေများ၊ ဆီအရည်အသွေးနှင့် အသုံးပြုမှု အခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။

**ဝင်းဝင်းမော်**

# ရေထွက်စေရန် လမ်းဖောက်ထုတ်မှုကြောင့် လယ်မြေများ ရေနစ်မြုပ်မှုဖြစ်

**မိုးညို ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ရေကင်းအုပ်စု မြောက်ရွာ၏ မြောက်ဘက်ရှိ လမ်းလုပ်ငန်းဦးစီးဌာနပိုင် ဂဝံလမ်းမှ ရေအမြန် ထွက်စေရန် ရေအမြင့်ဆုံးရှိနေရာမှ ဩဂုတ် ၁၉ ရက် ညနေ ၃ နာရီက စက်ယန္တရားဖြင့် ဖောက်ထုတ်ခဲ့သည်။

ရေကင်းအုပ်စုပိုင်ကျေးရွာအချို့နှင့် စပါးစိုက်ခင်းအချို့ ရေများ နစ်မြုပ်နေခြင်း၊ လူနေအိမ်ခြံဝင်းအတွင်း ရေများရှိနေခြင်း၊ ဆုံကုန်းအုပ်စု သံပုရာခုံရွာရှိ စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းနှစ်ကျောင်းတို့မှာလည်း ရေဒူးခေါင်းအထက်နှင့် အနိမ့်ပိုင်းများတွင် ရေမှာခါးလယ်ခန့် ရှိနေသဖြင့် ရေကင်းအုပ်စုပိုင် ကုန်းမြင့်ပိုင်းမှ လမ်းလုပ်ငန်းဦးစီးဌာနပိုင် မြေနီလမ်းကို ရေများ အမြန်ထွက်ရန် ဖောက်ထုတ်ခဲ့သည်။

ရေနစ်မြုပ်သည့်နေရာများရှိ ရေများမှာ ညစ်ညမ်းနေသည့်အတွက် ပြည်သူများရောဂါများ ဖြစ်ပွားနိုင်သည့်အတွက် ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ သို့သော် အနိမ့်ပိုင်းရှိ လယ်သမားများက မိမိတို့ပိုင်လယ်မြေများ ထပ်မံရေနစ်မြုပ်မှုမဖြစ်ပွားရေးအတွက် တောင်းဆိုလာ၍ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဖောက်ထုတ်ထားသည့်ရေပေါက်ကို လူအား၊ စက်အားဖြင့် ပြန်လည်ပိတ်ဆို့ပေးခဲ့ရကြောင်း သိရသည်။

မြောက်ရွာကျေးရွာရှိ လယ်ကိုးကေစိုက်ပျိုးထားသူ ဦးသန်းဦးက "တာကျိုးမှုကြောင့် ကျွန်တော်တို့လယ်အပါအဝင် လယ်မြေအတော်များများ ရေနစ်မြုပ်ခဲ့ပါတယ်။ ရေထွက်အောင် ချိုးဖောက်လို့ ရေမြုပ်မယ့်လယ်ကေက အတော်ကြီးများပါတယ်။ ရေကင်းဘက်က အိမ်ခြံဝင်းအတွင်း ရေဝင်ရောက်မှုနဲ့ စပါးစိုက်ကေက နည်းပါတယ်။ ရေကြာကြာနစ်မြုပ်နေတဲ့ ကျေးရွာတွေအနေနဲ့ ကျန်းမာရေးအတွက် ထိခိုက်မှာလည်း မှန်ပါတယ်။ နှစ်ဦးနှစ်ဖက်အကျိုးရှိစွာ ဆောင်ရွက်နိုင်ဖို့နဲ့ လယ်သမားတွေ မထိခိုက်စေဖို့ သက်ဆိုင်ရာက စက်ယန္တရားတွေနဲ့ စုပ်ထုတ်ပေးပါက အားလုံးအဆင်ပြေသွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားကြောင်း သိရသည်။



**(ဝ၆၃)**

# ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်

## ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုရှေ့နေချုပ်၊ ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုတရားသူကြီးချုပ်ကတင်ပြသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦး၊ အဖွဲ့ဝင်

(ဂ) ဥပဒေဘာသာပြန်ဆိုရေးလုပ်ငန်းတာဝန်နှင့် သင့်လျော်သောပုဂ္ဂိုလ်ရှစ်ဦး၊ အဖွဲ့ဝင်

(ဃ) ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေများစိစစ်ရေးဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အတွင်းရေးမှူး

(င) ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တွဲဖက်အတွင်းရေးမှူး"

၃။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၁၂ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၁၂။ (က) ကော်မရှင်သည် မိမိအတည်ပြုသော မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေကို အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာရမည်။

(ခ) မူရင်းအင်္ဂလိပ်ဘာသာဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ပုဒ်မခွဲ (က) အရ ထုတ်ပြန် ကြေညာသော မြန်မာဘာသာ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်တို့ ကွဲလွဲပါက မြန်မာဘာသာဥပဒေပြဋ္ဌာန်းချက်က အတည်ဖြစ်သည်။"

---

# ပင်းယဂူကြီး သုံးလုံးအနက် အလယ်ဂူဘုရားမှ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်လေးဆူနှင့် ဗိုက်ပူရဟန္တာတစ်ဆူ တွေ့ရှိ



**မန္တလေး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး တံတားဦး မြို့နယ် ပင်းယ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ပင်းယဂူကြီး သုံးလုံး အနက်မှ အလယ်ဂူဘုရားအမှတ်-၃၇၄ မှ ဩဂုတ် ၂၁ ရက်က ဌာပနာထားသည့် ပင်းယခေတ်လက်ရာ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော် လေးဆူနှင့် ဗိုက်ပူ ရဟန္တာတစ်ဆူ တွေ့ရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ) မှ သိရသည်။

အဆိုပါ အလယ်ဂူဘုရား အမှတ်-၃၇၄ ကို ယင်းဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ)က ကြီးကြပ်၍ ပြုပြင်မွမ်းမံမှုတို့ကို ဇူလိုင် ၂၃ ရက်မှ စတင်ဆောင် ရွက်ခဲ့ရာ အလယ်ဂူဘုရား တတိယပစ္စယာမှ တွေ့ရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေး ဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညီမြင့်ထွန်းက ပြောသည်။

"ပင်းယခေတ်လက်ရာ အမွေအနှစ်တွေဖြစ်တယ်။ ဒီဂူကြီးသုံးလုံးက သမိုင်းမှာ ထင်ရှားခဲ့တဲ့အတွက် ယခုလို ဗုဒ္ဓဆင်းတုတော်တွေ တွေ့ရှိခဲ့ခြင်းက သမိုင်း အထောက်အထားကို ပိုမိုခိုင်မာစေပါတယ်။ တွေ့ရှိခဲ့တဲ့ပစ္စည်းတွေကို အင်းဝ ပြတိုက်မှာ သိမ်းဆည်းထားပါတယ်။ ပြုပြင်မှုတွေပြီးသွားရင် ဌာပနာပစ္စည်းတွေဖြစ်လို့ မူလနေရာမှာ ပြန်ထားသွားမှာပါ" ဟု ၎င်းက ပြောသည်။

တွေ့ရှိခဲ့သည့် ဗုဒ္ဓဆင်းတုတော်များမှာ အမြင့် ငါးလက်မ၊ ဒူးခွင်အကျယ် ၂ ဒသမ ၇၅ လက်မရှိ ပလ္လင်နှင့် တံကဲပါ သဲကျောက် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၊ အမြင့် ခုနစ်လက်မ၊ ဒူးခွင်အကျယ် ၃ ဒသမ ၅၀ လက်မရှိ ကြေးဗုဒ္ဓရုပ်ပွားတော် တစ်ဆူ၊ အမြင့် ၆ ဒသမ ၅၀ လက်မ၊ ဒူးခွင်အကျယ် သုံးလက်မရှိ ကြေးဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၊ အမြင့် ငါးလက်မ၊ ဒူးခွင်အကျယ် လေးလက်မရှိ ဒူးအောက် ပိုင်းမပါ ကြေးဗုဒ္ဓရုပ်ပွားတော် တစ်ဆူ၊ အမြင့် ငါးလက်မ၊ ဒူးခွင်အကျယ် ငါးလက်မ ဦးခေါင်းတော်မပါ သဲကျောက် ဗိုက်ပူ ရဟန္တာတစ်ဆူ၊ အမြင့် ခြောက်လက်မ၊ အဝကျယ် သုံးလက်မခွဲရှိ စဉ့်ရည်သုတ် မြေအိုးတစ်လုံးနှင့် ယင်းမြေအိုးအတွင်းမှ ဓာတ်တော်များပါသော မြေကြုတ်အိုး၊ ကြေးဖြင့် ပြုလုပ်သော ဗုဒ္ဓဦးခေါင်းတော်၊ ကျောက်စိမ်းဟုယူဆရသော ကျောက်ဖြင့် ပြုလုပ်ထားသည့် စေတီ၊ သလင်း ကျောက်နှင့် ပြုလုပ်ထားသော ကျောက်တုံးငယ်တစ်ခုတို့ တွေ့ရှိခဲ့ရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

# ထီးလင်းမြို့ရှိ သံသေချောင်းတံတား ကမ်းကပ်လမ်း ရေတိုက်စားပျက်စီး

**ထီးလင်း ဩဂုတ် ၂၂**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် ဩဂုတ် ၂၀ ရက်ညက မိုးအဆက် မပြတ် ရွာသွန်းခဲ့သည့်အတွက် သံသေ ချောင်းရေမြင့်တက်ကာ ထီးလင်း - ဆင်စွယ် ကျေးလက်လမ်းပေါ်ရှိ လက်ပန် ရွာအဝင် အရှည်ပေ ၁၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ သံသေချောင်းကူး ဘေလီသံပေါင်တံတားမှာ ရေနစ်မြုပ် ခဲ့ပြီး ထီးလင်းဘက်ခြမ်း တံတားကမ်းကပ် လမ်းမှာ ရေတိုက်စားသဖြင့် ဩဂုတ် ၂၁ ရက် နံနက် ၃ နာရီခန့်က ပေ ၃၀ ကျော် ပျက်စီးသွားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါတံတားကို ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခွင့်ပြုငွေကျပ် ၆၂၆ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

**(၁၀၁)**





# ခင်ဦးမြို့၌ မိုးရွာသွန်းသဖြင့် မိုးစပါးလယ်ဧက သုံးထောင်ကျော် ရေနစ်မြုပ်

**ခင်ဦး ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ဩဂုတ် ၂၀ ရက်က မိုးရေချိန် ၂ ဒသမ ၀၆ လက်မနှင့် ဩဂုတ် ၂၁ ရက်က မိုးရေချိန် ၁ ဒသမ ၈၆ လက်မ ရွာသွန်းခဲ့သဖြင့် ခင်ဦးမြို့၏ အနောက်ဘက်ရှိ ဆည်ရေသောက် ကျေးရွာပေါင်း ၁၅ ရွာရှိ မိုးစပါး စိုက်ခင်း၊ ပျိုးခင်း လယ်ဧကများ ရေနစ်မြုပ်လျက်ရှိသည်။ **(အပေါ်ပုံ)**

ကျေးရွာပေါင်း ၁၅ ရွာတွင် မိုးစပါးစိုက်ပျိုးရန် ပျိုးခင်း ၅၇၆ ဧကနှင့် မိုးစပါးစိုက်ခင်း ၃၃၅၃ ဧက စုစုပေါင်း ၃၉၂၉ ဧက ရေနစ်မြုပ်လျက်ရှိရာ ယခုအချိန်တွင် ပျက်စီးမှု ရှိ/မရှိ မသိသေးကြောင်း၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများက ကွင်းဆင်း စာရင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

**ခင်ဦး-စိုးဝေ**

---

# ရေလှောင်တမံကြီးများနှင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၄ ခုတွင် သတ်မှတ် ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု(ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင် - လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၀.၉၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း - ဖလမ်းမြို့ | ၁၉၅၄ | ၁.၆၀' |
| ၃။ | မြောက်ယမားရေကူရေလှောင်တမံ | စစ်ကိုင်း - ပုလဲမြို့ | ၁၂၂၉၀၀ | ၁.၂၀' |
| ၄။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း - ကလေးမြို့ | ၅၂၀၀၀ | ၂.၇၀' |
| ၅။ | ပသိရေလှောင်တမံ | ပဲခူး - တောင်ငူ | ၃၀၅၀၀ | ၀.၇၀' |
| ၆။ | မင်းရဲရေလှောင်တမံ | ပဲခူး - အုတ်တွင်းမြို့ | ၂၃၅၀ | ၀.၄၀' |
| ၇။ | ဘောနီရေလှောင်တမံ | ပဲခူး - ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀.၄၀' |
| ၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး - ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀.၃၀' |
| ၉။ | မဇင်းရေလှောင်တမံ | ပဲခူး - ပဲခူးမြို့ | ၂၆၁၈၆ | ၀.၈၀' |
| ၁၀။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး - ပဲခူးမြို့ | ၁၉၉၁၂ | ၁.၀၀' |
| ၁၁။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး - ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၁.၁၅' |
| ၁၂။ | ဝဲကြီးရေလှောင်တမံ | ပဲခူး - ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀.၂၀' |
| ၁၃။ | သဲကောရေလှောင်တမံ | ပဲခူး - လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀.၃၀' |
| ၁၄။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး - မြို့သစ်မြို့ | ၂၅၀၀၀ | ၀.၆၀' |
| ၁၅။ | မုန်းချောင်းရေလှောင်တမံ | မကွေး - စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၄.၈၀' |
| ၁၆။ | မန်းချောင်းရေလှောင်တမံ | မကွေး - ငဖဲမြို့ | ၁၂၀၀၀၀ | ၁.၀၀' |
| ၁၇။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး - ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၆.၃၀' |
| ၁၈။ | မြစ်သာရေလှောင်တမံ | မကွေး - ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၂.၀၀' |
| ၁၉။ | မာလဲနတ်တောင်ရေလှောင်တမံ | ရခိုင် - ကျောက်တော်မြို့ | ၅၀၉၇၀ | ၃.၁၀' |
| ၂၀။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင် - ကျောက်တော်မြို့ | ၁၁၄၀ | ၀.၄၀' |
| ၂၁။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန် - သန်လျင်မြို့ | ၁၇၃၅ | ၀.၅၈' |
| ၂၂။ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန် - သန်လျင်မြို့ | ၅၃၆၄ | ၀.၄၅' |
| ၂၃။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက် - နမ္မတူမြို့ | ၂၅၉၀၀ | ၂.၀၀' |
| ၂၄။ | ကညင်ရေလှောင်တမံ | ဧရာဝတီ - အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၀.၂၀' |

**(သတင်းစဉ်)**

# စင်ကာပူသမ္မတဟောင်း အက်စ်အာရ်နက်တန် ကွယ်လွန်

**စင်ကာပူ ဩဂုတ် ၂၂**

စင်ကာပူသမ္မတဟောင်း အက်စ်အာရ်နက်တန်သည် အသက် ၉၂ နှစ်အရွယ်တွင် စင်ကာပူအထွေထွေ ရောဂါကုဆေးရုံကြီး၌ ယနေ့ကွယ်လွန်သွားကြောင်း စင်ကာပူ ဝန်ကြီးချုပ်ရုံးမှ ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

စင်ကာပူသမ္မတဟောင်း မစ္စတာအက်စ်အာရ်နက်တန်သည် စင်ကာပူ အထွေထွေရောဂါကုဆေးရုံတွင် ယနေ့ဒေသစံတော်ချိန်ညနေ ၉ နာရီ ၄၈ မိနစ်က ကွယ်လွန်သွားခြင်းဖြစ်ပြီး ၎င်းအား ဂါရဝပြုနှုတ်ဆက်ပွဲ အခမ်းအနားနှင့် အသုဘအစီအစဉ်ကို ဆက်လက်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း၊ မစ္စတာ အက်စ်အာရ်နက်တန် ကွယ်လွန်မှုနှင့်ပတ်သက်ပြီး စင်ကာပူဝန်ကြီးချုပ်နှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက် အစိုးရအဖွဲ့များလည်း ဝမ်းနည်းကြေကွဲကြကြောင်း ဝန်ကြီးချုပ် ရုံးက သတင်းထုတ်ပြန်သည်။

မစ္စတာ နက်တန်သည် လေဖြတ်ရောဂါဖြင့် ဇူလိုင် ၃၁ ရက်က ဆေးရုံတင်ခဲ့ပြီး ယင်းအချိန်ကတည်းက စင်ကာပူအထွေထွေရောဂါကုဆေးရုံ၌ ဆေးဝါးကုသမှုခံယူ လျက်ရှိကြောင်း သိရသည်။

အသက် ၉၂ နှစ်အရွယ် အက်စ်အာရ်နက်တန်သည် စင်ကာပူနိုင်ငံ၏ ဆဋ္ဌမမြောက်သမ္မတဖြစ်ပြီး သမ္မတရာထူးတာဝန်ကို ၁၉၉၉ မှ ၂၀၁၁ ခုနှစ်အထိ သက်တမ်းနှစ်ခုဆက်၍ ထမ်းဆောင်ခဲ့ကာ စင်ကာပူသမိုင်းတစ်လျှောက် သမ္မတ သက်တမ်းအရှည်ကြာဆုံးဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# တူရကီမင်္ဂလာဆောင်၌ အသေခံဗုံးခွဲခဲ့သူမှာ ဆယ်ကျော်သက်ကလေးငယ်တစ်ဦးဖြစ်နေ




**အန်ကာရာ ဩဂုတ် ၂၂**

တူရကီနိုင်ငံ ဂါဇီယန်တပ်မြို့၌ လူ ၅၁ ဦးထက်မနည်း သေဆုံးစေခဲ့သည့် အသေခံဗုံးခွဲမှုကို လုပ်ဆောင်ခဲ့သူမှာ အသက် ၁၂ နှစ်မှ ၁၄ နှစ်အရွယ်ခန့်သာရှိသေးသည့် လူငယ်တစ်ဦးဖြစ်ကြောင်း တူရကီသမ္မတ ရီဆက်တေရစ် အာဒိုဂန်က ပြောကြားခဲ့သည်။

ကာဒ့်မျိုးနွယ်စုဝင် တစ်ဦး၏ လက်ထပ်မင်္ဂလာအခမ်းအနားကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် အဆိုပါအသေခံ ဗုံးခွဲမှုကို အိုင်အက်စ်အဖွဲ့က နောက်ကွယ်မှကြိုးကိုင်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။ ဆီးရီးယားနယ်စပ်အနီးရှိ ဂါဇီယန်တပ်မြို့တွင် အိုင်အက်စ်အဖွဲ့ဝင် အချို့ရှိနေကြောင်း သိရသည်။

ဗုံးပေါက်ကွဲမှုကြောင့် လူ ၆၉ ဦး ဒဏ်ရာရရှိခဲ့ပြီး ၁၇ ဦးမှာ ဒဏ်ရာ ပြင်းထန်သည်ဟုဆိုသည်။ ဗုံးသမားသည် လမ်းပေါ်တွင် ကခုန်နေသည့် မင်္ဂလာဆောင်လာရောက်သော ဧည့်သည်များစုဝေးရာ၌ ချိန်ရွယ်ဖောက်ခွဲခဲ့သည်။

ဂါဇီယန်တပ်မှ ဘီဘီစီအမှုထမ်း တစ်ဦးက အဆိုပါမြို့ရှိ လူ ၁ ဒသမ ၅ သန်းသည် ဆီးရီးယား၌ အိုင်အက်စ်အဖွဲ့က ဆီးရီးယားနိုင်ငံသား ကာဒ့်တိုက်ခိုက်ရေးအင်အားစုများကို ထိုးစစ်ဆင်တိုက်ခိုက်နေသည့်အတွက် အကြီးအကျယ် တုန်လှုပ်ချောက်ချားခဲ့ရသည်ဟု ပြောကြားခဲ့သည်။

**(ဘီဘီစီ)**

# တူရကီတွင် ဖြစ်ပွားခဲ့သည့်အကြမ်းဖက်မှုများကို အိမ်ဖြူတော်ရှုတ်ချ

**ဝါရှင်တန် ဩဂုတ် ၂၂**

အိုဘားမားအစိုးရအဖွဲ့ဝင် အရာရှိတစ်ဦးက တူရကီတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှု များကို ပြစ်တင်ရှုတ်ချလိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဩဂုတ် ၂၂ ရက်က ဖော်ပြခဲ့သည်။

အိမ်ဖြူတော် အမျိုးသားလုံခြုံရေးကောင်စီပြောရေးဆိုခွင့်ရှိသူ နက်ဒ်ပရိုက်စ်က ဩဂုတ် ၂၁ရက်ကထုတ်ပြန်လိုက်သော ကြေညာချက်တွင် တူရကီ အကြမ်းဖက်မှု များကို အမေရိကန်ပြည်ထောင်စုအနေဖြင့် ရှုတ်ချကြောင်း ပြောကြားခဲ့သည်။

လာမည့်အပတ်တွင် ဒုတိယသမ္မတ ဂျိုးဘိုင်ဒန်အနေဖြင့် တူရကီနိုင်ငံ အန်ကာရာ သို့ သွားရောက်မည်ဖြစ်ပြီး အကြမ်းဖက်ဆန့်ကျင်တိုက်ခိုက်မှုများအပေါ် တူရကီနှင့် လက်တွဲလုပ်ဆောင်ရန် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# တရုတ်နိုင်ငံတွင် ကုန်တင်ကားတစ်စီးနှင့် ဝန်ချီစက်တိုက်မိ လူ ခုနစ်ဦးသေဆုံး

**ကူမင်း ဩဂုတ် ၂၂**

တရုတ်နိုင်ငံအနောက်တောင်ဘက် ယူနန်ပြည်နယ်တွင် ဩဂုတ် ၂၂ရက်က ကုန်တင် ကားတစ်စီးနှင့် ဝန်ချီစက်တိုက်မိရာမှ လူခုနစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွား ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယာဉ်တိုက်မှုမှာ ဒေသစံတော်ချိန် နံနက် ၅ နာရီ မိနစ် ၃၀ တွင် ကျင်စုစီရင်စု အဝေးပြေးလမ်းတစ်နေရာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယာဉ်ကြော၏ ဆန့်ကျင်ဘက် အတိုင်း မောင်းလာသောဝန်ချီစက်ကို ကုန်တင်ကားအသေးတစ်စီးက တိုက်မိသွား ခြင်းဖြစ်သည်။

ကုန်တင်ကားတွင် လူ ၁၂ ဦးပါရှိကြောင်းသိရပြီး ဒဏ်ရာရသူများနှင့် သေဆုံးသူ များမှာ ကုန်တင်ကားပေါ်မှလူများဖြစ်ကြောင်း သိရသည်။ ဒဏ်ရာရရှိသူများတွင် နှစ်ဦးမှာ စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း သိရသည်။

သက်ဆိုင်ရာတာဝန်ရှိသူများက အဝေးပြေးလမ်း ဘေးကင်းလုံခြုံမှုရှိရေး စီမံဆောင်ရွက်မှုများကို တင်းကျပ်စွာလုပ်ဆောင်ရန် အမိန့်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အီရတ်တပ်ဖွဲ့ဝင်များအား သတ်ဖြတ်ခဲ့သည့် စစ်သွေးကြွ ၃၆ ဦးကို ကြိုးပေးကွပ်မျက်



**ဘဂ္ဂဒက် ဩဂုတ် ၂၂**

အီရတ်နိုင်ငံသည် လွန်ခဲ့သောနှစ်နှစ်အကြာက ဘဂ္ဂဒက်မြောက်ပိုင်းရှိ စခန်းတွင် ရှီးယိုက်စစ်သားရာပေါင်းများစွာကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည့် စစ်သွေးကြွ ၃၆ ဦးကို ကြိုးပေးကွပ်မျက်လိုက်ပြီဖြစ်ကြောင်း တနင်္ဂနွေနေ့က ပြောကြားခဲ့သည်။

အဆိုပါ ကြိုးပေးကွပ်မျက်မှုသည် ၂၀၁၄ ခုနှစ်က အိုင်အက်စ်တိုက်ခိုက်ရေး သမားများက အီရတ်နိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသအချို့ကို ထိန်းချုပ်ခဲ့ပြီးနောက်ပိုင်း အီရတ်အစိုးရက စစ်သွေးကြွများစွာကို တစ်ရက်တည်းနှင့် သေဒဏ်စီရင်သည့် အများဆုံးပမာဏ ဖြစ်သည်။

ကြိုးပေးကွပ်မျက်မှုကို အီရတ်နိုင်ငံ တောင်ပိုင်းရှိ နာဆီရီယာမြို့ရှိ အကျဉ်းထောင်၌ ပြုလုပ်ခဲ့ကြောင်း တရားစီရင်ရေးဝန်ကြီးဌာန၏ပြောဆိုမှုကို ကိုးကားလျက် ဒေသတွင်း ရုပ်မြင်သံကြားက ထုတ်လွှင့်ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်နှစ်နှစ်အကြာက ဆက်ဒမ်ဟူစိန်၏ ဇာတိမြေဖြစ်သည့် တီကရစ်မြောက်ပိုင်းရှိ စပိုက်ချာအမေရိကန် စစ်အခြေစိုက်စခန်းမှ ထွက်ပြေးလာခဲ့သည့် စစ်သား ၁၇၀၀ တို့သည် စစ်သွေးကြွများ၏သတ်ဖြတ်ခြင်းကို ခံလိုက်ရသည်။

**(ရိုက်တာ)**

# ကုလသမဂ္ဂမှ ဖိလစ်ပိုင်ထွက်ခွာမည်မဟုတ်ဟု နိုင်ငံခြားရေးဝန်ကြီးပြောကြား

**မနီလာ ဩဂုတ် ၂၂**

မပြေလည်မှုများရှိသော်လည်း ကုလသမဂ္ဂမှ ဖိလစ်ပိုင်အနေဖြင့် နုတ်ထွက်မည် မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ပါဖက်တိုရာစေးက ဩဂုတ် ၂၂ ရက်တွင် ပြောကြားခဲ့သည်။

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတက်တေး၏ ဩဂုတ် ၂၁ ရက်က ထုတ်ပြန်ခဲ့သော ကြေညာချက်ကို နိုင်ငံခြားရေးဝန်ကြီးရာစေးက ရှင်းလင်းရာတွင် ဖိလစ်ပိုင်နိုင်ငံ၏ တရားမဝင်မူးယစ်ဆေးဝါး နှိမ်နင်းမှုကိစ္စအပေါ် ဝေဖန်သည့် ကုလသမဂ္ဂမှ အဖွဲ့အစည်း၏ ဝေဖန်မှုကိုသာ ပိုင်းခြားကန့်သတ်လိုရင်းဖြစ်ကြောင်း ၎င်းက ပြောခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံအတွင်း သတ်ဖြတ်သုတ်သင်မှုများ များနေသည်ဆိုကာ ဝေဖန်မှု ပြုထားသော ကုလသမဂ္ဂ၏ ကြေညာချက်အပေါ် ဒူတက်တေးအနေဖြင့် ဒေါသထွက်နေကြောင်း သိရသည်။ မူးယစ်ဆေးဝါးနှိမ်နင်းမှုအတွင်း လူပေါင်း ၁၀၀၀ ကျော် သေဆုံးခဲ့ကြောင်း သတင်းဖော်ပြချက်များအရ သိရသည်။

ဩဂုတ် ၂၁ ရက်က ဒါးဗိုစ်မြို့၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ကုလ သမဂ္ဂ၏ ပြစ်တင်ဝေဖန်မှုကို ရည်ညွှန်းလျက် ဒူတက်တေးက “ကုလသမဂ္ဂအဖွဲ့ကြီးမှ ခွဲထွက်ရမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအနေဖြင့် ထိုသို့ပြစ်တင်ဝေဖန်မှုများ ပြုလုပ်ပါက ကုလသမဂ္ဂမှ ထွက်ခွာရန်သာရှိတော့ကြောင်း” ပြောကြားခဲ့သည်။

ထို့အပြင် ဒူတက်တေးက တရုတ်နှင့်သာမက အာဖရိက နိုင်ငံများနှင့်ပါ ပြိုင်ဘက် အုပ်စုတစ်စု ဖွဲ့စည်းကောင်းဖွဲ့စည်းမည်ဖြစ်ကြောင်း ပြောခဲ့သည်။ ဒူတက်တေးက အကြမ်းဖက်မှု နှိမ်နင်းရာတွင်သာမက ကမ္ဘာ့အငတ်ဘေးပြဿနာနှင့် အခြားပဋိပက္ခများတွင် ကုလသမဂ္ဂ၏တာဝန်မကျေမှုများကို ပြန်လည်ဝေဖန်လိုက်သည်။

**(ဆင်ဟွာ)**

# အမေရိကန်တိရစ္ဆာန်ရုံရှိ ပန်ဒါဝက်ဝံ၏ တစ်နှစ်ပြည့်မွေးနေ့သို့ သမ္မတရှီကျင့်ဖျင်၏ဇနီး ဆုတောင်းစကားပေးပို့

**ဝါရှင်တန် ဩဂုတ် ၂၂**

ဝါရှင်တန်အမျိုးသားတိရစ္ဆာန်ဥယျာဉ်ရှိ အကောင်ကြီးအမျိုးအစား ဘေဘေအမည်ရှိ ပန်ဒါဝက်ဝံပေါက်လေး သည် တနင်္လာနေ့က တစ်နှစ်ပြည့်မြောက်သွားပြီဖြစ်၍ ၎င်းအတွက် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်၏ဇနီး ပန်လီယွမ်က မွေးနေ့ ဆုတောင်းစကားပေးပို့ခဲ့ကြောင်း သိရသည်။

“Giant ပန်ဒါဝက်ဝံဟာ တရုတ်နိုင်ငံရဲ့အဖိုးတန်ရတနာဖြစ်ပါတယ်။ ဘေဘေရဲ့မွေးနေ့ဟာ တရုတ်နဲ့အမေရိကန်တို့ပူးပေါင်းမှုရဲ့ အသီးအပွင့်တစ်ခုဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုရဲ့ ခိုင်မြဲတဲ့သင်္ကေတတစ်ခုပါ”ဟု တရုတ်အမျိုးသမီး ပန်လီယွမ်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် စက်တင်ဘာလက ပန်သည် အမေရိကန်သမ္မတ အိုဘားမား၏ ဇနီး မီရှဲအိုဘားမားနှင့်အတူ အဆိုပါတိရစ္ဆာန်ရုံသို့ သွားရောက်လည်ပတ်ခဲ့ပြီး ဝက်ဝံပေါက်ကလေးအား “အဖိုးတန်ရတနာ”ဟု အဓိပ္ပာယ်ရသည့် တရုတ်အခေါ် ဘေဘေဟူသော အမည်ကိုပေးခဲ့သည်။

ပန်သည် အမေရိကန်သို့ ပထမဆုံးအကြိမ်အဖြစ် သမ္မတရှီကျင့်ဖျင်၏အလည်အပတ်ခရီးစဉ်တွင် ခင်ပွန်းဖြစ်သူနှင့်အတူ လိုက်ပါခဲ့သည်။

**(ဆင်ဟွာ)**

# တိုးတက်မှုအလားအလာတွေ ပိုရှိလာတဲ့ ရုရှားနဲ့အီရန်နှစ်နိုင်ငံကြားက သံတမန်ဆက်ဆံရေး

**ချိုးစန္ဒီနွေး**



ဆီးရီးယားမှာရှိတဲ့ အကြမ်းဖက်သမားတွေကိုနှိမ်နင်းဖို့ ရုရှားတွေဟာ အီရန်လေတပ်အခြေစိုက်စခန်းကို အသုံးပြုခဲ့ပါတယ်။ ဒီလိုပြုလုပ်လိုက်ခြင်းဟာ အရှေ့အလယ်ပိုင်းဒေသကို လွှမ်းမိုးနိုင်တဲ့သူဟာ အမေရိကန်တစ်နိုင်ငံတည်းမဟုတ်ဖူးဆိုတာကို ပြသလိုက်ခြင်းဖြစ်တဲ့အပြင် အီရန်နဲ့ရုရှား နှစ်နိုင်ငံဆက်ဆံရေးကိုလည်း တိုးမြှင့်လိုက်နိုင်ခြင်းဖြစ်ပါတယ်။

အင်္ဂါနေ့ အစောပိုင်းမှာတော့ ရုရှားဗုံးကြဲလေယာဉ်တွေဟာ အီရန်နိုင်ငံအနောက်ပိုင်း ဟာမာဒန်လေတပ်အခြေစိုက်စခန်းကနေ အကြမ်းဖက်သမားတွေကို သုံးရက်မြောက်နေ့အဖြစ် ဗုံးကြဲတိုက်ခိုက်ဖို့ ထွက်လာခဲ့ပါတယ်။ အဲဒီ ဗုံးကြဲလေယာဉ်တွေဟာ ဆီးရီးယားနိုင်ငံမှာရှိတဲ့ အကြမ်းဖက်သမားတွေကို ပစ်မှတ်ထားပြီး တိုက်ခိုက်တာပါ။ လွန်ခဲ့တဲ့စက်တင်ဘာလကတည်းက ဆီးရီးယားမှာ လေကြောင်းတိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့တဲ့ ရုရှားဟာ ဆီးရီးယားစစ်မြေပြင်အတွက် အသုံးပြုတဲ့ စစ်အသုံးစရိတ်တွေကို လျှော့ချဖို့ အီရန်လေတပ်အခြေစိုက်စခန်းအပြင် အီရန်မှာပဲရှိတဲ့ လေယာဉ်ကွင်းနဲ့ ဆီးရီးယားမှာရှိတဲ့ Hmeimim လေတပ်အခြေစိုက်စခန်းကို အသုံးပြုခဲ့ပါတယ်။

အီရန်လေတပ်အခြေစိုက်စခန်းကို ရုရှားတို့ အသုံးပြုလိုက်တဲ့အတွက် အကျိုးကျေးဇူးတွေ ရရှိခဲ့ပါတယ်။ ပထမဦးဆုံးအချက်ကတော့ အီရန်နိုင်ငံကနေတစ်ဆင့်ပဲ စစ်ဆင်ရေးတွေပြုလုပ်ဖို့ ဆုံးဖြတ်ခဲ့တဲ့အတွက် တာဝေးပစ်ဒုံးကျည်တွေ သယ်ဆောင်လာတဲ့ ဗုံးကြဲလေယာဉ်တွေကို လောင်စာဖြည့်တင်းပေးဖို့နဲ့ အခြားသော လောင်စာဆီအသုံးစရိတ်တွေကို လျှော့ချနိုင်လိမ့်မယ်လို့ အမျိုးသားမဟာဗျူဟာ ဂျာနယ်မှ အယ်ဒီတာချုပ်နဲ့ ရုရှားနိုင်ငံမဟာဗျူဟာလေ့လာရေးအင်စတီကျူအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ အဇာဒါကာတော့ဗ်က ဆင်ဟွာကို သူရဲ့အမြင်တွေ ပြောပြခဲ့ပါတယ်။

ဒုတိယ ရရှိလိုက်တဲ့ အကျိုးအမြတ်ကတော့ မော်စကိုနဲ့ တီဟီရန်ကြားထဲမှာရှိတဲ့ ဆက်ဆံရေးကို ပိုပြီးခိုင်မြဲလာစေတာပါပဲ။ နိုင်ငံတစ်နိုင်ငံက အခြားသော နိုင်ငံတစ်နိုင်ငံရဲ့ လက်နက်ကိုင်တပ်ဖွဲ့ဝင်တွေကို သူ့မြေပေါ်မှာ ယာယီပဲဖြစ်ဖြစ် အသုံးပြုဖို့ ခွင့်ပြုလိုက်ခြင်းဟာ အဲဒီနှစ်နိုင်ငံ ကြားမှာရှိတဲ့ ခိုင်မြဲတဲ့ ယုံကြည်မှုကို ပြသလိုက်တာပါပဲ။ ရုရှားတပ်တွေကို အီရန်မြေပေါ်မှာ အသုံးပြုဖို့ ခွင့်ပြုလိုက်ခြင်းဟာ အရှေ့အလယ်ပိုင်းဒေသမှာ အီရန်ရဲ့အရေးပါမှု နက်ရှိုင်းတယ်ဆိုတာကို ပြသလိုက်တာပါပဲ။ အီရန်နိုင်ငံဟာ ပိတ်ဆို့မှုတွေ ဖယ်ရှားခွင့်ရရှိခဲ့တာအပြင် ဆီးရီးယားပဋိပက္ခမှာလည်း အီရန်နိုင်ငံဟာ အဓိကအရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်တယ်ဆိုတာ ငြင်းမရအောင် ဖြစ်လာစေခဲ့ပါတယ်။ ဒါပေမယ့်လည်း ရုရှားနဲ့အီရန်နှစ်နိုင်ငံကြားမှာရှိနေတဲ့ ဆက်ဆံရေးကို သုံးသပ်ခန့်မှန်းဖို့ကတော့ စောနေသေးတယ်လို့ မစ္စတာကာတော့ဗ်က ဝေဖန်ခဲ့ပါတယ်။ ဆီးရီးယားနိုင်ငံစစ်ဒဏ်ခံဒေသတွေမှာ နိုင်ငံရေးအရ အဖြေရှာဖို့ အီရန်လေတပ် အခြေစိုက်စခန်းကို အသုံးပြုပြီးတော့ လေကြောင်းတိုက်ခိုက်မှုတွေပြုလုပ်ခဲ့တာဟာဆိုရင် ဘယ်လောက်အတိုင်းအတာထိ အောင်မြင်မှုရရှိသလဲဆိုတာကို အကဲဖြတ်ဖို့ကတော့ စောင့်ကြည့်ရမှာပါ။

ရုရှားတို့ဟာ အီရန်နိုင်ငံအနောက်ပိုင်းက ဟာမာဒန် လေတပ်အခြေစိုက်စခန်းကို အသုံးပြုပြီး ဆီးရီးယားနိုင်ငံအတွင်း လေကြောင်းတိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့ရာမှာတော့ နျူဆရာတပ်ဦးနဲ့ ဆက်သွယ်မှုရှိတဲ့နေရာတွေကို ဦးတည်ဗုံးကြဲတိုက်ခိုက်ခဲ့တာပဲဖြစ်တယ်လို့ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောခဲ့ပါတယ်။ ဒီလိုလေကြောင်း တိုက်ခိုက်မှုတွေ ပြုလုပ်လိုက်ခြင်းကြောင့် စစ်သွေးကြွတွေ အသုံးပြုနေတဲ့ အလက်ပိုမြောက်ပိုင်းဒေသတွေက အဓိကလက်နက်သိုလှောင်ရုံကြီးငါးရုံနဲ့ စစ်သွေးကြွတွေကို လေ့ကျင့်မွေးထုတ်ရာစခန်းတွေကိုလည်း ချေမှုန်းနိုင်ခဲ့တယ်လို့ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောခဲ့ပါတယ်။ ဒီလိုဆိုရင် စစ်သွေးကြွအုပ်စုတွေကို ထောက်ပံ့မှုတွေပေးနေတဲ့ အဓိကထိန်းချုပ်ရေးဌာနတွေကို ချေမှုန်းဖျက်ဆီးခဲ့နိုင်တယ်လို့ ပြောရမှာပါ။

"အကြမ်းဖက်သမားတွေနဲ့ စစ်သွေးကြွတွေကို ပိုပြီးထိခိုက်အောင် ပျက်စီးအောင် နှိမ်နင်းနိုင်မယ်ဆိုရင် သူတို့ကို လက်နက်ချ နောက်ဆုတ်ဖို့ ဖိအားတွေပေးနိုင်မယ်ဆိုရင် ဆီးရီးယားပဋိပက္ခအတွက် အဖြေကို လျင်လျင်မြန်မြန်ရှာတွေ့တော့မှာပါ" လို့ ကာတော့ဗ်က ဆက်ပြောပါတယ်။ ဒီအကြောင်းအရာတွေအပြင် နိုင်ငံရေးအရ အကျိုးသက်ရောက်မှုတွေလည်း နောက်ကွယ်မှာ ရှိနေနိုင်ပါသေးတယ်။ အီရန်နိုင်ငံရဲ့ လေတပ်အခြေစိုက်စခန်း အသုံးပြုခွင့်ကို ရုရှားတို့ရရှိလိုက်ခြင်းဟာ အရှေ့အလယ်ပိုင်းနိုင်ငံတွေရဲ့ လေတပ်အခြေစိုက်စခန်းတွေကို အသုံးပြုခွင့်ရနိုင်တဲ့ နိုင်ငံဟာ အမေရိကန်နိုင်ငံတစ်နိုင်ငံတည်း မဟုတ်ဘူးဆိုတာကို ပြသဖို့ အခွင့်အရေးရလိုက်တာပါပဲ။ အမေရိကန်ပြည်ထောင်စုဟာလည်း ရုရှားတို့ ဒီလိုအခွင့်အရေးရလိုက်တာကို သိပ်ပြီးတော့ အခဲမကျေပါဘူး။ဒါပေမယ့်လည်း ကြားဝင်စွက်ဖက်လို့ မရပါဘူး။

အမေရိကန်ပြည်ထောင်စုက ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့ မောခ့်တွန်နာကတော့ စစ်ဒဏ်ခံနေရတဲ့ ဆီးရီးယားနိုင်ငံမှာ ဒီလို စစ်ရေးလှုပ်ရှားမှုမျိုး ပြုလုပ်တာဟာ ကူညီရာမရောက်ဘူး။ ဘာမှ အကျိုးဖြစ်ထွန်းမှာမဟုတ်ဘူးလို့ ဝေဖန်ခဲ့ပါတယ်။ အီရန်နိုင်ငံသို့ တိုက်လေယာဉ်များ လွှဲပြောင်းပေးအပ်ခြင်း၊ ရောင်းချခြင်း၊ ထောက်ပံ့ခြင်းများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက တားမြစ်ထားတဲ့အတွက် ဒီအချက်ကို ရုရှားနိုင်ငံက ချိုးဖောက်ခြင်းရှိ မရှိ အမေရိကန်ကစောင့်ကြည့်သွားမှာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ဗ်ရို့ဗ်ကတော့ စွပ်စွဲမှုတွေအားလုံးကို ငြင်းဆိုခဲ့ပါတယ်။ ရုရှားစစ်လေယာဉ်တွေဟာ ဆီးရီးယားနိုင်ငံအတွင်းမှာရှိတဲ့ အကြမ်းဖက်သမားတွေကို နှိမ်နင်းဖို့အတွက်သာ မူဘောင်ထဲကနေ အသုံးပြုခြင်းဖြစ်တယ်။ ဒါဟာလည်း ဆီးရီးယားအစိုးရက တရားဝင်အကူအညီတောင်းခံလို့သာ ပြုလုပ်ရခြင်းဖြစ်တယ်လို့ တုံ့ပြန်ခဲ့ပါတယ်။

အရှေ့အလယ်ပိုင်းမှာ ပဋိပက္ခတွေ ပေါ်ပေါက်လာရတာတွေ၊ ပြည်တွင်းစစ်ဖြစ်လာရတာတွေနဲ့ အိုင်အက်စ်အဖွဲ့ ပေါ်ပေါက်လာရတာတွေဟာ အမေရိကန်ကြောင့်ပဲ ဖြစ်တယ်လို့ မစ္စတာကာတော့ဗ်က ဝေဖန်စွပ်စွဲထားပါတယ်။ ဆီးရီးယားမှာ ဒီလိုစစ်ရေးအရ ဆောင်ရွက်တာဟာ အမေရိကန်ရဲ့ မှားယွင်းတဲ့ မူဝါဒတွေကို ပြောင်းလဲဖို့ ရည်ရွယ်ပြီး ရုရှားနဲ့ အီရန် ပူးပေါင်းကာ စစ်ရေးအရ တက်တက်ကြွကြွ လှုပ်ရှားကြတာပါလို့ သူရဲ့အမြင်ကို ပြောပါတယ်။

ရုရှားနဲ့ အမေရိကန် နှစ်နိုင်ငံစလုံးဟာ အချင်းချင်း ပြိုင်ဆိုင်မှုတွေရှိနေပေမယ့် ဆီးရီးယားနိုင်ငံရဲ့ ငါးနှစ်ကြာစစ်ပွဲကို အဆုံးသတ်ဖို့ နိုင်ငံရေးအရ အဖြေရှာတဲ့ ဆွေးနွေးပွဲတွေမှာတော့ ပါဝင်ကြပါတယ်။ နှစ်နိုင်ငံစလုံးက စစ်ဘက်ဆိုင်ရာအကြီးအကဲတွေဟာလည်း ဆီးရီးယားပြည်တွင်းစစ် ချုပ်ငြိမ်းရေးနှင့်ပတ်သက်ပြီး ဂျီနီဗာမှာ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ကြတယ်။ အပစ်အခတ်ရပ်စဲရေးကို ဆွေးနွေးကြတယ်လို့ ကုလသမဂ္ဂ ဆီးရီးယားနိုင်ငံဆိုင်ရာ သံတမန်က ပြောပါတယ်။

ဆီးရီးယားပြည်တွင်းစစ် ချုပ်ငြိမ်းဖို့ ရုရှားတို့ရဲ့ စစ်ရေးဆောင်ရွက်မှုဟာဘယ်လောက်အထိ အရာရောက်သလဲဆိုတာကိုလည်း စောင့်ကြည့်ရမှာပါ။ အီရန်နိုင်ငံနဲ့ရုရှားနိုင်ငံရဲ့ ဆက်ဆံရေးတိုးတက်မှုမှတစ်ဆင့် ဘယ်လိုအကျိုးကျေးဇူးတွေရ မလဲဆိုတာကိုလည်း မကြာမီတွေ့မြင်ရတော့မှာပါ။

**ကိုးကား-ဆင်ဟွာ**

**၁၉-၈-၂၀၁၆**

**အီရန်နိုင်ငံရဲ့ လေတပ် အခြေစိုက်စခန်း အသုံးပြုခွင့်ကို ရုရှားတို့ရရှိလိုက်ခြင်းဟာ အရှေ့အလယ်ပိုင်းနိုင်ငံတွေရဲ့ လေတပ် အခြေစိုက်စခန်းတွေကို အသုံးပြုခွင့် ရနိုင်တဲ့နိုင်ငံဟာ အမေရိကန်နိုင်ငံ တစ်နိုင်ငံထဲမဟုတ်ဘူးဆိုတာကို ပြသဖို့ အခွင့်အရေးရလိုက်တာပါပဲ**


ကျော်
DB နှင့် DAဝင်ခွင့် နိုင်ငံခြားရေးဝန်ကြီးဌာနစာရေး
ပြန်ထမ်းဝင်အရာရှိရာထူး။ သစ်တော၊ စိစစ်ရေးမှူး(၂)၊
သည့်ရာထူးဝင်ခွင့်များသင်တန်းများဖွင့်ပြီ။ အထူးထုတ်စာအုပ်ရပြီ။
၃၆ဂု၊ ပထပ်၊ မဟာဗန္ဓုလလမ်း။ ၃၇-လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား။
Ph: 09421042332, 01-391533, 01-246288

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် – ၅၉/၈၅၊ ဒေါ်သိန်းတင်လမ်း ကန့်/နောက်ရပ်ကွက်၊ (၆–B)၊ (၂၀' x ၄၆') ရေမီးစုံတိုက်ခန်းကို ပိုင်ရှင်ဖြစ်သူ ဦးကျော်စွာထွန်း (၁၂/မဂတ (နိုင်) ၀၂၂၂၂၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများပြည်သူ သိရှိနိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ – ဦးမောင်မောင်တင် LL.B., D.B.L
တရားလွှတ်တော်ရှေ့နေ (၃၃၃၆/၈၅)
အမှတ်–၅၀၊ ဘဏ်လမ်း၊ (ပ–ထပ်/အေ–၇)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၅၀၇၀၈၇၀

## အမည်ပြောင်း

အထက(၂)စမ်းချောင်း၊ စတုတ္ထတန်း (သီဟ)မှ ဦးသန်းနိုင်ဦး ၅/ဘတလ (နိုင်)၀၄၃၆၂၅၏သမီး မနွေးနွေးလှိုင်အား မလင်းမြတ်ကေရီဟု ပြောင်းလဲခေါ်ပါရန်။ **မလင်းမြတ်ကေရီ**

## မွေးစာရင်းအမှန်

အဖဦးဘရန်ဆိုင်း(ကွယ်လွန်)၊ အမိဒေါ်ထုရှန်(၁/မကန(နိုင်)၀၆၀၁၀၀) တို့၏သမီး အ. ထ. က(၆)အလုံမြို့နယ်တွင် ပညာသင်ကြားနေသော မမွန်းမွန်းအောင် ၏မွေးစာရင်းအမှန်မှာ (၃. ၉. ၂၀၀၄) ဖြစ်ပါကြောင်းအသိပေးအပ် ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်မ မနန်းဆိုင်လိတ် MDYNW ၀၄၈၄၄၂၏ Passport No, M912962 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၃၆၅၆၃၃

## ပျောက်ဆုံးကြောင်း

ကျွန်မ မနန်းဆိုင်လုံ MDYNW ၀၄၈၄၄၃၏ Passport No, M912961 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၃၆၅၆၃၃

## ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ(နေပြည်တော်)
## ဖွင့်ပွဲအခမ်းအနားဖိတ်ကြားလွှာ

ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ(နေပြည်တော်)ဖွင့်ပွဲအခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဆောင်ရွက်မည်ဖြစ်ရာ ဖွင့်ပွဲသို့ စေတနာရှင်၊ အလှူရှင်များတက်ရောက်နိုင်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**(က) နေ့/ရက်** – ၂၀၁၆ခုနှစ် ဩဂုတ် ၂၄ရက်
**(ခ) မင်္ဂလာအချိန်** – နံနက် ၉နာရီတိတိ
**(ဂ) နေရာ** – ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်)
ရွှေကြာပင်လမ်းနှင့်မြတ်မင်္ဂလာလမ်းထောင့်၊ ဒက္ခိဏသီရိမြို့နယ်

ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြမည့်စေတနာရှင်၊အလှူရှင်များအနေဖြင့် ရိပ်သာအုပ်ချုပ်ရေးမှူးများ ဖုန်း– ၀၉–၄၄၈၅၃၅၁၁၁၊ ၀၉–၉၇၀၉၅၄၅၇၇၊ ၀၉–၉၇၄၃၀၆၀၅၃၊ ၀၉–၂၁၃၃၁၄၂တို့သို့ ၂၀၁၆ခုနှစ် ဩဂုတ် ၂၀ရက်နေ့ထက် နောက်မကျဘဲ ပြန်ကြားစာရင်းပေးကြပါရန်နှင့် မော်တော်ယာဉ်ဝင်ခွင့်ကတ်များကို ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်များတွင် ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူးများထံ လာရောက်ထုတ်ယူနိုင်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ**

# တောင်ကျရေကြောင့် ဟားခါးဆေးရုံ၌ ဆောက်လုပ်ဆဲ ရင်ခွဲရုံပြိုကျ

**ဟားခါး ဩဂုတ် ၂၂**
ချင်းပြည်နယ်၌ ရွာသွန်းခဲ့သောမိုးကြောင့် ဟားခါးမြို့ ရုန်းတောင် တောင်ကျရေစီးဆင်းမှုများ ဖြစ်ပေါ်ခဲ့ပြီး ယနေ့နံနက် ၅ နာရီဝန်းကျင်က ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံတွင်တည်ရှိသော ရင်ခွဲရုံတစ်ခု ပြိုကျပျက်စီးမှုဖြစ်ခဲ့သည်။

အဆိုပါတောင်ကျရေကြောင့် မြေသားများ ရွေ့လျားကာ ဟားခါးဆေးရုံရင်ခွဲရုံ ပြိုကျပျက်စီးခဲ့ရပြီး ဟားခါးမြို့မှန်တော်လမ်းရှိ ဟားခါးမြို့ရဲတပ်ဖွဲ့လူပျိုဆောင်ဝန်းကျင်ရှိ မြေသားများ မြေပြိုမှုများဖြစ်ခဲ့သော်လည်း အဆိုပါလူပျိုဆောင်များ ပျက်စီးခြင်းမရှိခဲ့ပေ။

"ဒီနေ့မနက်မှာပဲ ကျွန်တော်တို့ ပြည်နယ်ပြည်သူ့ဆေးရုံဝင်းထဲက ရင်ခွဲရုံ ပြိုတာနဲ့ ပြည်နယ် ကြက်ခြေနီစေတနာလုပ်အားရှင်တွေ အချိန်နဲ့တစ်ပြေးညီ



အကူအညီပေးနိုင်ဖို့ သွားရောက်ခဲ့တယ်။ ရင်ခွဲရုံကဆောက်လုပ်ဆဲ အသစ်မို့မည်သူမျှ မရှိဘူးလေ။ ဘာထိခိုက်မှုမှလည်းမရှိခဲ့ပါဘူး။ မိုးကတိတ်သွားတယ်။ တောင်ကျရေကတော့ဆက်လက်စီးဆင်းတယ်။ ရေလမ်းတစ်လျှောက် ဝဲ/ယာမှာရှိတဲ့ လူနေအိမ်တွေ ထိခိုက်မှုမရှိခဲ့ပါဘူး။ တကယ်လို့ သဘာဝဘေးအန္တရာယ်ကြောင့် တစ်ခုခုဖြစ်ခဲ့ရင်လည်း ကျွန်တော်တို့ ကြက်ခြေနီအဖွဲ့က အကူအညီပေးဖို့ အသင့်ရှိနေပါတယ်" ဟု ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ အထောက်အကူပြု အရာရှိ ကျဲအိုလျန်ကျုံးက ပြောကြားသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် အများပြည်သူတို့အတွက် ရှေးဦးပြုစုခြင်းနည်းပညာများ ဖြန့်ဝေပေးနေသည့်အပြင် သဘာဝဘေးအန္တရာယ်များကြောင့် စိတ်ဒုက္ခခံစားနေကြရမည့် အများပြည်သူတို့အား အချိန်နှင့်တစ်ပြေးညီ အကူအညီများပေးနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့များ (National Disaster Response Team)၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့ (Emergency Response Team)များကိုစနစ်တကျ လေ့ကျင့်သင်ကြားပေးလျက် အများပြည်သူတို့အား အကူအညီများပေးရန် အသင့်ရှိနေပြီဖြစ်သည်။ သို့ဖြစ်ရာ အများပြည်သူတို့အနေနှင့် သဘာဝဘေးအန္တရာယ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြက်ခြေနီစေတနာလုပ်အားရှင်များအား ပူးပေါင်းကူညီဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ အချိန်နှင့်တစ်ပြေးညီ ကူညီနိုင်ရန် သတင်းများပေးပို့ခြင်းဖြင့်လည်းကောင်း မိမိတို့လှူဒါန်းလိုသော အလှူငွေပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသို့ ပေးပို့လှူဒါန်းခြင်းဖြင့်လည်းကောင်း အကူအညီပေးနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးဦး(မန္တလေး)**

မြန်မာနိုင်ငံကြက်ခြေနီအသင်း
ဒွါဒသမ အကြိမ်မြောက်
မြန်မာနိုင်ငံကြက်ခြေနီညီလာခံ
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်
စုဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်၊ နေပြည်တော်

# ထန်တလန်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိမ်ပြို၍ ကလေးတစ်ဦးသေဆုံး



**ထန်တလန် ဩဂုတ် ၂၂**
ထန်တလန်မြို့နယ်တွင် ဩဂုတ် ၂၀ ရက်ကစ၍ ဩဂုတ် ၂၁ ရက် အထိ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက ထန်တလန်မြို့နယ် ထန်ဇန်းကျေးရွာအုပ်စု ဖုန်ကကျေးရွာတွင် လူနေအိမ်နှစ်လုံး ပြိုကျပြီး အသက် ငါးနှစ်အရွယ် မိန်းကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

"ဖုန်က ကျေးရွာက အိမ်မြေပြိုလို့ ကလေးမ တစ်ဦးသေဆုံးတဲ့ သတင်းကြားကြားချင်းပဲ ကူညီကယ်ဆယ်ရေးလုပ်ဖို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ သွားခဲ့ပါတယ်။ ထန်တလန်မှ ၃ မိုင် ၄ ဖာလုံ နဲ့ ၅ ဖာလုံအကြား ပေ ၅၀ အရှည်၊ အကျယ် ၁၂ ပေရှိတဲ့ လာဗားချောင်းသံပေါင်သစ်သားတံတားက ပျက်စီးသွားတဲ့အခါကျတော့ ဆက်သွားလို့မရဘူးဖြစ်တယ်"ဟု မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့အတူ ထန်တလန်မြို့ အမှတ် (၂) ရပ်ကွက်ရှိ ဦးရုန်လိန်းနှင့် ဦးလာလ်ထီယိုတို့နေအိမ်၊ အမှတ် (၃) ရပ်ကွက်ရှိ ဦးထောင်အုပ်တို့ နေအိမ်မှာလည်း ပြိုကျမည့်အခြေအနေမှာရှိနေသဖြင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ ပူးပေါင်း၍ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေးအတွက် ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ထားကြောင်း၊ နေအိမ်ပြိုကျမှုများအပြင် ထန်တလန်မြို့နယ်၏ အဓိကထွက်ပေါက်ဖြစ်သော ထန်တလန်-ဟားခါးလမ်းမှာလည်း ပျက်စီးသွားပြီး ဩဂုတ် ၂၁ ရက် ညနေ ၅ နာရီအထိ ရရှိသော သတင်းအရ ကျေးရွာချင်းဆက်လမ်း ၁၈ နေရာတွင် လမ်းပေါ်မြေပြိုမှုနှင့် လမ်းသားပဲ့ကျမှုများ ဖြစ်ပွားကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**( မြို့နယ် ပြန်/ဆက် )**

# အရာတော်မြို့၌ တောင်သူများ လမ်းလျှောက်ပြီး အေးချမ်းစွာ ဆန္ဒဖော်ထုတ်



**အရာတော် ဩဂုတ် ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့၌ ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီခွဲက တောင်သူ ဒေါ်စန်းစန်းမြင့်နှင့် ဒေါ်ခင်ဝင်း ဦးဆောင်သော တောင်သူ ၅၀ ခန့်သည် အရာတော်မြို့ နောင်ကြီးအိုင်- မြင်းမူလမ်းမကြီးအတိုင်း လမ်းလျှောက်ပြီး ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ အဆိုပါတောင်သူများ ဆန္ဒဖော်ထုတ်ရသည့် အကြောင်းရင်းမှာ အရာတော်မြို့၏ အရှေ့ဘက်လယ်ယာများအတွင်း ကွက်စိပ်ရိုက်ဖော်ဆောင်ထားသော အိမ်ရာများ ဖယ်ရှားရေးနှင့် လယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် လက်ကိုင်စပီကာများကို ကိုင်ဆောင်ကာ သိမ်းပိုက်လယ်ယာမြေများ ပြန်လည်ရရှိရေး ဒို့အရေး၊ ဒို့အရေးဟု ကြွေးကြော်ပြီး အေးချမ်းစွာ လမ်းလျှောက် ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

တောတောင်ရှိမှ၊ စမ်းရေရ၏

# ညောင်ကိုင်းအင်းအပါအဝင်အင်းများအတွင်း ကျူးကျော်နေထိုင်သူများအား ဥပဒေနှင့်အညီအရေးယူရန် မုံရွာခရိုင်စီမံခန့်ခွဲရေးကော်မတီက လက်မှတ်ရေးထိုးထုတ်ပြန်

**မုံရွာ ဩဂုတ် ၂၂**
မုံရွာမြို့ ညောင်ကိုင်းအင်းအပါအဝင် အခြားအင်းများအတွင်း ကျူးကျော်အခြေချနေထိုင်ခြင်းမရှိစေရန်နှင့် ကျူးကျော်နေထိုင်သူများအား ဥပဒေပြဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ရန် မုံရွာခရိုင် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ လက်မှတ်ရေးထိုး၍ ဩဂုတ် ၁၀ရက်နေ့စွဲဖြင့် ထုတ်ပြန်ထားကြောင်း သိရသည်။

ဥပဒေပြဌာန်းချက်များဖြင့် အရေးယူဆောင်ရွက်ရာတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း သိရသည်။

"မုံရွာမြို့မှာရှိတဲ့ကျီးအင်း (ကန်တော်ကြီး)လေ့ကူးအင်း၊ ထန်းတောအင်း၊ ညောင်ကိုင်းအင်း၊ ဆားကျင်းအင်းနဲ့ ရွာသစ်အင်းတို့ကိုမြေဖို့တာ ခြံမြေကွက်များ ဖော်ထုတ်ရောင်းချတာ၊ ကျူးကျော်အဆောက်အအုံတွေ ဆောက်လုပ်တာတွေကို ပြင်ဆင်ထိန်းသိမ်းဖို့နဲ့ တစ်နှစ်ပတ်လုံးရေထိန်းသိမ်းထားရှိနိုင်ဖို့အတွက် မုံရွာမြို့ ညောင်တပင်လမ်းမှာနေတဲ့ ဆရာကြီးဦးသာဌေးပါဝင်တဲ့ ၁၇ ဦးရဲ့တင်ပြချက်အပေါ်သက်ဆိုင်ရာက ကွင်းဆင်းစစ်ဆေးပြီး တိုင်းဒေသကြီးအစိုးရကို တင်ပြရာမှာ အကြံပြုတင်ပြချက်တွေအတိုင်း ဆောင်ရွက်ဖို့ညွှန်ကြားလာတဲ့အတွက် စတင်အကောင်အထည်ဖော် ဆောင်ရွက်တာပဲဖြစ်ပါတယ်"ဟု မုံရွာခရိုင်စီမံခန့်ခွဲရေးကော်မတီတာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အင်းများအတွင်း ရေခန်းသည့်အချိန်တွင် အင်းရေဝင်သိုလှောင်မှုပိုမိုများပြားစေရေးအတွက် အင်းမြေ၏အနက်ထက် ငါးပေ မှ ၁၀ပေအထိ မြေသားများဆယ်တင်ပြီး ချင်းတွင်းမြစ်တာရိုးဖို့ခြင်းလုပ်ငန်းတွင် ဆယ်တင်ထားသောမြေသားများဖြင့်တာဖို့ခြင်းကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မုံရွာခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အချို့အင်းများမှာ ရေသိုလှောင်မှုနည်းလာသဖြင့် အင်းအနက်ကို ငါးပေမှ ၁၀ပေ အထိမြေသားဆယ်တင်၍ အင်းပတ်လမ်းဆောင်ရွက်ရန်အတွက် စီမံချက်ရေးဆွဲကာလိုအပ်သောရန်ပုံငွေတောင်းခံခြင်းနှင့် ရန်ပုံငွေခွဲဝေရရှိပါကဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။




ထို့ပြင် မုံရွာ စက်မှုဇုန်အဝင်လမ်း ဆားကျင်းသုသာန်သွားလမ်းဘေးရှိ ဆားကျင်းအင်းတွင် စက်မှုဇုန်မှစွန့်ထုတ်သော ရေဆိုးများရှိနေရာမြို့လူထု၏ ကျန်းမာရေးကိုထိခိုက်လာစေ သဖြင့် ရေဆိုးရှင်းလင်းဖယ်ရှားရေးနှင့်အင်း၏ အနက်ပေတိုးမြှင့်ရန်မြေသားဆယ်တင်ပြုပြင်ခြင်းတို့ကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေး ကော်မတီက ဇွန် ၂၄ ရက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရေးဆွဲတင်ပြခဲ့သော ကျောက္ကာထန်းဇလုပ်ချောင်း လူထုအပန်းဖြေဥယျာဉ် တိုးချဲ့တည်ဆောက်ရေးစီမံချက်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်စဉ် ချင်းတွင်းမြစ်ရေတက်စဉ် ကာလအတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာနနှင့် မုံရွာခရိုင် ငါးလုပ်ငန်း ဦးစီးဌာနတို့ ညှိနှိုင်း၍ ပြုပြင်ပြီးသော အင်းများအတွင်း ရေသိုလှောင်မှုပမာဏ တိုးတက်သိုလှောင်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## အမှုကိစ္စအောင်မြင်စေရန်ဆိုပြီး ငွေကျပ် ၄၁၅ သိန်း လိမ်လည်တောင်းယူသူအား အရေးယူ

**နေပြည်တော် ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နေ ဦးမောင်မောင်ညွန့်(ဗိုလ်မှူး-ငြိမ်း)သည် မြစ်ကြီးနားမြို့နေ ဒေါ်ဖြူဖြူဝင်းထံမှ ၎င်း၏ ခင်ပွန်းဖြစ်သူ ဦးသိန်းဝင်း(ခ) ဟာဂျီဟာဆန်၏ အမှုကိစ္စနှင့်ပတ်သက်၍ ဌာနဆိုင်ရာအကြီးအကဲများအား ငွေကြေးပေး၍ သက်သာအောင် ဆောင်ရွက်ပေးမည်ဟုဆိုကာ ငွေကျပ် ၄၁၅ သိန်းအား ကမ္ဘောဇဘဏ်မှတစ်ဆင့် ရယူခဲ့သည်။ ယင်းသို့ ဌာနအကြီးအကဲများကို ပေးရမည်ဟု ဥပဒေနှင့်မညီသော နည်းလမ်းဖြင့် လိမ်လည်ပြောဆိုရယူပြီး ၎င်း၏ ကိုယ်ကျိုးအတွက်သာ သုံးစွဲခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့မှ ဗိုလ်ကြီး ပိုင်စိုးသူက ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၃ ရက်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် တောင်ငူမြို့မရဲစခန်းက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀/ ၁၆၂ အရ အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းအမှုမှ တရားလိုစစ်ဆေးခြင်း၊ တရားခံဖမ်းဆီးစစ်ဆေးကာ ခံဝန်ပေးခြင်းနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးက အမှုအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုရန် ဥပဒေအကြံပြုချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ အမှုတွဲအား လွှဲပြောင်းပေးပို့ခဲ့ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းကာ စစ်ဆေးဆောင်ရွက်မှုများပြုလုပ်ပြီး ဦးမောင်မောင်ညွန့်အား ဩဂုတ် ၂၂ ရက်တွင် တောင်ငူမြို့နယ်တရားရုံး၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၇ ဖြင့် တရားစွဲဆိုအရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တာချီလိတ်၌ မူးယစ်ဆေးဝါးနှင့် လက်နက်ဖမ်းဆီးရမိ

**တာချီလိတ် ဩဂုတ် ၂၂**

မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၀ ရက်က ပြစ်မှုကျူးလွန်သူ ဘော်စကို(ခ)အားဂါသည် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် ဒေါ်နန်းနွမ်းပိုင် နေအိမ်လိုင်းခန်း အခန်းအမှတ်(A-3)၌ ရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ဘော်စကို(ခ)အားဂါနှင့်အတူ စိုင်းရှုန်တစ်အား အခန်းအတွင်း တွေ့ရှိဖမ်းဆီးရမိပြီး ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၃၄ ပြား သိမ်းဆည်းရရှိခဲ့သည်။

ဆက်လက်၍ ဘော်စကို(ခ)အားဂါ၏ ထွက်ဆိုချက်အရ ၎င်းကိုင်ဆောင်အသုံးပြုသည့် သေနတ်အား တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် အားခေရွာရှိ အဒေါ်ဖြစ်သူ ဒေါ်အားဒိုပိုင် ခြံဝင်းနှင့် ကိုက် ၁၀၀ ခန့်အကွာ ရေမြောင်းစပ်၌ ဝှက်ထားကြောင်း စစ်ဆေးသိရှိရသဖြင့် သွားရောက်ရှာဖွေရာ ကျောပိုးအိတ်ဖြင့်ထည့်၍ ဝှက်ထားသော ခြောက်လုံးပြူးသေနတ်တစ်လက်အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့ကြောင့် မူးယစ်ဆေးဝါးများအပါအဝင် သေနတ်တစ်လက်နှင့်အတူ ဖမ်းဆီးရမိသူ ဘော်စကို(ခ)အားဂါ (၃၁ နှစ်)နှင့် စိုင်းရှုန်တစ် (၃၂ နှစ်)တို့အား တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်ယဉ်ကျေး**



ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

## ဘုရားသုံးဆူမြို့မှ တရားမဝင်လက်နက်များကိုင်ဆောင် လက်ဝယ်ထားရှိသူအား ဖမ်းဆီးရမိ

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၂၂**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ အမှတ် (၄)ရပ်ကွက် ကရင်စုကွက်သစ်ရှိ မွှေးမွှေးသစ်စက်အတွင်းရှိ နေအိမ်အား သတင်းအရ ဩဂုတ် ၁၈ ရက်က ရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့တို့ ဝင်ရောက်ရှာဖွေခဲ့ရာ လက်ပစ်ဗုံးတစ်လုံးအပါအဝင် လက်နက်ခဲယမ်းမျိုးစုံတို့ကို သိမ်းဆည်းရမိခဲ့သည်။



ဘုရားသုံးဆူရဲစခန်းမှူး ရဲအုပ်ကျော်စိုးသန်း ဦးစီးသော ပူးပေါင်းအဖွဲ့သည် ဘုရားသုံးဆူမြို့ အမှတ်(၄) ရပ်ကွက် မွှေးမွှေးသစ်စက်အတွင်းရှိ နေအိမ်ကို ဩဂုတ် ၁၈ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က ဝင်ရောက်ရှာဖွေရာ ကရင်စုကွက်သစ်နေ မျိုးနိုင်ဦး(ခ) ပြာလောင်(ခ) စောက်ရမ်း (၃၂ နှစ်)ကို တွေ့ရှိရပြီး ပွိုင့် -၂၂ သေနတ်တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်း ကျည်တောင့် ၁၂၀၊ အမ်-၁၆ ပြောင်းတို တစ်လက်၊ ၎င်းကျည်အိမ် အတို တစ်ခု၊ အရှည် တစ်ခု၊ ၎င်းကျည်တောင့် ၇၀၊ ၉ မမ ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၂၅ တောင့်၊ ဂက်စ်ပစ္စတို သေနတ် တစ်လက်၊ ကျည်အိမ် တစ်ခု၊ ကိုးလုံးကျည်ပြောင်းချော တစ်လက်၊ ၎င်းကျည် ရှစ်တောင့်၊ ဒေသန္တရလုပ် သေနတ် တစ်လက်၊ တူမီး တစ်လက်၊ အမ်-၂၆ လက်ပစ်ဗုံး တစ်လုံးတို့ကို တွေ့ရှိ သိမ်းဆည်းခဲ့သည်။

လက်နက်ခဲယမ်းများအား လက်ဝယ်ထားရှိသူ မျိုးနိုင်ဦးအား ဘုရားသုံးဆူနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## စစ်ကိုင်းမြို့ ကမ်းနားလမ်း၌ လက်ပစ်ဗုံးငါးလုံးထည့်ထားသည့် ပိုင်ရှင်မဲ့ကျောပိုးအိတ်တစ်လုံးတွေ့ရှိ

**စစ်ကိုင်း ဩဂုတ် ၂၂**

စစ်ကိုင်းမြို့ ကမ်းနားလမ်း 3 Colour လက်ဖက်ရည်ဆိုင်အနီးမှ လက်ပစ်ဗုံး ငါးလုံးနှင့် စနက်တံ ငါးခု ထည့်ထားသည့် ပိုင်ရှင်မဲ့ကျောပိုးအိတ်တစ်လုံးကို တာဝန်ရှိပြည်သူတို့၏ သတင်းပေးမှုကြောင့် ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက သက်ဆိုင်ရာမှ တာဝန်ရှိသူများက သွားရောက်စိစစ်သိမ်းဆည်းခဲ့ကြသည်။

စစ်ကိုင်းမြို့ စိန်ကုန်းရပ်နေ ကိုနန်းဝါ (၃၄ နှစ်) ကမ္ဘာ့ကျော် ထုံးစက်လုပ်သူသည် ရောဝတီမြစ်ရေများ ပြန်လည်ကျဆင်းသွားသဖြင့် ရေ၌ မျောပါလာသည့် ဘူးသီးခြောက်များ ကမ်းနားတစ်လျှောက် လိုက်လံကောက်ယူစဉ် 3Colour လက်ဖက်ရည်ဆိုင်အနီး မြစ်ကမ်းနံဘေး၌ ကျောပိုးအိတ်တစ်လုံးအား တွေ့ရှိ၍ မသင်္ကာဖွယ်ပစ္စည်းများပါရှိသည်ဟု စစ်ကိုင်းမြို့ မရှိခဏဘုရားအနီး ကွမ်းယာရောင်းသူ ဦးဖိုးပြုံး (၃၇ နှစ်)က သက်ဆိုင်ရာသို့ ဖုန်းဖြင့် ဆက်သွယ်သတင်းပေးပို့ခဲ့သည်။ စစ်ကိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး မြသင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဉာဏ်သောင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ထွန်းနိုင်တို့က သွားရောက်ကြည့်ရှုစစ်ဆေးကြရာ အဆိုပါ ကျောပိုးအိတ်အတွင်း၌ ပလတ်စတစ်အိတ်နှင့်ထည့်လျက် OT - 536 / 2005 MG-I တံဆိပ်ပါ အစိမ်းရောင်လက်ပစ်ဗုံးငါးလုံးနှင့် ပလတ်စတစ်ကော်ဘူးနှင့် ထည့်ထားသည့် စနက်တံ ငါးခုတို့ကို တွေ့ရှိသဖြင့် (အောက်ပုံ) သက်သေများရှေ့၌ သိမ်းဆည်းခဲ့ပြီး တွေ့ရှိပစ္စည်းများအား မွန်းလွဲ ၂ နာရီတွင် နယ်မြေခံတပ်သို့ လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**




ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။

မလေးရှားအလည်ဗီဇာ (Social Visa) ဝန်ဆောင်မှု
တရားဝင် "eVisa" လျှောက်ထားပေးခြင်းဖြစ်ပါသည်။
တစ်ရက် (24) နာရီသာကြာမြင့်မည်။
52,000 ကျပ် သာကျသင့်မည်။
လူကိုယ်တိုင်မလာဘဲ Viber & Email တို့ဖြင့်လည်း ဝန်ဆောင်မှုရယူနိုင်ပါသည်၊
အသေးစိတ်ကို Facebook "Ctam Visa" တွင်ဝင်ရောက်လေ့လာနိုင်သည်၊
ဆက်သွယ်ရန် – C.T.A.M Travels & Tours Co.,Ltd
အမှတ် (၃၀/၃၄)၊ ၃၉ လမ်း၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
PH - 09 963941123 , 09 963941125 (ကားမှတ်တိုင်နီးသည်/ ကားပါကင်လွယ်သည်)

"မလေးရှားနိုင်ငံသို့ လစာကောင်းကောင်းဖြင့် သွားရောက်လုပ်ကိုင်လိုသူများအတွက် အမြန်သင်တန်းပေးနေသည်"
လူဦးရေ ကန့်သတ်ထားသည်
Welder/General Fitter- သင်တန်း
လစာ – RM 1200 to 1500 + (OT)
စုံစမ်းရန် – TKSS သင်တန်းကျောင်း
Ph- 09 457779233

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် လိုင်စင်မဲ့မော်တော်ယာဉ်များအား ရောင်းချရန် အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်ခြင်းအားခေတ္တဆိုင်းငံ့ထားပါကြောင်း
ကြေညာခြင်း
၁။ ၂၀၁၆ခုနှစ် ဩဂုတ်လ ၂၃၊ ၂၄၊ ၂၅ ရက်များတွင် ကျင်းပမည့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် လိုင်စင်မဲ့မော်တော်ယာဉ် ၁၁၉စီးအား အိတ်ဖွင့်တင်ဒါ Open Tender စနစ်ဖြင့် လေလံတင်ရောင်းချရန် အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်ခြင်းအားခေတ္တဆိုင်းငံ့ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပြန်လည်ဖွင့်လှစ်မည့်ရက်ကို ထပ်မံအသိပေးကြေညာမည်ဖြစ်ပါသည်။
၃။ လက်ရှိပေးသွင်းထားသော PO ချက်များကို ၂၃-၈-၂၀၁၆ရက် နံနက် ၁၀နာရီမှစ၍ မန္တလေးတိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံးတွင် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
လိုင်စင်မဲ့မော်တော်ယာဉ်များ အိတ်ဖွင့်တင်ဒါရောင်းချရေးကော်မတီ

မွေးသက္ကရာဇ်အမှန်
တောင်သာမြို့၊ နတ်စောင်ကျေးရွာနေ ဦးစ၏သမီး မသန်းဌေး ၉/တသန(နိုင်)၀၅၇၈၃၄၏ မွေးသက္ကရာဇ် အမှန်မှာ ၂၀-၇-၁၉၆၆ ဖြစ်ပါကြောင်း။

အမည်ပြောင်း
တောင်သာမြို့နယ်၊ ကျွဲဆင်းကျေးရွာနေ ဦးဇော်ဝင်း ၉/ပမန(နိုင်)၁၄၅၄၄၈၊ ဒေါ်သက်မာ ၉/တသန(နိုင်)၁၃၀၅၄၇ တို့၏သား မောင်အောင်မင်းခန့်အား မောင်တေဇာလင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ မောင်တေဇာလင်းခန့်

တစ်ဦးတည်းဖြစ်ပါကြောင်း
သဲကုန်းမြို့နယ်၊ (၂)ရပ်ကွက်မှ မပန်းအိခိုင်၏ ဖခင် ဦးထွေးလှိုင်(ခ) ဦးကျော်ထူး ၇/သကန(နိုင်)၀၅၉၄၈၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးထွေးလှိုင်(ခ)ဦးကျော်ထူး

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ဦးအာရ်ကူမာရ် ၁၂/လမန (နိုင်)၁၁၀၅၁၂ ၏ SSO (000887014) လက်မှတ်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ဖုန်း-၀၉-၅၁၄၂၈၉၈

အမည်ပြောင်း
ဦးထွန်းထွန်းအောင်၏ သမီး စစ်တွေမြို့၊ အထက(ခွဲ)၊ လ(၈)မ ကျည်းမြိုင်၊ ပထမတန်းမှ မဆုလတ်ဖြူအား မဆုလာဘ်ဖြူဟု ပြောင်းလဲခေါ်ပါရန်။ မဆုလာဘ်ဖြူ

အမည်မှန်နှင့် မွေးသက္ကရာဇ်မှန်
မှော်ဘီမြို့နယ် စက်မှုလက်မှုအထက်တန်းကျောင်း (ရွာမ) Second Years မှ ဦးကျော်ထွန်း၏သမီးအမည်မှန်မှာ မသရုပကျော် (၁၂/မဘန(နိုင်)၁၄၅ ၅၃၆) ဖြစ်ပြီး မွေးသက္ကရာဇ်မှန်မှာ ၂၀-၁၀-၂၀၀၀ ဖြစ်ပါကြောင်း။



လူပျောက်ကြော်ငြာ
ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ထီရိုးယံတန်ရွာနေ ဒေါ်နန်းလွဦး၏သား ခွန်သက်နိုင်သည် လွန်ခဲ့သော (၅)နှစ်ခန့်က ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ဘုန်းတော်ပြည့် ကျောင်းတိုက်မှ ထွက်သွားပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြား ဆက်သွယ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဆက်သွယ်ရန်ဖုန်း - ၀၉-၇၉၉၆၆၀၄၉၇၊ ၀၉-၇၉၅၃၄၅၂၀၅

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 2J/3119၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် ၉ဂ/၄၁၁၂၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

# ပွင့်လန်းနေသော ပန်းကလေးများ

## ဒေါက်တာမင်းသန့်(ဒဿန)

❊ ပန်းရန်ဆရာ မည်မျှပင် တော်တော်... မည်သို့ပင်ကျွမ်းကျွမ်း...
❊ အုတ်ကောင်း၊ ဘိလပ်မြေကောင်းတွေနဲ့ မတွေ့ရင်...
❊ အဆောက်အအုံကောင်း... ဖြစ်မလာနိုင်ပါဘူးတဲ့...
❊ လူတွေဟာလည်းပဲ... ဘယ်လောက်ပဲတော်တော်... ဘယ်မျှပဲ ထူးချွန်...ထူးချွန်...
❊ မိဘကောင်း၊ ဆရာသမားကောင်း၊ ပတ်ဝန်းကျင်ကောင်းနဲ့ မတွေ့ရရင်... ဘဝမတိုးတက်နိုင်ပါဘူးတဲ့။

ဒီစာစုလေး မကြာခဏ ဖတ်ဖူး၊ ကြားဖူးနေတာကြာပြီဗျ၊ ကျွန်တော်လက်ရှိ အခြေအနေနဲ့ ထင်ဟပ်နေတာ သတိမထားမိဘူး။ ကျွန်တော် မချမ်းဘောကို ခွင့်ပြန်ရင်း ကိုကြီး ဆိုင်မောဝ်နဲ့တွေ့လို့ ပြောကြ၊ ဆိုကြရင်း ကျွန်တော်ဟာ မိကောင်းဖကောင်း၊ ဆရာသမားကောင်း၊ ပတ်ဝန်းကျင်ကောင်းနဲ့ တွေ့နေရပါလားလို့ သိလာရတယ်ဗျာ။ ကျွန်တော့်ကို ကျွန်တော်လည်း တကယ်အားမရပါဘူး။ လည်မလိုလိုနဲ့ ခပ်တုံးတုံးဖြစ်တာများတယ်၊ ကိုယ်ဘာလုပ်နေတယ်၊ ကိုယ်ဘာဖြစ်လာမယ်၊ ဘယ်လိုပတ်ဝန်းကျင်ကောင်းတွေရှိတယ်ဆိုတာ ကိုကြီးဆိုင်မောဝ်နဲ့တွေ့မှ၊ ပြောဆိုမိမှ ကောင်းကောင်းနားလည်သွားတာဗျို့။

ဒီလို... ဒီလိုဗျို့ ကျွန်တော်က ကချင်ပြည်နယ် မြစ်ကြီးနားအထက်ဘက် ပူတာအိုမြို့မြောက်ဘက်က မချမ်းဘောဆိုတဲ့ မြန်မာပြည်မြောက်ဖျားက မြို့လေးတစ်မြို့ ရှိတယ်။ အထင်ကရမြို့ကလေးလို့ ပြောလို့ရတယ်။ အဲဒါ ကျွန်တော့် ဇာတိချက်မြှုပ်ပါ။ ကချင်ပြည်နယ်ကဆိုလို့ ကျွန်တော်က ကချင်တိုင်းရင်းသား မဟုတ်ဘူးနော်၊ ရှမ်းတိုင်းရင်းသားပါ။ ပူတာအိုဘက်၊ မချမ်းဘောဘက်မှာ ကောင်းမှုလိုရှမ်းတွေရှိတယ်။ ခန္တီးရှမ်းလို့လည်း ခေါ်တယ်။ အံ့သြစရာမရှိပါဘူးဗျာ။ ကျွန်တော်တို့မြန်မာပြည်တစ်နံတစ်လျားမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဆိုတဲ့ ၁၃၅ မျိုးသော ညီနောင်တိုင်းရင်းသားတွေအတူတကွ ပျံ့နှံ့နေထိုင်ကြတာလေ။ တစ်ဖအေ၊ တစ်မအေတည်းကမွေးတဲ့ သားသမီးတွေလိုပေါ့ဗျာ။ အစက အဲဒီလို ကျွန်တော် ကောင်းကောင်းမတွေးတတ်ဘူးဗျာ။ အခုတော့ ကျွန်တော်က NYRDDC ဒုတိယနှစ် သိပ္ပံကျောင်းသားဆိုတော့၊ အခုလို အဆင့်မြင့်မြင့် တွေးခေါ်၊ ပြောဆိုတတ်နေပြီဗျာ။ ကျွန်တော် ခွင့်တစ်လခွဲရလို့ ပြန်လာတာလေ၊ ကျွန်တော်က စာသင်ခဲ့ရ၊ လေ့ကျင့်ခဲ့ရတာတွေနဲ့ ပတ်သက်ပြီး အစာမကြေတာလေးတွေပါလာတာ ကိုကြီးဆိုင်မောဝ်နဲ့တွေ့မှ အစာကြေရုံတင်မကဘူး၊ ရင်ပါချောင်ပြီး လင်းသွားတာဗျို့။

အော်...ကိုကြီးဆိုင်မောဝ်နဲ့ ပတ်သက်ပြီး ဘာမှ မပြောရသေးဘဲကိုး၊ ဒီလိုဗျ၊ ကိုကြီးဆိုင်မောဝ်က ကျွန်တော့်ရဲ့ အစ်ကိုတစ်ဝမ်းကွဲ၊ ကျွန်တော့်ထက် အသက် ၁၂ နှစ်လောက်ကြီးတယ်၊ သူလည်း ရှမ်းတိုင်းရင်းသား၊ ကျွန်တော်နဲ့ မျိုးနွယ်တူ။ သူ့ကြောင့် ကျွန်တော်ဒီ NYRDDC ကျောင်းကြီးကို တက်ဖြစ်တာလေ။ ကျွန်တော် အစာမကြေတာ သူလည်းပါတာပေါ့။ သူက နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (နတလ)ကလေ။ နယ်လှည့် (ဖဖရ)ရုံးက လက်ထောက်ညွှန်ကြားရေးမှူးပေါ့။ သူက NYRDDC အပတ်စဉ်(၁)က ဆင်းတာလေ။ ဒီနှစ် ၂၀၁၆ ခုနှစ်မှာ NYRDDC (ရန်ကုန်)က ဆင်းမှာ၊ အပတ်စဉ် (၁၄)ပေါ့။ ဩော် NYRDDC ဆိုတာ Nationalities Youth Resource Development Degree College (ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်)လို့ ခေါ်တာနော်။

ကျွန်တော် ၁၀ တန်းအောင်တော့ မြစ်ကြီးနားတက္ကသိုလ်ကို ကျောင်းတက်ချင်တာဗျ၊ ကိုကြီးဆိုင်မောင်ဝ်က ကျွန်တော့်ရဲ့မဲ့(အမေ)ကိုပြောပြီး NYRDDC ကျောင်းတက်ဖို့ ဝင်အရွေးခံခိုင်းတယ်။ ကျွန်တော့်ရဲ့ဥ(အု)(အဖေ) ကွယ်လွန်တာ ကြာပြီလေ။ မဲ့(အမေ)က ကိုကြီးဆိုင်မောဝ်ကိုအားကိုးတယ်။ ယုံတယ်လေ။ ကျွန်တော် မလွန်ဆန်နိုင်လို့ စိတ်မပါ့တပါနဲ့ ဝင်အရွေးခံခဲ့တယ်။ ပါတာ မပါတာ အရေးမကြီးဘူးပေါ့။ မပါရင် မြစ်ကြီးနားတက္ကသိုလ် ပြေးတက်လိုက်မယ်လေ။ ကံကြမ္မာက ကျွန်တော့်ကို မျက်နှာသာမပေးပါဘူးဗျာ။ ကျွန်တော် အရွေးခံရတယ်လေ။ ကျွန်တော်တို့ ကချင်ပြည်နယ်က လူ ၃၀ အရွေးခံရတယ်။ ကျောင်းတက်တော့ NYRDDC စစ်ကိုင်း ၁၅ ယောက်၊ ရန်ကုန် ၁၅ ယောက်၊ ကျွန်တော်က ရန်ကုန် ၁၀ တန်း အောင်တုန်းက အမှတ်စာရင်းအရ ကျွန်တော်က သိပ္ပံတွဲရခဲ့တယ်။ အဲဒါ ပထမနှစ် ဖြေဆိုအောင်မြင်ပြီးလို့ ဒုတိယနှစ်တက်ရတယ်။ ခွင့်တစ်လခွဲရလို့ အိမ်ပြန်လာတာ၊ အိမ်ရောက်တော့ မဲ့ရယ်၊ ညီမလေး နန်းပန်းဖူးဝ်ရယ် ပျော်လိုက်တာ။ တစ်နှစ်ကျော်ကျော်ခွဲခွာနေရတာ မဲ့ကျွေးတာတွေ အားရပါးရစား၊ နောင်ရင်းနန်းပန်းနဲ့ စကားတွေတွတ်ထိုး၊ အဲဒီမှာ ကိုကြီးဆိုင်မောဝ်ရောက်လာတာပါပဲ။

"ဘယ်လိုလဲ NYRDDC ကျောင်းသားကြီး၊ အသားတွေမည်းပြီး ပိန်သွားမလား အောက်မေ့တာ ဝဖြိုးပြီးအရပ်ကြီး ထွက်လာလိုက်တာ။ ငါ့ ညီလေးမှ ဟုတ်ရဲ့လားကွ"

"ဟား ကိုကြီးဆိုင်မောဝ် ဘယ်က လှည့်လာလဲ၊ အသားမည်းပြီး ပိန်သွားတာ ကိုကြီးဗျ"

"အေးကွာ နောင်စိုင်းရေ အလုပ်က များသဟေ့။ လမ်းတွေလည်းဖောက်၊ တံတားတွေလည်းဆောက်၊ မအားရဘူးဟေ့။ မြင်တဲ့အတိုင်းပဲ မည်းပြီးချောင်သွားတာပဲ။ ဘယ်နှယ့်လည်း ကျောင်းသားကြီး စာတွေလိုက်နိုင်ရဲ့လား၊ အဆင် ပြေရဲ့လားကွ"

"မလိုက်နိုင်လို့လည်း မရဘူးလေဗျာ။ ကလေးတွေလိုပဲ ကြီးကြပ်မယ့်သူတွေက အများကြီးဗျ၊ စာကြည့်ချိန်အပြည့်ကြည့်၊ အိပ်ချိန်မှာ အပြည့်အိပ်လေ၊ အပြင်တက္ကသိုလ်မှာဆို ကိုယ့်မေဂျာဘာသာ၊ မိုင်နာဘာသာ ဒါပဲ လုပ်ရမှာ၊ ခုတော့ အဲဒါတွေအပြင်၊ ကွန်ပျူတာဘာသာ၊ ပြည်ထောင်စုစိတ်ဓာတ် ဘာသာ၊ အဆင့်မြင့်ယဉ်ကျေးမှုဘာသာ၊ ကိုယ်ကျင့်တရားဘာသာ၊ ခေါင်းဆောင်မှုဘာသာ စတဲ့ ဘာသာရပ်တွေ ထပ်ဆောင်းသင်ရ၊ လေ့ကျင့်ရ၊ ဖြေဆိုရနဲ့...တော်တော်ပင်ပန်းတာဗျ။"

"အမယ်... အမယ်... မကျေနပ်ဘူးပေါ့လေ။ နောင်စိုင်းရယ် ဒီဘာသာရပ်တွေက နေရာတိုင်းမှာ သင်လို့မရနိုင်ဘူးလေ။ နိုင်ငံတော်အကြီးအကဲတွေက၊ နောင်စိုင်းတို့ကို သာမန်တက္ကသိုလ်ကျောင်းသားတွေ၊ သာမန်ဝန်ထမ်းတွေအဖြစ် မွေးထုတ်ပေးနေတာမှ မဟုတ်တာ၊ မိမိဒေသကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြမယ့် မျိုးဆက်သစ်တွေ၊ တစ်ချိန်ချိန်မှာ မိမိဒေသ၊ မိမိပြည်နယ်၊ တိုင်း၊ မိမိနိုင်ငံတော်ကို ဦးဆောင်ကြမယ့် ခေါင်းဆောင်လောင်းတွေ မွေးထုတ်ပေးရတာလေ၊ အဲဒီခေါင်းဆောင်တွေဟာ ပညာတတ်တွေ၊ မိမိတို့ရဲ့ အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်ကြမယ့် ဝံသာနုရက္ခိတတရားရင်ဝယ်ပိုက်ထားတဲ့သူတွေ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်နေတဲ့ ပြည်ထောင်စုရဲ့အားမာန်တွေ၊ ကိုယ်ကျင့်တရားကောင်းတဲ့ ခေါင်းဆောင်ငယ်တွေဖြစ်ဖို့ လေ့ကျင့်ပေးနေတာလေ နောင်စိုင်းရဲ့"

ကိုကြီးဆိုင်မောဝ်က စကားတတ်တိုင်း ပြောနေတာလား မသိဘူးဗျ၊ ကျွန်တော်ငြိမ်ပြီး နားထောင်နေတယ်။ သူလည်း ဒါတွေသင်ကြားလေ့ကျင့်ခဲ့ရတော့ ဟုတ်မှာပေါ့လေ။

"ကဲ နောင်စိုင်း...မင်းကျောင်းတက်တော့၊ တစ်နိုင်ငံလုံးက တိုင်းရင်းသားတွေ လူငယ်တွေ အစုံမင်းတွေ့ခွင့်၊ သိခွင့်၊ ရင်းနှီးခွင့်ရတယ်လေ။ သူတို့တစ်တွေကလည်း မင်းရဲ့ အသွေးအသားတွေပဲလေ။ ညီအစ်ကိုတွေပဲပေါ့။ အခုကတည်းက ရင်းနှီးချစ်ခင်မှု ခိုင်မြဲထားရင် တစ်ချိန်ချိန်မှာ ပြည်နယ်အလိုက်၊ တိုင်းဒေသကြီးအလိုက်၊ မင်းတို့တစ်တွေ ခေါင်းဆောင်တွေဖြစ်လာကြတဲ့အချိန်မှာ ပိုမိုရင်းနှီးချစ်ခင်စွာအတူလက်တွဲကြပြီး ပြည်ထောင်စုကြီးကို ဦးဆောင်နိုင်ကြမှာပေါ့ကွယ်"။

အင်း...အစ်ကိုကြီးဆိုင်မောဝ်ဟာ ကြီးလာလေလေ၊ စကားကြီးစကားကျယ်တွေ ပြောလေလေပဲလို့ ကျွန်တော်ထင်မိတယ်။ အစ်ကိုကြီးကို ကျွန်တော် ပေါ့ပျက်ပျက်ပြောလိုက်တာ မဟုတ်ပါဘူး။ အစ်ကိုကြီးကို ကျွန်တော် လေးစားပါတယ်၊ ချစ်လည်းချစ်ပါတယ်။ သူပြောတာတွေက လေးနက်လွန်းလို့ အံ့သြနေတဲ့သဘောပါ၊ အစ်ကိုကြီးက ဆက်ပြောတယ်။

"နောင်စိုင်း...မင်းတို့တွေ အလွန်ကံကောင်းတယ်ကွ၊ နိုင်ငံတော်က တိုင်းရင်းသားလေးတွေကို လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်စေဖို့ NYRDDC (ရန်ကုန်၊ စစ်ကိုင်း) ဒီဂရီကောလိပ်နှစ်ခုမှာ ၁၀ တန်းအောင်ပြီးသားလူငယ်လေးတွေကို ဝိဇ္ဇာ၊ သိပ္ပံ၊ အင်ဂျင်နီယာ သင်တန်းတွေ နိုင်ငံတော်စရိတ်နဲ့ အစစအရာရာ အကုန်အကျခံပြီး ဆောင်ရွက်ပေးနေတာပေါ့။ ကဲ... နောင်စိုင်းပြောစမ်း၊ ဒီကျောင်းတွေ စတက်ကတည်းက ကျောင်းကိုလာတဲ့ လမ်းစရိတ်ကအစ... နေထိုင်ဖို့ သုံးထပ်အိပ်ဆောင်တွေ၊ သုံးထပ်စာသင်ဆောင်ကြီးတွေ စားရိပ်သာကြီးတွေနဲ့... မနက်၊ နေ့လယ်၊ ည တစ်ရက် သုံးနပ် နေ့စဉ်အသားဟင်းနဲ့ ကျွေးမွေးစရိတ်၊ တိုက်ပုံ၊ ရှပ်အင်္ကျီလက်တို၊ လက်ရှည်၊ အနွေးထည်၊ အားကစားဝတ်စုံ၊ ကျောင်းဝတ်စုံ၊ ပုဆိုးစတဲ့ အဝတ်အထည်တွေ၊ စတီးပုံစံပန်းကန်၊ ဟင်းထည့်ပန်းကန်၊ ဇွန်း၊ ခက်ရင်းစတဲ့ စားရိပ်သာသုံးပစ္စည်းတွေ...(စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ အိပ်ရာခင်း၊ ဂွမ်းကပ်) စတဲ့ အိပ်ရာပစ္စည်းတွေ၊ ဖတ်စာ စာအုပ်၊ Tutorial စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ပေတံ၊ Calculator၊ Reference စာအုပ်၊ လက်တွေ့ခန်းသုံးပစ္စည်းတွေ စတဲ့ စာသင်ကြားမှုနဲ့ အထောက်အကူပြုပစ္စည်းတွေ၊ စတာတွေ၊ စတာတွေ အားလုံး အားလုံးပေါ့၊ နိုင်ငံတော်စရိတ်လေ၊ နောင်စိုင်းတို့လို တိုင်းရင်းသားလေးတွေအတွက် နိုင်ငံတော်က အကုန်အကျခံ ပံ့ပိုးပေးထားတာလေ၊ နောင်စိုင်း စဉ်းစားကြည့်စမ်း၊ ကျောင်းသား တစ်ယောက် တစ်နှစ်ကို ငွေကျပ်ရှစ်သိန်းလောက် ကုန်ကျတာ၊ အနည်းဆုံးလေးနှစ်ဆိုတော့ ကျောင်းသားတစ်ယောက်ဘွဲ့ရဖို့ ၃၂ သိန်းလောက်ကုန်တာ၊ အခုနောင်စိုင်းတို့ကျောင်းမှာ အင်အား ၈၀၀ လောက်ဆိုတော့၊ သိန်းပေါင်း ၂၅၆၀ လောက် ကုန်ကျခံတာ၊ နောင်စိုင်းတက်နေတဲ့ NYRDDC ရန်ကုန် တစ်ကျောင်းတည်းပြောသေးတာနော်။ ဒါတောင် အခြေခံလေးတွေပဲ ပြောပြသေးတာ၊ ကျန်တာတွေကို ဘာမှတွက်ပြမထားဘူးနော် နောင်စိုင်း"၊

အစ်ကိုကြီး ဆိုင်မောဝ်လည်း ပြောချင်ဇောနဲ့ စကားအရှည်ကြီးပြောလိုက်တော့ မောသွားတယ်ထင်ပါရဲ့ နောင်ရင်း(ညီမ)လေး လာချပေးထားတဲ့ နမ့်နိမ့်(ရေနွေးကြမ်း)ကို မော့သောက်နေလေရဲ့၊ ပီစိုင်းကြီး(အစ်ကို) ပြောတာ အမှန်တွေချည်းပါပဲ၊ ကျွန်တော် လက်တွေ့ဘဝမှာလည်း ရရှိခံစားနေတာပဲဟာ၊ ပီစိုင်းကြီးတို့ အပတ်စဉ်(၁)တုန်းကထက် ပိုပြည့်စုံသေးတယ်။ ဒါ့ကြောင့် ကျွန်တော်ငြိမ်နားထောင်နေတာပေါ့။

"နောင်စိုင်းရေ ...မင်းပုံစံက ဒီ NYRDDC ကျောင်းတော်ကြီးကို တက်ရလို့ ပင်ပန်းတယ်လည်းပြောတယ်၊ သင်ယူရတဲ့ ဘာသာတွေအပြင် လေ့ကျင့်ရတာတွေလည်း များတယ်လို့ ပြောတယ်နော်။ ကဲ...ပြော...နောင်စိုင်းရဲ့တစ်နေ့တာလုပ်ငန်း...ပြောပြစမ်းပါဦး"။

"များလို့များတယ်ပြောတာ...ပင်ပန်းလို့ ပင်ပန်းတယ်ပြောတာ ပီစိုင်းရဲ့ ကဲ ကြည့်လေ မနက် ၅ နာရီဆိုတာနဲ့ အိပ်ရာထ၊ မျက်နှာသစ်၊ သွားတိုက် တစ်ခေါက် ၅ နာရီ ၄၅ မိနစ်ဆိုတာနဲ့ တန်းစီကွင်းတန်းစီ၊ ၆ နာရီချိန် P.T (ကြံ့ခိုင်ရေး)ပြေး၊ အကြောလျှော့၊ ၆ နာရီ မိနစ် ၄၀ Breakfast ထမင်းကြော်၊ နွားနို့၊ ကြက်ဥစား။ (ငါတို့တုန်းက နွားနို့ ကြက်ဥ မရပါဘူးကွာတဲ့၊ ပီစိုင်းက ဝင်ပြောသေးတယ်။)

၇ နာရီခွဲချိန် တန်းစီ၊ လူစစ်၊ သစ္စာဆို၊ ၈ နာရီချိန်တန်းစီပြီးတာနဲ့ အတွဲလိုက်တန်းစီလမ်းလျှောက်ပြီး ကျောင်းတက်၊ စာသင်ခန်းဝင်။ ၁၁ နာရီ မိနစ် ၂၀ ဆိုရင်ဖြုတ်ပြီး Lunch (နေ့လယ်စာ) စားရိပ်သာမှာလည်း သစ္စာဆိုပြီးမှ စားရတာ။ (အေးပေါ့၊ နိုင်ငံတော်က ကျွေးတာလေ၊ သစ္စာဆိုသင့်တာပေါ့တဲ့၊ ပီစိုင်းကလေ၊ ကျွန်တော်လို ငြိမ်ငြိမ်နားမထောင်ဘူး၊ ဝင်ဝင်ထောက်နေတယ်။)

၁၀ နာရီ မိနစ် ၅၀ ဆိုတာနဲ့ နေ့လယ်ကျောင်းတက် စာသင်ရင်သင်၊ လက်တွေ့ဓာတ်ခွဲခန်းဝင်ချင်ဝင်၊ ညနေ ၄ နာရီချိန်ကျမှ တန်းဖြုတ်တယ်။ ညနေ P.T လုပ်ရပြန်ရော၊ ဒါမှမဟုတ် ဘောလုံး၊ ဘော်လီဘော၊ ပင်ပေါင်၊ ပိုက်ကျော်ခြင်း၊ ရိန်းဘားဆွဲ၊ နှစ်သက်ရာကစား၊ ဒါမှမဟုတ် စိုက်ပျိုးရေးလုပ်၊ ကျောင်းသာယာလှပရေးလုပ်၊ ညနေ ၅ နာရီဆိုရင် (Dinner)ညစာစား၊ ၆ နာရီတန်းစီလူစစ်၊ သစ္စာဆို၊ အဲဒီအချိန် လေ့ကျင့်ရေးညွှန်မှူး၊ စီမံညွှန်မှူး၊ ဒုတိယကျောင်းအုပ်ကြီး၊ ကျောင်းအုပ်ကြီး၊ တစ်ဦးမဟုတ် တစ်ဦး ဆုံးမစကား လာပြော၊ စည်းကမ်းတွေပြော၊ (အေးလေ၊ ဒီကျောင်းတော်ကြီးက စည်းကမ်းဟာ အသက်ပဲ၊ တို့တုန်းကလည်း ဒီလိုပဲ၊ အဲလို့ပြောပြောနေလို့၊ အနီးကပ်ကြီးကြပ်နေလို့ ပိုပြီး စနစ်ကျသွားတာလေ နောင်စိုင်းရဲ့ အင်း... ပြောပြန်ပြီ၊ ဘာပြောပြော မလွတ်ပါလား ပီစိုင်းရေ)

အဲ...၆ နာရီခွဲဆိုရင် ဓမ္မာရုံမှာ ဘုရားရှိခိုး၊ မေတ္တာပို့၊ ဒါနဲ့ ပြောရဦးမယ် ပီစိုင်းရေ... ဒီကျောင်းတော်ကြီးမှာ ဘာသာရေးကန့်သတ်ချက်မရှိဘူးဗျ၊ ဘယ်ဘာသာမဆို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားတယ်။ ဒါပေမယ့် ကျောင်းသားအများစုက ဗုဒ္ဓဘာသာပါ၊ ခရစ်ယာန်ဘာသာလည်းရှိတယ်။ ဒါပေမယ့် နည်းတယ်။ အခြားဘာသာဝင်တော့ မရှိပါဘူး။ ခရစ်ယာန်ဘာသာဝင်တွေကလည်း လွတ်လပ်ပဲ့ဗျာ။ တနင်္ဂနွေနေ့တိုင်းအပြင်ထွက်ပြီး (Church )ကျောင်းတက်ခွင့်ပေးတယ်။ ခရစ်ယာန်ဘာသာ အထွတ်အမြတ်နေ့တွေဆို ကျောင်းမှာ ခမ်းခမ်းနားနားကျင်းပပေးတယ်။ ဒီနိုင်ငံက ဗုဒ္ဓဘာသာဝင်များတော့ ဗုဒ္ဓဘာသာ အခမ်းအနားတော့ များတာပေါ့နော်။ ဒါပေမယ့် ခရစ်ယာန်ကျောင်းသားတွေလည်း လာကူညီပေးတာပါပဲ။ အပြန်အလှန် ကူညီနေကြတာပေါ့ ပီစိုင်းရေ။ (အမယ်... အမယ်... နောင်စိုင်းက ရွှန်းရွှန်းကိုဝေလို့ပါလား၊ ဒါ အမှန်ပဲပေါ့တဲ့ ပီစိုင်းက ပြောတယ်။ ကျွန်တော် ဟက်ကနဲ တစ်ချက်ရယ်လိုက်တယ်၊ တကယ်မလွယ်တဲ့ ပီစိုင်းဗျို့ တစ်ခုမှ မလွတ်ဘူး၊ အကုန်သိ၊ အကုန်တတ်)

ပီစိုင်းရေ...ည ၇ နာရီကနေ ည ၉ နာရီအထိကတော့ Night Study ချိန်ပဲ၊ စာကြည့်ရတယ်။ သတင်းလာတဲ့ အချိန်ဆိုရင် အရေးကြီးတဲ့အချိန် သတင်းပြပေးပါတယ်။ ည ၁၀ နာရီဆိုရင်တော့ အိပ်ရာဝင်ရပြီ၊ တစ်နေကုန် လှုပ်ရှားထားတော့ စားလည်းကောင်း၊ အိပ်လည်းကောင်းပါပဲ။ အိပ်မပျော်လို့ စာဆက်ဖတ်လည်းမရဘူး။ "ညီလေး အိပ်...အိပ်တဲ့၊ စီနီယာအစ်ကိုကြီးတွေက (Final Year/Third Year) တို့ပေါ့၊ ကျွန်တော်တို့ကို ကလေးတွေများ မှတ်နေလား မသိပါဘူး၊ (Guardian) တွေပေါ့၊ ခြင်ထောင်ချလား၊ စောင်ခြုံလားနဲ့ ပြောနေတာပဲ၊ ပြန်လည်မပြောရဲဘူး၊ ဒါပေမယ့် နေမကောင်းရင်တော့၊ သူတို့က ပီစိုင်းထက်တောင် ပိုဂရုစိုက်သေး၊ ဆေးခန်းပို့ပေးတယ်၊ စားချင်တာကျွေးတယ်၊ ဆန်ပြုတ်ဆိုလည်း ဆန်ပြုတ်၊ ခေါက်ဆွဲဆိုလည်း ခေါက်ဆွဲ။)

"အေးပါကွာ...အေးပါ၊ သူတို့တွေကလည်း မင်းရဲ့ ပီစိုင်းတွေပေါ့၊ နာခံရမယ်။ လေးစားရမယ်လေ။ ဒါနဲ့ နောင်စိုင်းက ဘာကို ပင်ပန်းတယ်လို့ ပြောရတာလဲ၊ ခုချိန်ထိတော့ နောင်စိုင်းပြောသမျှ သိပ်ပင်ပန်းတာ မပါဘူးနော်"။

*စာမျက်နှာ ၁၆ သို့*



ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)

**ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်သိန်းက မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ဩဂုတ် ၁၈ ရက်က တွေ့ဆုံပွဲပြုလုပ်ခဲ့ပြီး စခန်းဗဟိုကင်း စစ်ဆေးခြင်း /အချုပ်ခန်း လက်နက်တိုက်/ သက်သေခံပစ္စည်း ထိန်းသိမ်းထားမှု စစ်ဆေးဆောင်ရွက်စဉ်**
မျိုးမင်းသိန်း(မရမ်းကုန်း)



# ဖယ်ခုံမြို့၌ ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်

**ဖယ်ခုံ ဩဂုတ် ၂၂**
ဖယ်ခုံမြို့အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဩဂုတ် ၂၀ ရက်က ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ကျောင်းကျန်းမာရေးဟောပြောပွဲကို အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၄၀ တက်ရောက်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာက အမှာစကားပြောကြား၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်ဦးက ကျောင်းကျန်းမာရေး သီတင်းပတ်၊ အဆင့်မြင့်ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်(၉)ရပ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းတို့ကို ဟောပြောဆွေးနွေးပြီး သွားနှင့်ခံတွင်းရောဂါအကြောင်းနှင့် စနစ်မှန်သွား တိုက်နည်းအကြောင်းတို့ကို ဒေါက်တာညီညီအောင်က ဟောပြောဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်သူနာပြု အဆင့်(၁) ဒေါ်ကြည်ကြည်အေးက ကျောင်းတွင်း အာဟာရ ဖွံ့ဖြိုးရေးအကြောင်းများကို ဟောပြောဆွေးနွေးခဲ့ကြသည်။



အခမ်းအနားအပြီးတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့်အဖွဲ့သည် ကျောင်း၌ရောင်းချလျက်ရှိသည့် ဈေးဆိုင် ရှစ်ဆိုင်တွင် အန္တရာယ်ရှိသော အစားအသောက်နှင့်မုန့်များ ရောင်းချခြင်း ရှိ မရှိ စစ်ဆေးခဲ့ကြပြီး ဈေးရောင်းချသူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ကြသည်။

အလားတူ မြို့နယ်ပြည်သူ့ဆေးရုံလက်ထောက်ဆရာဝန် ဒေါက်တာမျိုးသက်နိုင်နှင့်အဖွဲ့သည် အဆိုပါ ကျောင်းရှိ မူလတန်းကျောင်းသား ကျောင်းသူ ၃၄၃ ဦးခန့်အား ကျန်းမာရေးများ စစ်ဆေး၍ သန်ချဆေးတိုက်ကျွေးပေးခဲ့ပြီး ကျောင်းသား ကျောင်းသူ ၂၅ ဦး၏ သွားကျန်းမာရေးကို စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။ ဆက်လက်၍ အပျိုဖော်ဝင်မိန်းကလေးများအား သံဓာတ်ဆေးပြားတိုက်ကျွေးခြင်း အစီအစဉ်အရ ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသူ ၉၂၈ ဦးအား သံဓာတ် ဆေးပြားများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။
**ကိုထွေး**

# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကျင်းပ

**ပေါက်တော ဩဂုတ် ၂၂**
စစ်တွေခရိုင် ပေါက်တောမြို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်Save the Children တက်လမ်းစီမံကိန်းအဖွဲ့တို့ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဩဂုတ် ၁၉ ရက်က ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဦးက အမှာစကား ပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအောင်ကျော်ဆန်းက အာဟာရ၏ အရေးကြီးပုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ Save the Children တက်လမ်း စီမံကိန်းမှ ရခိုင်ပြည်နယ်တာဝန်ခံ ဦးမောင်မောင်ဆွေက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်နေ့ကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ အာဟာရပြည့်ဝသော အစားအစာချက်ပြုတ်မှုယှဉ်ပြိုင်ကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကလေးငယ်များအား အာဟာရတိုင်းခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် အားဆေးများ ထောက်ပံ့ခဲ့ကြောင်း သိရသည်။
**အေးလွင် (ပြန်/ဆက်)**

# ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ပေးအပ်

**ရမည်းသင်း ဩဂုတ် ၂၂**
ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအတွက် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များသို့ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၀ ရန်ပုံငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက်က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကိုကိုနိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်မြင့်၊ ဦးဇော်ဝင်းတို့က ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးကိစ္စရပ်များ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြို့နယ်စာရင်းစစ်ရုံး ဦးစီးအရာရှိ ဒေါ်နွယ်နီအေးက လုပ်ငန်း၊ စာရင်းများဆိုင်ရာနှင့်ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးပြီး ရပ်/ကျေးကော်မတီများသို့ ရေဖြန့်ဝေခြင်းလုပ်ငန်း၊ လျှပ်စစ်မီးတိုင်များဝယ်ယူခြင်း ၊ ရေစင်တည်ဆောက်ခြင်း၊ မြေသားလမ်းဖောက်ခြင်း၊ ရိစာခင်းခြင်း၊ တံတားတည်ဆောက်ခြင်း၊ စာကြည့်တိုက်ပြုပြင်ခြင်း၊ ရေကန်တူးဖော်ခြင်း၊ ရေတွင်းတိမ်တူးဖော်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ရန်ပုံငွေအသီးသီးကို မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးဥက္ကဋ္ဌနှင့်အဖွဲ့မှ ပေးအပ်ခဲ့ကြသည်။
**(အတ်ကလေး-ရမည်းသင်း)**

# အသိပညာပေးပြခန်းယာဉ် လှည့်လည်ပြသ

**နေပြည်တော် ဩဂုတ် ၂၂**
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ ညွှန်ကြားချက်အရ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ခင်အောင် ကြီးကြပ်မှုဖြင့် ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးလေးစိုး ကြီးကြပ်လျက် ပြည်သူနှင့် ကျောင်းသားကျောင်းသူများအား ထိရောက်သော မူခင်းအသိပညာများရရှိစေရန် ရည်ရွယ်ချက်ဖြင့် နေပြည်တော်ရဲတပ်ဖွဲ့သို့ ထုတ်ပေးထားရှိသော UD Counter ၁၀ဘီးယာဉ်အား လူကုန်ကူးမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှု၊ လူနေမှုဘဝ ဆုံးရှုံးရခြင်းပြသနာများ၊ ယာဉ်၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများ၊ မူခင်းအသိပညာပေးခြင်း မှတ်တမ်းဓာတ်ပုံများ၊ ကာတွန်းပုံများ၊ စာစောင်များပါဝင်သည့် ပြခန်းယာဉ်အဖြစ် ပြောင်းလဲပြင်ဆင်ပြီး နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်ရှိ လူစည်ကားရာ ရပ်ကွက်၊ ကျေးရွာများရှိစာသင်ကျောင်း၊ ဈေး၊ လမ်းဆုံများသို့ ဩဂုတ် ၁၉ ရက်မှစ၍ လှည့်လည်အသိပညာပေးဟောပြောမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၀ ရက်တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွာတော်ကျေးရွာ အထက(၃) ကျောင်း၌ ပြခန်းယာဉ်အားပြသပြီး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ပုဗ္ဗသီရိမြို့နယ် အထက(၁၃)ကျောင်း၊ ကျည်တောင်ကန်ကျေးရွာ အထက(၂၀) ကျောင်းသို့ သွားရောက်ပြသခဲ့ရာ ကျောင်းအုပ်ဆရာကြီးများနှင့်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**ကိုကိုရှုပ(နေပြည်တော်)**

**နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

**စာမျက်နှာ ၁၅ မှ**
ကိုကြီးဆိုင်မောဝ်က အဲလိုခနဲ့တဲ့တဲ့ပြောတော့ ကျွန်တော့်ပြောချင်စိတ်ကို ဆွပေးလိုက်ပြန်ရော ကျွန်တော်တို့တိုင်းရင်းသား ကျောင်းသားတွေ သက်ဆိုင်ရာ ဝိဇ္ဇာ၊ သိပ္ပံ၊ အင်ဂျင်နီယာဘာသာရပ်တွေ မေဂျာ/မိုင်နာတွေ သင်ယူရကြောင်း၊ ဒ့ါပြင် ကွန်ပျူတာဘာသာရပ်၊ အင်္ဂလိပ်စကားပြော (Language Lab)၊ ပြည်ထောင်စု စိတ်ဓာတ်ဘာသာရပ်၊ ခေါင်းဆောင်မှုဘာသာရပ်၊ ယဉ်ကျေးမှုဘာသာရပ်၊ ကိုယ်ကျင့်အဘိဓမ္မာဘာသာရပ်တွေလည်း ထပ်ဆောင်းသင်ရကြောင်း၊ ပြည်ထောင်စု စိတ်ဓာတ်ဘာသာရပ်ဆိုလျှင် ပထဝီဝင်ဌာန၊ သမိုင်းဌာန၊ မြန်မာစာဌာန၊ မနုဿ ဗေဒဌာန၊ တိုင်းရင်းသားရေးရာဌာနအပြင် ပြင်ပဝန်ကြီးဌာနတွေကလည်း အရာရှိကြီးတွေ လာရောက်ပို့ချ ဆွေးနွေးပေးကြောင်း၊ အငြိမ်းစားယူသွားကြတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကျောင်းအုပ်ကြီးများကလည်း လာရောက်ရှင်းလင်းပို့ချပေးကြကြောင်း၊ အဲဒီဘာသာရပ်အားလုံး စာမေးပွဲလည်းဖြေကြရကြောင်း၊ ကျောင်းဆင်းတော့မည့် နောင်တော်ကြီးများဆိုလျှင် စာတမ်းပြုစုရကြောင်း၊ နောက်ဆုံးနှစ်စာမေးပွဲဖြေပြီးသည်နှင့် စာတမ်းလည်း ဖတ်ရကြောင်း၊ ဒ့ါကြောင့် ပင်မဘာသာရပ်တွေ လေ့လာရတဲ့အပြင် အဲဒီဘာသာရပ်တွေလည်း သင်ယူလေ့လာရတဲ့အတွက် ပင်ပန်းတယ်လို့ ထင်မိကြောင်း ကျွန်တော်အရှည်ကြီး ရှင်းပြလိုက်တယ်။

“ဟား ဟား ဟား နောင်စိုင်းက ဒါကို ပင်ပန်းလွန်းတယ်ထင်နေတာကိုး၊ ပီစိုင်းတို့လည်း လုပ်ခဲ့ရပါတယ်၊ ကျော်ဖြတ်ခဲ့ရပါတယ် နောင်စိုင်းရယ်။ ဒါတွေဟာ ဒီလိုကျောင်းတော်မျိုးကြီးတွေတက်မှ ဒို့တိုင်းရင်းသားတွေအတွက် နိုင်ငံတော်ရဲ့စေတနာကို ပိုမိုနားလည်လာတဲ့အပြင် ဒို့နိုင်ငံတော်ကြီးဟာ ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်တဲ့အတွက် ရှေးပဝေသဏီကတည်းက အတူတကွ အေးအတူပူအမျှ တစ်မြေတည်းနေ တစ်ရေတည်းသောက် တစ်အူထုံ့ဆင်း ဒို့တိုင်းရင်းသားညီအစ်ကို မောင်နှမအရင်းတွေဟာ ဥမကွဲ သိုက်မပျက် ချစ်ခင်စည်းလုံးစွာ လက်တွဲနေထိုင်ခဲ့ကြတယ်လေ။ ဒို့ပြည်ထောင်စုနိုင်ငံတော်ကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲဖို့ဆိုရင် ပီစိုင်းတို့လို နောင်စိုင်းတို့လို တိုင်းရင်းသားမျိုးဆက်သစ်လူငယ်များဟာ ပညာတတ်မြောက်ဖို့လိုတယ်။ ပြည်ထောင်စုစိတ်ဓာတ်တွေ အစဉ်ရှင်သန်နိုးကြားနေဖို့ လိုတယ်။ အမျိုးဘာသာ၊ သာသနာကို ချစ်ခင်မြတ်နိုးတဲ့စိတ်၊ ထိန်းသိမ်းလိုတဲ့စိတ်၊ ကာကွယ်စောင့်ရှောက်လိုတဲ့စိတ်စတဲ့ ဝံသာနုရက္ခိတတရားတွေ အမြဲကိန်းအောင်းနေဖို့လိုတယ်လေ နောင်စိုင်းရဲ့။

အခုနောင်စိုင်းတို့ကျောင်းတော်ကြီးမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစတဲ့ မျိုးနွယ်စုကြီးတွေ ၁၃၅ မျိုးသော အမျိုးအနွယ်တွေ ပါဝင်ကြတယ်လေ။ အတူနေ အတူစား အတူလေ့ကျင့် အတူပညာတွေသင် ကချင်ပြည်နယ်နေ့၊ ချင်းပြည်နယ်နေ့၊ မွန်ပြည်နယ်နေ့၊ ရခိုင်ပြည်နယ်နေ့ စတဲ့ တိုင်းရင်းသားနေ့တွေမှာ တိုင်းရင်းသားဝတ်စုံတွေဝတ်၊ အခမ်းအနားတွေလုပ်၊ ဧည့်ခံကျွေးမွေးဖို့အစားအသောက်တွေ၊ ချွေးတစ်လုံးလုံးနဲ့တပျော်တပါးချက်၊ တိုင်းရင်းသားအကတွေကကြ၊ မီးပုံးပျံတွေလွှတ်ကြ၊ ထမနဲတွေ ထိုးကြပျော်စရာကြီး။ နဲနဲနောနော မဟုတ်ဘူးနော်။ အနည်းဆုံး လေးနှစ်အတူနေကြရတာ။ ဒီအခွင့်အရေးမျိုး နောင်ရဖို့မလွယ်ဘူး။ ကဲ အခုပီစိုင်းတို့ကိုကြည့် တိုင်းရင်းသားသူငယ်ချင်းတွေ ဘယ်လောက်ချစ်ချစ် ဝေးကုန်ကြပြီ။ ဖုန်းဆက်ရလို့သာ ဒါလေးနဲ့ အလွမ်းဖြေရတာ၊ ဝေးနေကြတယ်ဆိုပေမယ့် ရင်ထဲမှာတော့ နှလုံးသားချင်းနီးနေပါတယ် နောင်စိုင်းရယ်။ ပြည်ထောင်စုကြီးထဲက ဒို့ NYRDDC ကျောင်းတော်ကြီးရဲ့ပြည်ထောင်စုငယ်လေးကို သိပ်သတိရမိပါတယ်။

ကိုကြီးဆိုင်မောဝ် စိတ်ရှည်ရှည်နဲ့ အရှည်ကြီး ရှင်းပြလိုက်တော့ ကျွန်တော့်ရင်ထဲက ပင်ပန်းတယ်လို့ ထင်ထားတာတွေကို ရှက်မိသွားတယ်။ ရင်ထဲလည်းပေါ့သွားတယ်။ ကျွန်တော်လုပ်နေတဲ့ အလုပ်ဟာ အင်မတန် ဂုဏ်ယူစရာကောင်းတဲ့ အလုပ်ပါလား ဆိုတာ ကွက်ကွက်ကွင်းကွင်း မြင်သွားတယ်။ အင်းပြောမယ်သာပြောရတာ အစ်ကိုကြီးဖြစ်တဲ့ ပီဆိုင်မောဝ်ကို နွဲ့ဆိုးဆိုးချင်တဲ့သဘောနဲ့သာ ပြောလိုက်တာပါ။ ကျွန်တော် ဒါတွေကို ကောင်းကောင်းကြီးကျော်ဖြတ်ခဲ့တာပဲ။ ကျွန်တော်ကြိုးစားခဲ့ပါတယ်။ အခု ကျွန်တော်ပိုကြိုးစားမှာပါ။ နယ်စပ်ဒေသတွေနဲ့ ပြည်မဒေသတွေ ဖွံ့ဖြိုးတိုးတက်မှုမကွာဟစေရဘူး။ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေချင်တဲ့ နိုင်ငံတော်ရဲ့စေတနာ နယ်ချဲ့တွေရဲ့ ဆိုးမွေကြောင့် စလာခဲ့တဲ့ လမ်းမှားရောက်နေတဲ့ တိုင်းရင်းသားညီအစ်ကိုတွေ လက်နက်ကိုင်အဖွဲ့အစည်းတွေကို အစစအရာရာ လိုက်လျောသည်းခံပြီး ဒီအမိနိုင်ငံတော်ကြီးရဲ့ရင်ခွင်မှာ အတူနွေးထွေးစွာ၊ ငြိမ်းချမ်းစွာ နေလိုတဲ့စိတ်နဲ့ လက်ကမ်းကြိုဆိုနေတဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုဆိုတဲ့ နိုင်ငံတော်ရဲ့စေတနာ ကျွန်တော်မသိဘဲနေမလားဗျာ။ ကျွန်တော်တို့မျိုးဆက်သစ်တွေလက်ထက်မှာ ကျွန်တော်တို့တိုင်းပြည်ကြီး ဒီထက်ပိုပြီး တိုးတက်ရမယ်ဗျာ။ ပြည်ထောင်စုဖွားတိုင်းရင်းသားတွေ သံသယမှန်သမျှ ပျောက်ကွယ်ပြီး အမှန်ဘဝမှာ လက်တွဲစည်းရုံးမှု ဆက်လက်ခိုင်မြဲစေရမယ်ဗျာ။

ဒါကိုတော့ ကျွန်တော်တို့ တိုင်းရင်းသားမျိုးဆက်သစ်တွေ ရဲရဲကြီး အာမခံဝံ့တယ်ဗျ။ ပြည်ထောင်စုကြီး အဓွန့်တည်ခိုင်မြဲဖို့၊ ကမ္ဘာ့အလယ်မှာ ဝင့်ထည်ဖို့ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ တိုင်းရင်းသားပြည်သူတွေမှာသာ တာဝန်ရှိတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ မျိုးဆက်သစ် တိုင်းရင်းသားလူငယ်လေးတွေမှာလည်း တာဝန်ရှိတယ်ဆိုတာ နားလည်ပါတယ်ဗျာ။ ကျွန်တော်နွဲ့ဆိုးဆိုးမလို့ ကြံနေတဲ့ အစ်ကိုကြီး ဆိုင်မောဝ်ကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဒီလိုကျောင်းတော်ကြီးမျိုးကို တက်ခွင့်ရအောင် ကြိုးစားခွင့်ရအောင်၊ အသိပညာတွေ လင်းလက်ခွင့်ရအောင် ကျောင်းတက်ခွင့်ပြုတဲ့... မဲ့ရယ်၊ ပီစိုင်းရယ်၊ ပူတာအို၊ မချမ်းဘောနဲ့မြစ်ကြီးနားက တိုင်းရင်းသား အကြီးအကဲတွေရယ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနက အကြီးအကဲတွေရယ် အားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာအောင် အဘက်ဘက်က အကုန်အကျခံပြီး အစွမ်းကုန်ဆောင်ရွက်ပေးခဲ့တဲ့အတွက် ကျွန်တော်တို့ NYRDDC ကျောင်းတော်ကြီးမှာ ပညာသင်ကြား လေ့ကျင့်နေတဲ့ တိုင်းရင်းသားကျောင်းသား အားလုံးကိုယ်စား ကျွန်တော် လေးလေးနက်နက် ကတိပေးပါတယ်ဗျာ။ ကျွန်တော်တို့နိုင်ငံတော်အပေါ် သစ္စာစောင့်သိပါမယ်။ စာလည်း ကြိုးစားပါမယ်။ လေ့ကျင့်သားလည်း ပြည့်ဝစေရပါမယ်။ စည်းကမ်းကောင်းမွန်တဲ့ ဝန်ထမ်းလောင်းတွေလည်း ဖြစ်ရပါစေ့မယ်။ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး အမျိုးဘာသာ၊ သာသနာကို ကာကွယ်စောင့်ရှောက်မယ့် နိုင်ငံသားကောင်းလည်းဖြစ်ရပါစေ့ မယ်။ ကျွန်တော်တို့ဟာ ပြည်ထောင်စုကြီးရဲ့ ပန်းကလေးတွေလို့ဆိုရင် “ အမြဲပွင့်လန်းနေတဲ့ ပန်းကလေးတွေပါ” လို့ ပြောလိုက်ချင်ပါတယ်ဗျာ။

# သုတမှတ်တမ်း စွယ်စုံကျမ်းများ

မောင်သာ
(ရွှေဟောင်းသုတေသန)




မြန်မာနှင့်ပတ်သက်၍ဖြစ်စေ၊ ကမ္ဘာနှင့်ပတ်သက်၍ဖြစ်စေ ဗဟုသုတအချက်အလက်များကို သိရှိလိုလျှင် ကျွန်တော်တို့သည် မြန်မာ့စွယ်စုံကျမ်းများတွင် ဦးစွာ ရှာဖွေကြည့်ရှုလေ့ရှိကြပါသည်။ ဆက်သွယ်ရေးနည်းပညာများ တိုးတက်လာခဲ့သဖြင့် အင်တာနက်တွင် မိမိသိလိုသော အကြောင်းအချက်များကိုရှာဖွေနိုင်သည့်တိုင် အကြောင်းအရာ များပြားစုံလင်သည့် မြန်မာ့စွယ်စုံကျမ်းများကိုလက်မလွှတ်နိုင်ကြသေးပါချေ။

စွယ်စုံကျမ်းဟူသည့်ဝေါဟာရကို မြန်မာအဘိဓာန်က 'ပညာရပ်ဆိုင်ရာ အကြောင်းမျိုးစုံကို ဖွင့်ဆိုသောကျမ်း' ဟု အဓိပ္ပာယ် ဖွင့်ဆိုသည်။ဗဟုသုတအမျိုးမျိုးကို ရှာမှီးသူတို့ လွယ်လင့်တကူရှာဖွေဖတ်ရှု၍ အကိုးအကားပြုနိုင်စေရန် စုဆောင်းရေးသား ပြုစုထားသည့် စွယ်စုံကျမ်း၏အခြေခံသဘောကား လူတို့ကဘာလဲ၊ ဘယ်သူလဲ၊ ဘယ်မှာလဲ၊ ဘယ်တော့လဲ၊ ဘယ်လိုလဲ၊ဘာကြောင့်လဲဟူ၍ မေးလိုက်သောမေးခွန်းတို့ကို အဖြေရှာပေးရသည့်သဘောဖြစ်သည်ဟု မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။

ဝိဇ္ဇာ၊ သိပ္ပံပညာရပ်နယ်ပယ်မျိုးစုံမှ ဗဟုသုတများကို စုစည်းပြုစုထားသည့် မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲသည် ယနေ့တိုင် စာရေးသူ၊ စာဖတ်သူများ အားထားကြရ၊ မှီငြမ်းပြုကြသည့် ကျမ်းများဖြစ်ကြပေသည်။ယခုအခါတွင် ရှားပါးနေပြီဖြစ်သည့် မြန်မာ့စွယ်စုံကျမ်းများကို ၁၉၅၄ ခုနှစ်တွင် စတင်ပုံနှိပ်ဖြန့်ဖြူးခဲ့ပြီး ၁၉၇၆ ခုနှစ်အထိ အတွဲ ၁၅ တွဲ ထုတ်ဝေခဲ့သည်။

**မြန်မာ့စွယ်စုံကျမ်း အတွဲ(၁)**

မြန်မာနိုင်ငံ၏ ပထမဆုံးစွယ်စုံကျမ်းဖြစ်သည့် မြန်မာ့စွယ်စုံကျမ်းအမှတ်(၁) ကို ၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းက ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ပြည်တွင်းပြည်ပ ဗဟုသုတများအနက် ကကတစ်မှ ကုံကုမံအထိ ပါဝင်ခဲ့သည်။ အတွဲ(၂) တွင် ကျစွာမင်းမှ ခွဲမာသီးများအထိ၊ အတွဲ(၃)တွင် ဂဏန်းခြေမှ စင်းတောအထိ၊အတွဲ(၄)တွင် စောင်းကောက်မှ တူတူပုန်း တမ်းကစားခြင်း အထိ၊ အတွဲ(၅) တွင် တူရကီနိုင်ငံမှ နိပ္ပွန်အထိ၊ အတွဲ(၆)တွင်နီကိုဗာကျွန်းစုမှ ပစ္စဗတ်မြို့အထိ၊အတွဲ(၇)တွင်ပဋ္ဌဝဂ္ဂိ ငါးဦးမှ ဗီးနပ် ယင်ဖမ်းပင်အထိ၊အတွဲ(၈)တွင်ဗီးဗားဗရွတ်မှ မဟောဂနီ အထိ၊ အတွဲ(၉)တွင်မဟော်သဓာဇာတ်တော်မှ မြည်းအထိ၊ အတွဲ (၁၀) တွင် မြတ်ရာပင်မှ ယူးတားပြည်နယ်အထိ၊အတွဲ(၁၁)တွင် ယူးထရက်မြို့မှ လာဂါမော့ဆယ်မာအထိ၊အတွဲ(၁၂)တွင် လာဆာမြို့မှ သနပွင်မြို့အထိ၊အတွဲ(၁၃)တွင်သပိတ်မှ ဟက်ဒင်ငါးအထိ၊ အတွဲ(၁၄)တွင်ဟိုက်ဂရိုမီတာမှ ဥမင်လိုဏ်ခေါင်းအထိ၊ အတွဲ(၁၅) တွင် ဥယျာဉ် စိုက်ပျိုးရေးမှ အွန်တေးရီးယိုးပြည်နယ်အထိ ရေးသားထားသည်။မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲတွင် မြန်မာအက္ခရာ ကမှ အ အထိ အကြောင်းရပ်ပေါင်း ၅၃၁၆ ခု ကို စုဆောင်းပြုစုခဲ့ပေသည်။

မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၅)၏ နောက်ဆုံးတွင် စွယ်စုံကျမ်းမာတိကာခေါင်းစဉ်ဖြင့် အတွဲ(၁)မှ အတွဲ(၁၅)အထိ ထုတ်ဝေခဲ့ပြီးသောမြန်မာ့စွယ်စုံကျမ်းစာအုပ် ၁၅ အုပ်တွင် ဖော်ပြခဲ့သည့် စာကိုယ်ပါနှင့် စာကိုယ်မဲ့ခေါင်းစဉ်များကို အတွဲအမှတ်၊ စာမျက်နှာအမှတ်များနှင့် ယှဉ်တွဲဖော်ပြထားသဖြင့် မိမိသိလိုသည့် ခေါင်းစဉ်ကို အလွယ်တကူ ရှာဖွေနိုင်ကြသည်။ ယင်းသို့ဖော်ပြထားသည့် အကြောင်းရပ်များတွင် ပညာရပ်အားဖြင့် ဆက်စပ်မှုမရှိသော်လည်း တစ်နည်းနည်းဖြင့် နီးစပ်နေသည့်အကြောင်းအရာများကို မူရင်းခေါင်းစဉ်နှင့် ယှဉ်တွဲဖတ်ရှုနိုင်ရန် ဆက်စပ်အကြောင်းအရာပါရှိသည့် အတွဲနှင့် စာမျက်နှာများကို ဖော်ပြထားသည်။

စွယ်စုံကျမ်းမျက်နှာဖုံးများတွင် မြန်မာ့စွယ်စုံကျမ်း၊ စာပေဗိမာန်၏ ရုပ်ပြဗဟုသုတဘဏ်ဟု ရိုက်နှိပ်ထားသည်။ စာပေဗိမာန်၏ အမှတ်တံဆိပ်ဖြစ်သော ကလောင်တံဖြင့် စာအုပ်ကိုထိုးဖောက်ထားပြီးတစ်ခြမ်းမည်း၍ တစ်ခြမ်းဖြူနေပြီး ဖွင့်ထားသော ယင်းစာအုပ်ပေါ်မှ အလင်းတန်းများ ထွက်နေသည့် ဒီဇိုင်းပုံကို ဖော်ပြထားသည်။

မြန်မာ့စွယ်စုံကျမ်းအမှတ်(၁) ကို ၁၉၅၄ ခုနှစ်တွင် ထုတ်ဝေခဲ့စဉ်က စွယ်စုံကျမ်း၏ ပထမစာမျက်နှာတွင်ထိုစဉ်က မြန်မာနိုင်ငံတော်ဝန်ကြီးချုပ် ဦးနုရေးသားသည့်စာကို ခေါင်းစဉ်မပါဘဲ ဖော်ပြထားသည်။ "လွတ်လပ်ရေးရ၍ ကျွန်တော်တို့၏ လက်တွင်းသို့ အချုပ်အခြာအာဏာ ရောက်လာသည်နှင့် တစ်ပြိုင်နက်၊ ကျွန်တော် တို့၏ ပထမဆုံး လုပ်ငန်းသည် အမှောင်ခွင်း၍ အလင်းဆောင်ရမည့် လုပ်ငန်းပင်ဖြစ်သည်။ ထိုအမှောင်တည်းဟူသော ကျွန်တော်တို့၏ ရန်သူနံပါတ် ၁ ကို ဖြိုခွင်းချေမှုန်းရန်၊ ကျွန်တော်တို့၏ တပ်မဟာများသည် အခြားမဟုတ်။ ဘဝသစ်ပညာရေး တပ်မဟာ၊လူထုပညာရေး တပ်မဟာ၊စာပေဗိမာန်တပ်မဟာ များဖြစ်၍ ဤစွယ်စုံကျမ်းကြီးသည်ကား ကျွန်တော်တို့အသုံးပြုမည့် လက်နက်ကောင်းကြီးတစ်ခု ဖြစ်သည်။

ဤလက်နက်ကောင်းကြီး၏ အစွမ်းသတ္တိကား အဘယ်နည်း။ ဤစွယ်စုံကျမ်းကြီးကို တစ်နေ့လျှင် တစ်နာရီဖတ်ပါ။ ဖတ်ပြီးသမျှကို နာရီဝက်ခန့်မှတ်သားပါ။ မှတ်သားပြီးသမျှကို နာရီဝက်မျှ ဆင်ခြင်သုံးသပ်ပါ။ဤသို့တစ်နေ့လျှင် ၂ နာရီမျှ ငါးနှစ်ခန့်လောက် စွဲစွဲမြဲမြဲ ကြိုးစားပါ။ ဤသို့ကြိုးစားသူ၏ အမှောင်ဓာတ်သည် မည်မျှပင်ကြီးမားစေကာမူ၊ ဤစွယ်စုံကျမ်းကြီးသည် ထိုအမှောင်ဓာတ်ကိုခွင်း၍ အလင်းကိုဆောင်ကုန်လတ္တံ့။ ထိုသူသည် ဖိုးသုညပင်ဖြစ်စေကာမူ ဤစွယ်စုံကျမ်းကြီးသည် ထိုဖိုးသုညကို ဖိုးရာဇာအဖြစ်သို့ ပြောင်းလဲပေးကုန်လတ္တံ့။

အလင်းဓာတ်ခံရှိပြီးဖြစ်သော်လည်း ထိုအလင်းဓာတ်ကို ဆတက်ထမ်းပိုးတိုး၍ အလိုရှိသောသူများအဖို့မှာလည်း ထိုသူတို့၏ လိုအင်ဆန္ဒဟူသမျှသည် တစ်လုံးတစ်ဝတည်း ပြည့်စုံကြကုန်လတ္တံ့။ ဤသို့သော သတ္တိထူးတို့နှင့် ပြည့်စုံသည့် ဤစွယ်စုံကျမ်းကြီးကို လက်ကိုင်ပြုလျက်၊ ပြည်ထောင်စုသူ ပြည်ထောင်စုသားအပေါင်းတို့သည်၊ လူသစ်တည်၍ပြည်သစ်ဆောက်နိုင်ကြပါစေသတည်း။"

(မူရင်းသတ်ပုံအတိုင်းဖြစ်ပါသည်။) စာပိုဒ်၏ အောက်တွင် မောင်နု ဟု လက်မှတ်ရေးထိုးထားသည်။

**ကျမ်းဦးအမှာစကား**

မြန်မာ့စွယ်စုံကျမ်းများပြုစုထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်များနှင့်လုပ်ဆောင်ချက်များကို စွယ်စုံကျမ်းအတွဲ(၁) တွင်ဖော်ပြထားရာ မူရင်းသတ်ပုံအတိုင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကို ၁၉၄၇ခု ဩဂုတ်လ ၂၆ရက်နေ့တွင် တည်ထောင်ခဲ့၍ ၁၉၄၈ခု ဩဂုတ်လသို့ ရောက်သောအခါ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၏ ဥက္ကဋ္ဌ ဝန်ကြီးချုပ်ဦးနုသည် အခြားသောတိုင်းကြီးပြည်ကြီးများနည်းတူ မြန်မာနိုင်ငံ၌လည်း စွယ်စုံကျမ်းတစ်စောင် တစ်ဖွဲ့ရှိသင့်သည်ဟု သဘောရရှိသည့်အတိုင်း မြန်မာ့စွယ်စုံကျမ်းကို အားသွန်ပြုစုရန် ညွှန်ကြားခဲ့လေသည်။ စွယ်စုံကျမ်းကို အလျင်အမြန် ပြီးမြောက်စေလိုသည့်အတွက် ပဌမ၌ တိုက်ရိုက်ဘာသာပြန်ဆိုရန်စီစဉ်ခဲ့၏။ သို့သော် သက်ဆိုင်ရာစွယ်စုံကျမ်း မူပိုင်ရှင်များနှင့် စကားကမ်းလှမ်းရာ၌ အကြောင်းမညီညွတ်သဖြင့် တိုက်ရိုက်ဘာသာပြန်ဆိုမှုကို လက်လျှော့လိုက်ပြီးလျှင် ၁၉၄၉ ခု ဖေဖော်ဝါရီလတွင်မှ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဆီလျော်အောင် ဤစွယ်စုံကျမ်းကိုပြုစုဖန်တီးရလေသည်။

စွယ်စုံကျမ်းဟူသည်မှာ ကမ္ဘာပေါ်ရှိ ပညာရပ်များကို သိနားလည်ရေး၊ တတ်မြောက်ရေး၊ ဗဟုသုတ ကြွယ်ဝကုံလုံရေး၊ အသုံးချရေးတို့ကို ထိုင်ရာမထရရှိနိုင်ရန် ပြုစုမြဲဖြစ်သည်။ သို့ဖြစ်ရကား မြန်မာ့စွယ်စုံကျမ်းကိုလည်း အခြားတိုင်းပြည်များမှ စွယ်စုံကျမ်းများနှင့် ရင်ပေါင်တန်းလိုက်နိုင်စေရန်၊ မြန်မာနိုင်ငံမှ အကြောင်းရပ်များကိုပါ ပြည့်ပြည့်ဝဝ ထည့်သွင်းပြုစုထားလေသည်။ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၁၈သန်းကျော်မျှရှိ၍ ရှင်လူအများ ကျား၊ မ ၊ ကြီး၊ငယ် ပါဝင်သော ပြည်ထောင်စုသားတို့အား ကမ္ဘာ့အမွေအနှစ်ဖြစ်သော ပညာရပ်များနှင့် ယဉ်ကျေးမှု အဖြာဖြာကို သိရှိနားလည်စေလိုသော မနောပဏီဓိဖြင့်၊ ဤစွယ်စုံကျမ်းကို ကြိုးပမ်းပြုစုထားပေသည်။ ပညာရပ်များတွင်လည်း ဝိဇ္ဇာနှင့်သိပ္ပံဟူ၍ နှစ်မျိုးနှစ်စား အကြမ်းလျာထားနိုင်ရာ၊ မြန်မာနိုင်ငံတော်လူထုအား အထူးသဖြင့် သိပ္ပံပညာရပ်များကိုအနည်းနှင့်အများ ထမင်းစားရေသောက်သိနားလည်စေလိုသည်။ ထိုမှတစ်ဆင့်အထက်တန်းပညာရပ်များကိုလက်လှမ်းဆွတ်ခူးစေလိုသည်။ ထိုသို့ဖြစ်နိုင်ရန်အတွက် အခက်အခဲအမျိုးမျိုးတို့ကို တွန်းလှန်ကာ မဖြစ်မနေ ဇွဲသတ္တိဖြင့် မြန်မာ့စွယ်စုံကျမ်းကို ဖန်တီးခဲ့လေသည်။

ဤမြန်မာ့စွယ်စုံကျမ်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ လူတိုင်းအတွက်ဖြစ်ပေသည်။ မိဖနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ညီနှင့်အစ်ကို၊ မောင်နှင့်နှမ၊ အသိနှင့်မိတ်ဆွေတို့ သိလိုသည့်အကြောင်းရပ်များကို လွယ်လင့်တကူ သိရှိစေနိုင်မည့် စာအုပ်ဖြစ်ပေသည်။ မြန်မာ့စွယ်စုံကျမ်းသည် စာသင်ကျောင်းတိုက်၊ စာကြည့်တိုက်တိုင်း၊ အလုပ်တိုက်တိုင်း၊ နေအိမ်တိုင်းအတွက် ကျက်သရေဆောင် တစ်ခုလည်းဖြစ်ပေသည်။

ဤစွယ်စုံကျမ်းကို ပြုစုဖန်တီးရာ၌ အနောက်နိုင်ငံစွယ်စုံကျမ်းများကိုမှီးလျက် ကမ္ဘာ့ပညာအရပ်ရပ်မှ ပြည်ထောင်စုသားများ အများဆုံးအသုံးပြုနိုင်မည့် အကြောင်းရပ်များကို အဓိကထားကာ အထပ်ထပ်စစ်ဆေး ရွေးချယ်ထားပေသည်။ အကြောင်းရပ်တိုင်းကို စာအုပ်စာတမ်းအမျိုးမျိုးနှင့် အကြိမ်ကြိမ်ညှိနှိုင်းတည်းဖြတ်၍ ပညာရပ်အလိုက် သက်ဆိုင်ရာပညာရှင်များနှင့် အစိုးရဌာနများသို့ တင်ပြခဲ့လေသည်။ ဤစွယ်စုံကျမ်းကို ရေးသားရာ၌ စာဖတ်သူတိုင်း နားလည်လွယ်အောင် ပြုပြင်စီမံထားသည့်အပြင်၊ မှန်ကန်တိကျ၍ ခေတ်မီပြီးလျှင် အချက်အလက်များစုံလင်နိုင်ရန် ကြိုးပမ်းခဲ့လေသည်။ အချို့သော အကြောင်းရပ်များကို သက်ဆိုင်ရာပညာရှင်များ ကိုယ်တိုင်ရှာဖွေစုဆောင်းရေးသားပေးပို့သည်ဖြစ်ရာ ထိုအကြောင်းရပ်များ၏ အဆုံးတွင် ရိုင်းပင်းကူညီသော ပညာရှင်၏အမည်ကို ဖော်ပြထားသည်။ မြန်မာ့စွယ်စုံကျမ်းကို ရုပ်ပြစွယ်စုံဖြစ်စေရန်ရည်သန်လျက် စာမျက်နှာတိုင်း၌လိုပင် ဓာတ်ပုံ၊ ရုပ်ပုံ၊ မြေပုံများဖြင့် တန်ဆာဆင်ထားသည်။ ထိုသို့ပြုပြင်ဖန်တီးရသည်မှာ ရုပ်ပုံကောင်းတစ်ခုသည် စာလုံးတစ်သောင်းနှင့် ညီမျှသည်ဟု ပညာရှင်များမိန့်ဆိုသည့်အတိုင်း လူကြီး၊လူငယ်၊ကျား၊မ မဟူ စာသားထက် ရုပ်ပုံမြေပုံများ၌ စိတ်ပါဝင်စားတတ်ကြသည့်အတွက် ဖြစ်ပေသည်။ ဓာတ်ပုံရုပ်ပုံများရရှိရန် အနောက်နိုင်ငံများမှပင် မှာယူစုဆောင်းရသည်။မြေပုံများကို တိကျမှန်ကန်စေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးရသည်။ အကြည့်ရလွယ်သလောက် အပင်ပန်းခံလျက် လက်ဝင်စွာ ဆောင်ရွက်ခဲ့ရသည်။

**စွယ်စုံကျမ်းဟူသည်မှာ ကမ္ဘာပေါ်ရှိ ပညာရပ်များကို သိနားလည်ရေး၊ တတ်မြောက်ရေး၊ ဗဟုသုတကြွယ်ဝကုံလုံရေး၊ အသုံးချရေးတို့ကို ထိုင်ရာမထရရှိနိုင်ရန် ပြုစုမြဲဖြစ်သည်။ သို့ဖြစ်ရကား မြန်မာ့စွယ်စုံကျမ်းကိုလည်း အခြားတိုင်းပြည်များမှ စွယ်စုံကျမ်းများနှင့် ရင်ပေါင်တန်းလိုက်နိုင်စေရန်၊ မြန်မာနိုင်ငံမှ အကြောင်းရပ်များကိုပါ ပြည့်ပြည့်ဝဝ ထည့်သွင်းပြုစုထားလေသည်**

မြန်မာ့စွယ်စုံကျမ်းတွင်မြန်မာနိုင်ငံမှ အကြောင်းရပ်များအပါအဝင်အကြောင်းရပ်ပေါင်း ၄၀၀၀ ခန့်ပါရှိ၍ စွယ်စုံကျမ်းတစ်တွဲလျှင် စာမျက်နှာ ၅၀၀ ခန့်စီဖြင့် စီစဉ်ထားသည်။မြန်မာ့စွယ်စုံကျမ်းသည် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကျက်သရေဆောင်တစ်ခုဖြစ်သည့်အလျောက်၊ သေသပ်ကောင်းမွန်၍ ထာဝရအသုံးပြုနိုင်ရန် ရည်စူးသဖြင့် ငွေကုန်ကြေးကျခံကာ အင်္ဂလန်ပြည်တွင် ပုံနှိပ်ပေသည်။

ယခုထုတ်ဝေဖြန့်ချိအပ်သော မြန်မာ့စွယ်စုံကျမ်းမှာ တစ်ကြိမ်တစ်ခါဖူးမှ မြန်မာနိုင်ငံတော်အတွင်း မပေါ်ပေါက်ခဲ့သေးရကား စတင်ကြံစည်ပြုလုပ်သည်မှ ၄ နှစ်ကျော် ၅ နှစ်အတွင်း၌ အခက်အခဲမြောက်မြားစွာကို ကျော်လွှန် ဆောင်ရွက်နိုင်သည်မှာ ပြည်ထောင်စုသားများအတွက် အထူးဂုဏ်ယူစရာ ဖြစ်ပေသည်။သို့ရာတွင် ဤစွယ်စုံကျမ်းသည်မြေစမ်းခရမ်းပျိုးသည့်အလား ဦးဦးဖျားဖျား စွန့်စားဆောင်ရွက်ရသည့်အတိုင်း သဲလဲစင်ကောင်းမွန်ပြီဟု မဆိုနိုင်ချေ။အမှားအယွင်းမရှိအောင် ကြိမ်ဖန်များစွာ စစ်ဆေးသည့် အကြားမှချွတ်ယွင်းချက် အနည်းငယ် ပါဝင်ခဲ့ချေသော် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းသို့ အကြံပေးချက်များကို ချီးမြှင့်ခဲ့ပါက ကျေးဇူးတင်ရှိပါမည်။

ဤမြန်မာ့စွယ်စုံကျမ်းကို စတင်ကြံစည်စိတ်ကူးမိလျက် များမြောင်လှစွာသော နိုင်ငံ့ဝန်ကို ထမ်းဆောင်နေသည့် အကြားမှအကြံအား၊ ဉာဏ်အား၊ စိတ်ဓာတ်အားဖြင့် အမြဲမပြတ် နှိုးဆော်သတိပေးကူညီသော မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းဥက္ကဋ္ဌ (ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝန်ကြီးချုပ်) ဦးနုအားအထူးကျေးဇူးတင်အပ်လှပေသည်။ ထို့ပြင် ငွေရေးကြေးရေးတွင် လိုလေသေးမရှိအောင် ထောက်ပံ့ကူမသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအား လည်းကောင်း၊ အကြောင်း ရပ်များမှန်ကန်တိကျ၍ ခေတ်မီပြီးလျှင် ပြည့်စုံစေရန် ကူညီရိုင်းပင်းသော အစိုးရဌာနများအား လည်းကောင်း၊ အချိန်ကုန် လူပန်းခံကာ အဘက်ဘက်က ဖြည့်စွက်ပေးသော မြန်မာ့စွယ်စုံကျမ်းစီစဉ်ရေးအဖွဲ့ဝင်များအား လည်းကောင်း၊ အသံလှယ်နှင့်ဝေါဟာရများ စနစ်တကျရှိစေရန် ကူညီအားပေးသော သုခမိန်အဖွဲ့ကြီး ငယ်များအား လည်းကောင်း၊ မြန်မာနိုင်ငံအကြောင်းရပ်များ ပြည့်စုံလုံလောက် မှန်ကန်စေရန် ကူညီစောင်မသော ပညာရှင်အသီးသီးတို့အား လည်းကောင်း၊ ၄ နှစ် ကျော် ၅ နှစ်မျှ ကိုယ်စိတ်အပင်ပန်းခံကာ အခက်အခဲများကို တွန်းလှန်ဖယ်ရှားလျက် စိတ်အားထက်သန်စွာ ပြုစုပြင်ဆင်သော စာတည်း၊ စာပြု၊ အသင်းဝန်ထမ်းအသစ်ဟောင်းများအား လည်းကောင်း၊ စွယ်စုံကျမ်းပုံနှိပ်ရာ၌ စိတ်ရောကိုယ်ပါဝင်ရောက်ကူညီသော တီစီအေ ပုံနှိပ် ပါရဂူ မစ္စတာကယ်လဗင်စီ၊ ဟယ်ရင်တန်အားလည်းကောင်း ကျေးဇူးဥပကာရတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသတည်း။

**စွယ်စုံကျမ်းနှစ်ချုပ်များ**

မြန်မာ့စွယ်စုံကျမ်းအမှတ်(၁)တွင် က အက္ခရာဖြင့် စတင်သည့်အကြောင်းအရာများကို မရေးသားမီ မြန်မာအက္ခရာ က ကြီး အဆင့်ဆင့် ဖြစ်ပေါ်လာပုံကို လေးထောင့်ကွက်ဖြင့် ရေးသားပြသထားသည်။ ဆက်လက်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းများတွင်လည်း သက်ဆိုင်ရာ အက္ခရာစာလုံးနှင့် စသည့် အကြောင်းအရာများမရေးသားမီ ထိုအက္ခရာ စာလုံးဖြစ်ပေါ်လာပုံ အဆင့်ဆင့်ကို ဖော်ပြထားသည်။ဤနည်းဖြင့် မြန်မာဗျည်း ၃၃ လုံး အဆင့်ဆင့်ပြောင်းလဲလာပုံကို မြင်တွေ့ကြရသည်။

ကျမ်း၏အစတွင် ဖတ်ချင်ဖွယ်ရာအဖြာဖြာ ခေါင်းစဉ်ဖြင့် ကျမ်းအတွင်းပါရှိသည့် အကြောင်းအရာများအနက် စိတ်ဝင်စားဖွယ် အကြောင်းအရာခေါင်းစဉ်များကို စာမျက်နှာများ ညွှန်းလျက် မာတိကာကောက်နုတ်ချက်တစ်ခုအသွင်ဖော်ပြထားသည်။ ထို့အပြင် စာဖတ်သူများစိတ်ဝင်စားစေရန် ဗဟုသုတစစ်တမ်းဟု ခေါင်းစဉ်တပ်လျက် ဧဝရက်တောင်သို့ ရှေးဦးစွာရောက်ခဲ့သူကား မည်သူနည်း။ မြည်း၊ ခွေး၊ မြင်းတို့သည် အဘယ်ကြောင့် လူထက်ပို၍ အသံကို ကြားနိုင်သနည်း အစရှိသည့် မေးခွန်းတိုများအမေးထုတ်ကာ စာဖတ်သူများ စွယ်စုံကျမ်းကို ဖတ်လိုစိတ်များနိုးကြားလာစေရန် လှုံ့ဆော်ထားပေသည်။

မြန်မာ့စွယ်စုံကျမ်းများကို ၂၂ နှစ်အတွင်း အစုံအလင် ထုတ်ဝေခဲ့ပြီးနောက်တွင်လည်း စွယ်စုံကျမ်းထုတ်ဝေခြင်း လုပ်ငန်းသည် ဆက်လက်ဆောင်ရွက်ရသည်။စွယ်စုံကျမ်းတွင်ရေးသားခဲ့သော အချို့သောအကြောင်းအရာများသည် အချိန်နှင့်အမျှ ပြောင်းလဲမှုများရှိလာသကဲ့သို့ အကြောင်းအရာအသစ်များသည်လည်း ထွက်ပေါ်လျက်ရှိနေပေသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် စွယ်စုံကျမ်းများ၏ နောက်ဆုံးအတွဲကို ထုတ်ဝေပြီးတိုင်း မိမိတို့စွယ်စုံကျမ်းများကို အစဉ်ခေတ်မီနေစေရန် နှစ်ချုပ် စွယ်စုံကျမ်းများကို ဆက်လက်ထုတ်ဝေကြမြဲဖြစ်သည်။

စာပေဗိမာန်သည်လည်း မြန်မာ့စွယ်စုံကျမ်းများကို ထုတ်ဝေပြီးနောက် စွယ်စုံကျမ်းနှစ်ချုပ်များကို ဆက်လက်ထုတ်ဝေရန် ကြိုးပမ်းခဲ့ပြီး မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၇၈) မှစတင်၍ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ကျမ်းများကို နှစ်အလိုက် ထုတ်ဝေခဲ့သည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်သည် မြန်မာ့စွယ်စုံကျမ်းများ၏အဖြည့်ကျမ်းဖြစ်သဖြင့် ထုတ်ဝေပြီးခဲ့သည့် စွယ်စုံကျမ်းများနှင့်ဆက်စပ်ဖတ်ရှုနိုင်ရန်စီစဉ်ခဲ့သည်။

စွယ်စုံကျမ်းနှစ်ချုပ်(၁၉၇၈) ကို အပိုင်းသုံးပိုင်းခွဲထားကာ ပထမပိုင်းတွင် ယမန်နှစ်က ဖြစ်ပျက်ခဲ့သည့် ထင်ရှားသော ဖြစ်ရပ်များကို ရက်စွဲမှတ်တမ်းအဖြစ်ဖော်ပြထားသည်။ဒုတိယပိုင်းတွင် လွန်ခဲ့သောနှစ်အတွင်း လူများစိတ်ဝင်စားမည့် အကြောင်းအရာများကို ဆောင်းပါးကြီးများရေးသားဖော်ပြထားသည်။ တတိယပိုင်းတွင် မြန်မာ့စွယ်စုံကျမ်းတွင်ပါသင့်ပါထိုက်သော က မှ အ အက္ခရာအထိ အကြောင်းအရာဖြည့်စွက်ချက်များကို အက္ခရာစဉ်အတိုင်းရေးသားဖော်ပြထားသည်။

မြန်မာ့စွယ်စုံကျမ်းဖြည့်စွက်ချက်များကို မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၁၉၈၀) အထိ ထည့်သွင်းဖော်ပြခဲ့သည်။ ပညာရပ် နယ်ပယ်အသီးသီးမှ ပညာရှင်များပါဝင်သည့် မြန်မာ့ရည်ညွှန်း ကျမ်းပြုစုရေးအဖွဲ့ကို ၁၉၉၄ ခုနှစ်မှစ၍ ဖွဲ့စည်းကာ စွယ်စုံကျမ်းများကို နှစ်စဉ်ထုတ်ဝေလျက်ရှိပေသည်။

ပညာဗဟုသုတ ဆည်းပူးလိုသူများအတွက် များစွာအထောက်အပံ့ဖြစ်စေသည့် မြန်မာ့စွယ်စုံကျမ်းများအား နှစ် ၅၀ ကျော်လာခဲ့သည့်တိုင် ပညာရှင်များ၊သုတေသီများ၊ ကျောင်းသား ကျောင်းသူများ အားကိုးမှီငြမ်းပြုကြလျက်ရှိနေပေရာ ရှားပါးနေပြီဖြစ်သည့် မြန်မာ့စွယ်စုံကျမ်း အတွဲများကို ပြန်လည်ထုတ်ဝေသင့်သည်ဟု ယူဆမိပါသည်။

# ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ နှမ်းခင်းများခူကောင်စုပ်၍ ပျက်စီး



**ပွင့်ဖြူ ဩဂုတ် ၂၂**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ နယ်အတွင်း၌ ဩဂုတ်လပထမပတ်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မုန်းချောင်းရေများလျှံတက်ပြီး ကိုင်းမြေများတွင် စိုက်ပျိုးထားသော နှမ်းခင်းများအတွင်းသို့ ရေများဝင်ရောက်ခဲ့ရာ ခူကောင်များ ကျရောက်၍ နှမ်းခင်းများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"မိုးက ဇူလိုင်လနောက်ဆုံးပတ်ကတည်းက ပြတ်တယ်လို့မရှိဘူး။ ဩဂုတ်လပထမပတ်ထဲမှာ မုန်းရေတွေလျှံတက်ပြီး ကျွန်းတွေထဲကို ဝင်တော့တာပဲ။ အခုအချိန်မှာက ကျွန်းထဲမှာ နှမ်း၊ ငရုတ်၊ ပြောင်း တွေစိုက်ပျိုးထားကြတယ်။ ရေကအနိမ့်ပိုင်းစိုက်ခင်းတွေကစပြီးဝင်နေပြီ။ တချို့ဆို နှမ်းတွေရိတ်ပြီး နောက်နေ့မနက် ရုတ်တရက်ရေတွေတက်လာလို့ အိမ်ကို စက်လှေတွေနဲ့ သယ်ယူရတယ်။ တချို့နှမ်းခင်းတွေကတော့ မရိတ်ကြရသေးဘူး။ အဲဒီမှာ ရေကတစ်ပတ်လောက်ကြာတယ်။ ရေကျပြီး နောက်နေ့မှာ စိုက်ခင်းတွေကိုသွားကြည့်တော့ နှမ်းခင်းတွေထဲမှာ ရေနဲ့အတူပါလာတဲ့ ခူကောင်တွေက နှမ်းခင်းတွေကို နေရာယူထားလိုက်ကြတာ ကျွန်းတစ်ကျွန်းလုံးပဲဆိုပါတော့။ ကျွန်တော်တို့ ဆေးတန်းပက်တာကို မရဘူး။ နှမ်းလည်းရိတ်သိမ်းရောတင်း ၂၀ ထွက်လောက်ထွက်မယ့် နှမ်းခင်းက ငါးတင်းလောက်ပဲ ထွက်တော့တယ်။ ငရုတ်ခင်းတွေဆိုလည်း တချို့သေကုန်လို့ ပြန်အစားထိုး စိုက်ရတယ်"ဟု ဝဲဒေါင့်ကျေးရွာမှ တောင်သူ ဦးနိုင်ထွန်းဦးက ပြောသည်။

ကျွန်းထဲတွင် ဖလံတော၊ နှောကျင်း၊ ဝဲဒေါင့်(ဇီးကိုင်း)၊ အနောက်ကိုင်းရွာသာ၊ ပေတော၊ ပင်းတုန်းလေး၊ ပင်းတုန်းကြီး စသည့်ကျေးရွာများမှ တောင်သူအများစုစိုက်ပျိုးကြကြောင်းသိရသည်။

အဆိုပါကျေးရွာများမှာ စိုက်ပျိုးရေးကို အဓိကအားထားပြီး အသက်မွေးဝမ်းကျောင်းပြုသော ကျေးရွာများဖြစ်ကာ ယခင်နှစ်ကလည်း မုန်းချောင်းရေဝင်ရောက်၍ အပျက်အစီးများခဲ့သော ကျေးရွာများဖြစ်၍ တောင်သူများ ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ခူကောင်များကျရောက်၍ နှမ်းခင်းများတွင် ရိုးချောင်လိုက်ကာ နှမ်းစိုက်တောင်သူများ ဆုံးရှုံးမှုများနှင့် တွေ့ကြုံခဲ့ရသည်။ အဆိုပါ ခူကောင်များမှာ မိုးများ၍ မုန်းချောင်းရေတိုးရာမှ ရေနှင့်အတူပါလာပြီး နှမ်းခင်းများတွင် ကျန်ရစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပျက်စီးသော နှမ်းခင်းများမှာ နယုန်မိုးနှင့်ကြဲသော နှမ်းခင်းများဖြစ်ပြီး ကဆုန်လ ရေသွင်းစိုက်ပျိုးခဲ့သော နှမ်းများမှာ ရိတ်သိမ်းနိုင်ခဲ့ရကြောင်း သိရသည်။

အဆိုပါနှမ်းစိုက်ခင်းများ၏ ခန့်မှန်းပျက်စီးဧကမှာ ဧက ၁၀၀ နီးပါးခန့်ရှိကြောင်း သိရသည်။

**သတင်း- ဇူလိုင်မိုး၊ ဓာတ်ပုံ- ချစ်သမီး**

# မင်းပြားမြို့ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေးဆောင်ရွက်

**မင်းပြား ဩဂုတ် ၂၂**
ရခိုင်ပြည်နယ် မင်းပြားမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်မှူး ဦးလှထွန်းနှင့် ဝန်ထမ်းများက ဩဂုတ်လဒုတိယပတ်နှင့်တတိယပတ်များတွင် မြို့ပေါ်ရှိ ရပ်ကွက်သို့ ကွင်းဆင်းပြီး အသိပညာပေး၊ ဟောပြောပွဲများ ပြုလုပ်ခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ မင်းပြားမြို့ပေါ် ရှစ်ရပ်ကွက်တွင် ဟောင်းနွမ်းဝိုင်ယာကြိုးများကို အသစ်ပြန်လည်တပ်ဆင်ပေးခြင်းများ ပြုလုပ်ခဲ့သည်။

မြို့ပေါ်လက်ရှိသုံးစွဲမီတာမှာ အလုံး ၁၅၉၀ ရှိပြီး လမ်းမီးပွင့်အဖြစ် မီးလုံးရေ ၄၀၀ ခန့် ထွန်းပေးလျက်ရှိသည်။ လက်ရှိမြို့ပေါ်တွင် 200 KVA ထရန်စဖော်မာ လေးလုံးတည်ဆောက်ထားပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ခွင့်ပြုငွေဖြင့် 160 KVA ထရန်စဖော်မာ ကိုးလုံး၊ မြို့ပေါ် 160 KVA ထရန်စဖော်မာ ငါးလုံး၊ မြို့နှင့် ငါးမိုင်ကွာဝေးသော ကျေးရွာများတွင် အချိန်မီပြီးစီးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၅၇)

# စလင်းမြို့နယ်၌အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်

**စလင်း ဩဂုတ် ၂၂**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ရွှေဘုံသာကျေးရွာအုပ်စု ပေါင်လောင် ကျေးရွာဓမ္မာရုံ၌ ဩဂုတ် ၁၆ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးပြီး သင်တန်းသား ၁၀ ဦးအား အသက်မွေးဝမ်းကျောင်း အထောက် အကူအဖြစ် ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ သင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်နှင့် နည်းပညာများရရှိရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်သည်။ ယင်းသင်တန်းဖွင့်ပွဲသို့ ကျေးရွာတာဝန်ခံများ၊ ရပ်မိရပ်ဖများ၊ သင်တန်းသားများတက်ရောက်၍ သင်တန်းကာလမှာ ၁၀ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည် ။

**စစ်ကြည်(စလင်း)**

# ကျောက်စိမ်းတူးဖော်ခြင်းနှင့် ပြည်ပတင်ပို့ခြင်းကို ယာယီရပ်ဆိုင်းရန် ကျောက်စိမ်းလုပ်ငန်းရှင်များက တင်ပြမည်

**မန္တလေး ဩဂုတ် ၂၂**
ပြည်တွင်းတွင် ကျောက်စိမ်းဈေးကွက်ဖြစ်တည်လာရန်နှင့် ဈေးကွက်မြင့်တင်နိုင်ရန်အတွက် ကျောက်စိမ်းတူးဖော်ခြင်းနှင့်ပြည်ပတင်ပို့ခြင်းလုပ်ငန်းတို့ကို ယာယီရပ်ဆိုင်းပေးနိုင်ရေးအတွက် ကျောက်စိမ်းလုပ်ငန်းရှင်များက နိုင်ငံတော် တင်ပြသွားမည်ဖြစ်ကြောင်း ပွင့်ကောင်းကျောက်မျက်စိမ်းကျောက်မျက်ရောင်းဝယ်ရေးမှ ဦးသန်းဝင်းက ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ဩဂုတ် ၁၆ ရက်ကမီဒီယာစင်တာတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ခြင်းဖြစ်သည်။ "ပြည်တွင်းကျောက်စိမ်းဈေးကွက်မရှိဘဲ တရုတ်နိုင်ငံမှာဈေးကွက်ဖြစ်နေတယ်။ ဒီအတိုင်းဆက်သွားနေမယ်ဆိုရင် နောက် နှစ်လောက်ဆိုရင်ကျောက်စိမ်းဈေးကွက် ပျက်စီးသွားနိုင်လို့ ပြည်တွင်းမဏ္ဍိုင်ကျောက်စိမ်းခန်းမမှာပဲ ဈေးကွက်လုပ်စေချင်တယ်။ ဒါဆိုရင် နိုင်ငံတော်အတွက် အခွန်တိုးရနိုင်သလို ကျောက်စိမ်းဈေးကွက်ပြန်ဖြစ်လာမယ်"ဟု ပြောသည်။

မြန်မာ့တွင်းထွက် ကျောက်စိမ်းများကို မြစ်ကြီးနားဘက်မှ တရားမဝင်ပြည်ပသို့ တင်ပို့နေမှုများကြောင့် အရည်အသွေးကောင်း ကျောက်စိမ်းများမှာပြည်တွင်းဈေးကွက်ရောက်မလာဘဲ ပြည်ပသို့ ရောက်ရှိသွားသဖြင့် ပြည်ပတင်ပို့မှုနှင့် ကျောက်စိမ်းတူးဖော်ထုတ်လုပ်နေမှုများကိုလည်း ရပ်ဆိုင်းထားသင့်ကြောင်း အကြံပြုခြင်းဖြစ်သည် ဟုဆိုသည်။

"ကျောက်စိမ်းတွေက မြစ်ကြီးနား၊ လိုင်ဇာဘက်ကနေ တရုတ်ပြည်ဘက်ရောက်သွားတော့ တရုတ်ပြည်မှာ မြန်မာ့ကျောက်စိမ်း ကုန်ကြမ်းတွေ စုပုံနေတယ်။အဲဒီတော့မန္တလေး၊ စစ်ကိုင်းဘက်ကို ဆင်းပြီးမဝယ်တော့ဘူး။ ဈေးကွက်ပျက်တာပဲ" ဟု ဒိုင်းမွန်းဂိုးစတား ကျောက်မျက်ကုမ္ပဏီမှ ဦးအောင်ဝင်းဦးက ပြောသည်။

၂၀၁၂ ခုနှစ်ဝန်းကျင်က ကျောက်စိမ်းကျောက်မျက်တူးဖော်မှုရပ်ဆိုင်းခဲ့စဉ်က ပြည်တွင်းကျောက်ဈေးကွက်တွင် သုံးဆခန့်မြင့်တက်လာသည့်ဖြစ်စဉ်ရှိကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ယန္တရားများဖြင့် ကုမ္ပဏီများက အလွန်အကျူးတူးဖော်ပြီး အရိုင်းတုံးများကို အခွန်ရှောင်ပြီး နယ်စပ်လမ်းကြောင်းများမှ တရုတ်ပြည်သို့တင်ပို့ခဲ့သဖြင့် ကျောက်စိမ်းဈေးကွက် ထိခိုက်ခဲ့ကြောင်းသိရသည်။

၎င်းတို့ပြောကြားချက်အရ အကန့်အသတ် ကျောက်စိမ်းတူးဖော်နေခြင်းနှင့် တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် ရသင့်သည့်အခွန်အခများမရရှိဘဲ နစ်နာမှုရှိကြောင်းနှင့် ကျောက်စိမ်းအရောင်းအဝယ်အမှီပြုလုပ်ကိုင်နေသူ သိန်းနှင့်ချီ နစ်နာမှုရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများကောက်ခံ



**သာစည် ဩဂုတ် ၂၂**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့တွင် လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများ ပူးပေါင်းလက်တွဲ၍ မြို့ပေါ်ရှိ မီးရထားကျောင်းဆရာတော်၊ ကြာကန်ကျောင်းဆရာတော်၊ ဂါတ်တန်းကျောင်းဆရာတော်၊ မကျည်းအုပ်ကျောင်းဆရာတော်တို့၏ ဩဝါဒကိုခံယူပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် ယနေ့ဖြစ်ပေါ်နေသော ရေဘေးခံစားနေရသည့် ပြည်သူများအတွက် သာစည်မြို့နယ်အနေဖြင့် ငွေနှင့်စားသောက်ကုန်ပစ္စည်းများ သွားရောက်လှူဒါန်းနိုင်ရေးအတွက် မြို့ပေါ်မိန်းလမ်းမကြီးပေါ်တွင် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအဖွဲ့မှ ဖြတ်သန်းသွားလာနေကြသည့် ယာဉ်ကြီးယာဉ်ငယ်များနှင့် လမ်းသွားလမ်းလာများထံမှ အလှူငွေများကို ကောက်ခံလျက်ရှိသည်။

ထို့အပြင် ဆရာတော်ကြီးများကိုယ်တိုင် လူမှုရေးအသင်းအဖွဲ့များနှင့် လိုက်ပါပြီး မြို့ပေါ် ရပ်ကွက်များအတွင်းနှင့် ကျေးရွာများအထိသွားရောက်ကြပြီး ရေဘေးသင့်မိဘပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများကို အလှူခံလျက်ရှိကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# သထုံမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းများအား တစ်နိုင်တစ်ပိုင် ကူညီ ထောက်ပံ့

**သထုံ ဩဂုတ် ၂၂**
ဒေသဖွံ့ဖြိုးရေးနှင့်ပညာရေးတိုးတက်အောင်မြင်စေရန်အတွက် ဩဂုတ် ၂၀ ရက်က သထုံမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများသို့ ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူ၊ ဒေါ်ခိုင်ခိုင်လဲ့၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနန္ဒဝင်းနှင့်အဖွဲ့သည် ကျောင်းသုံး စာရေးခုံများ၊ ဗလာစာအုပ်များနှင့် ထောက်ပံ့ငွေများအား နွမ်းပါးသောအခြေခံမူလတန်းကျောင်းများသို့ လိုက်လံ၍ ကူညီထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ပေါက်မြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေး

**ပေါက် ဩဂုတ် ၂၂**
မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်း၌ မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မေ ၂၄ ရက်က စတင်ထုတ်ပေးခဲ့ရာ ဩဂုတ်လဒုတိယပတ်အထိ ချေးငွေအားလုံး ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။ ထိုသို့ချေးငွေထုတ်ပေးခဲ့ရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု ၄၇ စုရှိ အစုအဖွဲ့ ၁၇၄၂ ဖွဲ့မှ တောင်သူ ၅၁၇၄ ဦး၊ စုစုပေါင်း သီးနှံစိုက်ဧက ၃၀၄၈၄ ဧကအတွက် ချေးငွေ ကျပ် ၁၁၉၅၂ သိန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**



## ဂျာမနီကို ရှုံးကြွေးပြန်ဆပ်ခဲ့တဲ့ ဘရာဇီး

ဘရာဇီးနိုင်ငံမှာ ကျင်းပခဲ့တဲ့ ရီယိုအိုလံပစ် ၂၀၁၆ ပြိုင်ပွဲမှာ သန်းပေါင်းများစွာသော ဘရာဇီးပြည်သူများ အဓိကအားအထားဆုံး ပြိုင်ပွဲကတော့ ဘောလုံးပြိုင်ပွဲဖြစ်ပါတယ်။ ဘရာဇီးဘောလုံးအသင်း အနိုင်ရရှိရေးဟာ ဘရာဇီးပြည်သူအားလုံး မျှော်မှန်းထားတာဖြစ်လို့ ပြိုင်ပွဲတွေအားလုံးအနက် ဘောလုံးကို အားစိုက်ခဲ့ကြတာပါ။ ဒီရီယိုအိုလံပစ် အားကစားပြိုင်ပွဲမှာတော့ ဘရာဇီးပြည်သူတွေ မျှော်မှန်းထားတဲ့အတိုင်း ဘောလုံးပွဲမှာ ဂျာမနီကို အနိုင်ကစားပေးပြီး ထိုက်တန်တဲ့ရွှေတံဆိပ်ကို ရယူသွားနိုင်ခဲ့ပါပြီ။

အသင်းခေါင်းဆောင်နေမာရဲ့နောက်ဆုံးပယ်နယ်တီဂိုးနဲ့ ဘရာဇီးတို့ အနိုင်ရရှိသွားခဲ့တာဖြစ်ပါတယ်။ ဘရာဇီးနဲ့ ဂျာမနီတို့ဟာ ပုံမှန်ကစားချိန်မှာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်နေခဲ့တဲ့အတွက် အချိန်ပိုကစားခဲ့ကြတဲ့အပြင် ပယ်နယ်တီငါးလုံးစီ ကန်သွင်းခဲ့ရာမှာ ဘရာဇီးက ပယ်နယ်တီဂိုး ငါးဂိုး-လေးဂိုးနဲ့ အနိုင်ရရှိသွားခဲ့တာဖြစ်ပါတယ်။

ဘရာဇီးဂိုးသမား ဝီတာဆင်က ပယ်နယ်တီဂိုးကန်သွင်းမှု တစ်ဂိုးကို ကာကွယ်ပေးနိုင်ခဲ့တဲ့အတွက် ဘရာဇီးတို့ ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ တိုက်စစ်မှူး နေမာဟာ ပုံမှန်ပွဲကစားချိန်မှာလည်း ဘရာဇီးအတွက် အဖွင့်ဂိုးကို သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဘရာဇီးအသင်းရဲ့ဒီပွဲအနိုင်ရရှိမှုဟာ ၂၀၁၄ ခုနှစ်က ကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲမှာ ဘရာဇီးအသင်းက ဂျာမနီအသင်းကို ခုနစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရတဲ့ ရှုံးကြွေးကိုလည်း ပြန်ဆပ်လိုက်နိုင်ခြင်းဖြစ်ပါတယ်။



## လီဗာပူးအသင်းကိုဝယ်ဖို့ ကြိုးစားလာတဲ့ တရုတ်ကုမ္ပဏီ

တရုတ်နိုင်ငံအစိုးရရဲ့ ကျောထောက်နောက်ခံပြုထားတဲ့ ကုမ္ပဏီကြီးတစ်ခုဟာ ပရီမီယာလိဂ် ထိပ်တန်းကလပ်တစ်ခုဖြစ်တဲ့ လီဗာပူးအသင်းရဲ့ အစုရှယ်ယာတွေကို ဝယ်ယူဖို့ ကြိုးစားလျက်ရှိရာမှာ လီဗာပူးအသင်းပိုင်ရှင်တွေက လက်ခံလိုက်ပြီလို့ ဆိုပါတယ်။ တရုတ်ထိပ်တန်းကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ ချိုင်းနားအဲဗားဘရိုက်ဟာ လီဗာပူးမှာ ပေါင်သန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံသွားဖို့ စီစဉ်နေတယ်လို့လည်း သတင်းတွေက ဆိုပါတယ်။ ချိုင်းနားအဲဗားဘရိုက်အနေနဲ့ ပေါင်သန်း ၇၀၀ တန်ဖိုးရှိတဲ့ လီဗာပူးအသင်းကို ရင်းနှီးမြှုပ်နှံသွားမှာဖြစ်ပြီး လီဗာပူးအသင်း တာဝန်ရှိသူတွေဟာ ကနဦးကမ်းလှမ်းမှုကို လက်ခံလိုက်ပြီဖြစ်တယ်လို့ ဆိုပါတယ်။

လက်ရှိအချိန်မှာ လီဗာပူးအသင်းကို အမေရိကန်သူဌေး ဂျွန်ဟန်နရီက အဓိက ပိုင်ဆိုင်ထားတာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ပေါင်သန်း ၇၀၀ တန်ဖိုးရှိတယ်လို့ တရုတ်ငွေကြေးဆိုင်ရာ ကုမ္ပဏီအုပ်စုကြီးဖြစ်တဲ့ ချိုင်းနားအဲဗားဘရိုက်က ဆိုပါတယ်။ တရုတ်ကုမ္ပဏီအနေနဲ့ လီဗာပူးအသင်းမှာ အမှန်တကယ်သာ ရင်းနှီးမြှုပ်နှံခဲ့မယ်ဆိုရင် ပရီမီယာလိဂ်မှာ အကြီးမားဆုံး ရင်းနှီးမြှုပ်နှံထားတဲ့ တရုတ်ကုမ္ပဏီတစ်ခု ဖြစ်လာမှာဖြစ်ပါတယ်။ လီဗာပူးမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် တရုတ်ကုမ္ပဏီအနေနဲ့ အမေရိကန်စီး ပွားရေးလုပ်ငန်းရှင်နဲ့ ပူးပေါင်းလုပ်ဆောင်သွားဖို့ စိတ်အားထက်သန်နေတယ်လို့လည်း ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# လိဂ်ဖလား နောက်တစ်ဆင့်တက်မယ့် ချယ်လ်ဆီးနဲ့ လီဗာပူး




**စနေ၊ တနင်္ဂနွေမှာ ပရီမီယာလိဂ်ပွဲတွေကြောင့် ကမ္ဘာ့ဘောလုံးပရိသတ်တွေ လှုပ်လှုပ်ရှားရှား ဖြစ်နေချိန်မှာ ကြားရက်တွေဖြစ်တဲ့ ဩဂုတ် ၂၄ ရက်နဲ့ ၂၅ ရက်တွေမှာလည်း အင်္ဂလန်လိဂ်ဖလား ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်တွေ ရှိနေပြန်ပါတယ်။ ဒီပွဲစဉ်တွေမှာ ပရီမီယာလိဂ် ထိပ်တန်းအသင်းတွေဖြစ်တဲ့ ချယ်လ်ဆီးနဲ့ လီဗာပူးတို့ အခြေအနေကောင်းပြီး နောက်တစ်ဆင့်တက်ရောက်နိုင်မလားဆိုတာ စောင့်ကြည့်အားပေးရမှာဖြစ်ပါတယ်။**

### ချယ်လ်ဆီးနှင့် ဘရစ္စတိုးရိုဗာ

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံတဲ့ ပွဲစဉ်မှာ ချယ်လ်ဆီးတို့ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပွဲကြုံထားပါတယ်။ ပထမတန်းကလပ် ဘရစ္စတိုးရိုဗာဟာ အိမ်ကွင်းမှာ ကစားအားကောင်းပေမယ့် အဝေးကွင်းမှာ ရလဒ်မကောင်းတတ်ပါဘူး။ ဒီနှစ် ပြိုင်ပွဲစုံမှာ ဖလားရရှိရေး မျှော်မှန်းနေတဲ့ ချယ်လ်ဆီးတို့က တော့ အခုပွဲမှာ အမာခံကစားသမားတွေနဲ့ ပွဲထွက်လာဖို့ ရှိနေပါတယ်။ လောလောဆယ်မှာ နိုင်ပွဲတွေ ဆက်တိုက် ရရှိနေတဲ့ ချယ်လ်ဆီးဟာ ဒီပွဲကို ဂိုးပြတ်သွင်းပြီး အောင်ပွဲခံနိုင်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။

### ဘာတန်နှင့် လီဗာပူး

တန်းတက် ဘန်လေကို ရှုံးခဲ့တဲ့ လီဗာပူးရဲ့ခြေစွမ်းကလည်း ခန့်မှန်းရခက်တဲ့ အနေအထားပါပဲ။ ပြိုင်ဘက်အသင်းရဲ့ ခြေစွမ်းကိုလိုက်ပြီး ခြေစွမ်းအတက်အကျ ကစားတတ်တဲ့ လီဗာပူးရဲ့စွမ်းဆောင်မှုက ဒီပွဲမှာတော့ ပြတ်သားတဲ့သွင်းဂိုးတွေနဲ့ နိုင်ပွဲကို ပုံဖော်ပါလိမ့်မယ်။ လီဗာပူးရဲ့ နောက်ဆုံးသုံးပွဲမှာ ကစားခဲ့တဲ့ခြေစွမ်းကို ကြည့်ရင် မိန့်ဇ်အသင်းကို လေးဂိုးပြတ်နဲ့ရှုံးပြီး ဘန်လေကို နှစ်ဂိုး ပြတ်ရှုံးကာ အာဆင်နယ်ကိုတော့ လေးဂိုး သုံးဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ ဒီပွဲမှာ လီဗာပူးတို့ အခြေအနေကောင်းနိုင်ပေမယ့် ဘာတန်ရဲ့ အိမ်ကွင်းခြေစွမ်းကလည်း လျှော့တွက်လို့တော့ မရပါဘူး။ ဒါပေမယ့် နောက်ဆုံးမှာတော့ လီဗာပူးတို့ပဲ ရလဒ်ကောင်းကို ပုံဖော်သွားပါလိမ့်မယ်။

### ဖူလ်ဟမ်နှင့် မစ်ဒယ်ဘရော့

ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံမှုကိုကြည့်ရင် မစ်ဒယ်ဘရော့တို့က နှစ်ဂိုးပြတ် နိုင်ပွဲရထားခဲ့ပါတယ်။ ဖူလ်ဟမ်ရဲ့ လောလောဆယ်ခြေစွမ်းက ကောင်းမွန်နေပြီး တိုက်စစ်၊ ခံစစ်အားလည်း ဟန်ချက်ညီနေပါတယ်။ မစ်ဒယ်ဘရော့ဟာ ဒီနှစ်မှာ ဒီရွန်၊ ဗဲလ်ဒက်၊ ရာမီရက်ဇ်၊ နီဂရိုဒိုနဲ့ ဘာရာဂန်တို့ကို ခေါ်ယူအားဖြည့်ထားတာမို့ ဒီကစားသမားတွေရဲ့အင်အားနဲ့ မစ်ဒယ်ဘရော့နည်းပြ ကာရန်ကာဟာ ဒီပွဲမှာ ဖူလ်ဟမ်ကို အနိုင်ရအောင် ကြိုးစားပါလိမ့်မယ်။

### စတီဗန်အေ့ဗ်နှင့် စတုတ်

အင်္ဂလန် ဒုတိယတန်းကလပ်ဖြစ်တဲ့ စတီဗန်အေ့ဗ်ကို စတုတ်တို့ အလေးထားကစားပြီး အနိုင်ယူပါလိမ့်မယ်။ စတီဗန်အေ့ဗ်ရဲ့ လောလောဆယ် ခြေစွမ်းကိုကြည့်ရင် နောက်ဆုံးနှစ်ပွဲမှာ နိုင်ပွဲမရသေးပါဘူး။ နည်းပြ မာ့ခ်ဟုချ်ရဲ့စတုတ်ကတော့ ဒီနှစ်မှာ လီဗာပူးက ဂျိုးအယ်လန်နဲ့ ဝင်ဘယ်ဒန်အသင်းက ဆွီးနေးတို့ကို ခေါ်ယူထားပြီး အကောင်းဆုံးစွမ်းဆောင်မှုရအောင် ကြိုးစားနေပါတယ်။ ဒါကြောင့် ပရီမီယာလိဂ်မှာ စတုတ်တို့ မန်စီးတီးကို ရှုံးခဲ့ရပေမယ့် ဒီပွဲမှာတော့ စတုတ်တို့ကပဲ အနိုင်ရလဒ်ကို ရယူသွားပါလိမ့်မယ်။

### ဆန်းဒါးလန်းနှင့် ရှူးဘယ်ရီ

အင်္ဂလန် ပထမတန်းကလပ် ရှူးဘယ်ရီအသင်းဟာ ကိုဗင်ထရီနဲ့ ချာလ်တန်အသင်းတွေကို နိုင်ပွဲရအောင် မကစားနိုင်ခဲ့တာကြောင့် ကစားသမားတွေ စိတ်ဓာတ်ယိမ်းယိုင်နေတာ အမှန်ပါပဲ။ ဆန်းဒါးလန်းတို့ကတော့ ဒီနှစ်မှာ ကစားသမားသစ်အဖြစ် ချယ်လ်ဆီးအသင်းက ဂျီလိုဘိုချီကိုပဲ ခေါ်ယူပြီး နည်းပြ ဒေးဗစ်မိုယက်စ်ကတော့ ခပ်ရဲရဲ ချီတက်နေပါတယ်။ ပရီမီယာလိဂ်ပွဲတွေမှာ ရလဒ်ကောင်းတစ်ခုရဖို့ ပွဲတိုင်းအားစိုက်နေရတဲ့ ဆန်းဒါးလန်းတို့ဟာ ဒီပွဲမှာလည်း အနိုင်ရအောင်တော့ ကြိုးစားပါလိမ့်မယ်။

### ပီတာဘရော့နှင့် ဆွမ်ဆီး

အင်္ဂလန် ပထမတန်းကလပ်ဖြစ်တဲ့ ပီတာဘရော့ဟာ မီဝေါလ်အသင်းကို ငါးဂိုးအထိသွင်းယူပြီး နိုင်ပွဲရထားတဲ့ခြေစွမ်းက ကောင်းမွန်နေပေမယ့် ပရီမီယာလိဂ်မှာ ဟားလ်စီးတီးကို နှစ်ဂိုးပြတ်ရှုံးခဲ့တဲ့ ဆွမ်ဆီးရဲ့ ခြေစွမ်းကတော့ အားရစရာမရှိပါဘူး။ ဆွမ်ဆီးအသင်းဟာ ဒီနှစ်မှာ ကစားသမားသစ်တွေအဖြစ် မန်ယူမှ တိုင်လာရိဒ်၊ အေဂျက်စ်မှ ဗန်ဒါဟွန်း၊ ဆီဗီလာမှ လော်ရန်တေးနဲ့ ကျူပီအာအသင်းမှ လီရှိုင်စာ စတဲ့ကစားသမားတွေကို ခေါ်ယူအားဖြည့်ထားတာမို့ နည်းပြ ဂူဒိုလင်ဟာ ဒီပွဲကိုတော့ အနိုင်ရအောင် အားထုတ်ပါလိမ့်မယ်။

### ပဲလေ့စ်နှင့် ဘလက်ပူး

အင်္ဂလန် ဒုတိယတန်းကလပ် ဘလက်ပူးတို့ဟာ လက်ရှိခြေစွမ်းအရ ပဲလေ့စ်ကို မယှဉ်နိုင်ပါဘူး။ နောက်ဆုံးသုံးပွဲမှာ နိုင်ပွဲဆက်တိုက်ပျောက်ဆုံးနေတဲ့ ဘလက်ပူးတို့ဟာ အခုပွဲမှာလည်း အနိုင်ရလဒ်ကို မျှော်လင့်လို့မရသေးပါဘူး။ နည်းပြ အလန်ပါဂျူးရဲ့ပဲလေ့စ်တို့ဟာ ပရီမီယာလိဂ်မှာ စပါးကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့ပေမယ့် ခြေစွမ်းကတော့ ကောင်းမွန်နေပါတယ်။ အသစ်ခေါ်ယူထားတဲ့ မန်ဒန်ဒါ၊ တောင်ဆန်နဲ့ တွမ်ကင်းတို့ရဲ့လုပ်အားတွေနဲ့ ပဲလေ့စ်တို့ အနိုင်ရလဒ် ကို ပုံဖော်ပါလိမ့်မယ်။

**❐ မိုးမြင့်လင်းလက် ❐**




# မီတာ ၁၀၀၀၀ နဲ့ ၅၀၀၀ မှာ နှစ်ကြိမ်ဗိုလ်စွဲနိုင်တဲ့ ဒုတိယမြောက်အပြေးသမားဖြစ်လာသူ မိုဖာရပ်ချ်

ဗြိတိန် တာဝေးအပြေးသမား မိုဖာရပ်ချ်ဟာ ရီယိုအိုလံပစ် အားကစားပြိုင်ပွဲမှာ ရွှေတံဆိပ်လေးကြိမ်ဆွတ်ခူးနိုင်ခဲ့တဲ့ အားကစားသမား ဖြစ်လာသလို မီတာ ၅၀၀၀ နဲ့ မီတာ ၁၀၀၀၀ ပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ကို ပြန်လည်ဆွတ်ခူးနိုင်တဲ့ ဒုတိယမြောက် တာဝေးအပြေးသမားလည်း ဖြစ်လာခဲ့ပါတယ်။

အသက် ၃၃ နှစ်အရွယ်ရှိတဲ့ မိုဖာရပ်ချ်ဟာ ဘရာဇီးနိုင်ငံ ရီယိုမြို့မှာကျင်းပနေတဲ့ အမျိုးသား မီတာ ၅၀၀၀ ပြိုင်ပွဲမှာ ပန်းဝင်ဗိုလ်စွဲခဲ့ပါတယ်။ သူဟာ မီတာ ၅၀၀၀ ကို ၁၃ မိနစ် ၃ ဒသမ ၃ စက္ကန့်နဲ့ အရောက်ပြေးနိုင်ခဲ့ပါတယ်။ ဖာရပ်ချ်ဟာ ရီယိုအိုလံပစ်မှာ ဗြိတိန်နိုင်ငံရဲ့ ၂၇ ခုမြောက် ရွှေတံဆိပ်ကို ဆွတ်ခူးပေးလိုက်ခြင်းဖြစ်ပြီး နိုင်ငံအတွက် ၆၅ ခုမြောက်ဆုလည်း ဖြစ်ပါတယ်။

ဆိုမာလီယာဖွား လန်ဒန်မြို့သား မိုဖာရပ်ချ်ဟာ ပေကျင်းအိုလံပစ်ပြိုင်ပွဲတုန်းကလည်း မီတာ ၅၀၀၀ နဲ့ မီတာ ၁၀၀၀၀ ပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆုတွေ ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး အခု ထပ်ရလိုက်တဲ့ ဆုတွေကြောင့် အိုလံပစ်သမိုင်းမှာ မီတာ ၅၀၀၀ နဲ့ မီတာ ၁၀၀၀၀ ပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆုကို နှစ်ကြိမ်ရတဲ့ ဒုတိယမြောက် တာဝေးအပြေးသမားလည်း ဖြစ်လာခဲ့ပါတယ်။ သူ့မတိုင်ခင်က ဖင်လန်နိုင်ငံသား တာဝေးအပြေးသမားဖြစ်တဲ့ လက်ဆီဗီနီးဟာ ၁၉၇၂ ခုနှစ် မြူးနစ်အိုလံပစ်ပြိုင်ပွဲနဲ့ ၁၉၇၆ ခုနှစ် မွန်ထရီရယ် အိုလံပစ်ပြိုင်ပွဲတွေမှာ မီတာ ၅၀၀၀ နဲ့ မီတာ ၁၀၀၀၀ ပြိုင်ပွဲတွေမှာ နှစ်ကြိမ်နှစ်ခါ ဗိုလ်စွဲခဲ့ဖူးပါတယ်။

# စကြာ်တောင်ဘုရားပွဲတော် တောင်တက်ပွဲ ရပ်ဝေးရပ်နီးမှပြည်သူများ စည်ကားစွာပါဝင်ခဲ့

**မိတ္ထီလာ ဩဂုတ် ၂၂**
နွားထိုးကြီးမြို့နယ် ဘူးကိုင်းကျေးရွာအုပ်စု ခံစပ်ကုန်းကျေးရွာအနီး၌ တည်ရှိသည့် စကြာ်တောင် ဘုရားပွဲတော် တောင်တက်ပွဲတွင် ဒေသတွင်း ကျေးရွာများမှ ပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ အများအပြား ပါဝင်တောင်တက်ခဲ့ကြ၍ အလွန်စည်ကားခဲ့ကြောင်း သိရသည်။

"စကြာ်တောင် ဘုရားပွဲတော်ကို ဝါခေါင်လဆန်း ၈ ရက်နေ့ကနေ ဝါခေါင်လပြည့်နေ့အထိ နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပါတယ်။ ဝါခေါင်လပြည့်နေ့ဆိုရင် အခုလို တောင်တက်ပွဲကို ခံစပ်ကုန်းကျေးရွာ(အရှေ့အနောက်)၊ ကူကုန်း၊ ဘူးကိုင်း၊ နန္ဒင်းတော်ဘိုးတော်ရွာ၊ ပျားရွာနဲ့ မြင်းခြံ၊ တောင်သာ၊ မန္တလေး၊ ကျောက်ဆည်၊ တောင်ကြီး၊ ဂန့်ဂေါစတဲ့ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေ ပါဝင်တက်ရောက်ကြပြီး တောင်ပေါ်ရောက်ရင် အနော်ရထာမင်း ပြုပြင်တည်ထားကိုးကွယ်တဲ့ မြစည်းခုံစေတီတော်ကို ဆီမီး၊ရေချမ်း၊ပန်း ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြတယ်"ဟု ဘူးကိုင်းကျေးရွာမှ ဒေသခံတစ်ဦးဖြစ်သည့် ကိုဇော်လင်းက ပြောသည်။



ယခုနှစ် စကြာ်တောင်ဘုရားပွဲတော်တွင် ရွှေမန်းသားဖိုးချစ်ဇာတ်အဖွဲ့က လာရောက်ကပြ ဖျော်ဖြေပြီး ဘုရားပွဲဈေးတန်းတွင် ဆိုင်ခန်းကြီး ဆိုင်ခန်းငယ်ပေါင်း ၁၂၀၀ ကျော်ခန့် ခင်းကျင်းကာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်းနှင့် ဘုရားပွဲတော်သို့ လာရောက်သူတိုင်းမှာလည်း ဝါခေါင်လပြည့်နေ့တွင် ကျင်းပသည့် စကြာ်တောင်တက်ပွဲကို ပါဝင်ဆင်နွှဲကြသဖြင့် စကြာ်တောင်ခြေနှင့် တောင်တက်လမ်းတစ်လျှောက်တွင် တောင်ပေါ်သို့ တက်၍ ဘုရားဖူးသူများဖြင့် ကြက်ပျံမကျ စည်ကားများပြားခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၂၂**
နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အားကစားခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ဩဂုတ် ၁၆ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်နှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(နေပြည်တော်)မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်သိန်းတို့က အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီးရွှေညာမောင်က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် လူငယ်များအား အကျင့်စာရိတ္တပျက်ပြားစေပြီး လူညွန့်တုံးသည်အထိ ဖြစ်စေနိုင်ပုံနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများအားလုံး ဝိုင်းဝန်းဆောင်ရွက်ပေးမှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**ဇူလိုင်မိုး**

## အင်္ဂလိပ်စာအရည်အသွေးတိုးတက်ရေး စွမ်းရည်ပြိုင်

**သန်လျင် ဩဂုတ် ၂၂**
နည်းပညာတက္ကသိုလ် (သန်လျင်)မှ ကျောင်းသားကျောင်းသူများ၏ အင်္ဂလိပ်စာအရည်အသွေး တိုးတက်မြင့်မားရေး၊ ထူးချွန်ထက်မြက်သော ကျောင်းသားကျောင်းသူများ ပေါ်ထွန်းရေး၊ တစ်ဦးချင်းစွမ်းရည် ပြသနိုင်ရေး၊ စည်းလုံးညီညွတ်မှုရှိရန်နှင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်နှင့် စာဖတ်စွမ်းရည်တိုးတက်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် English Olympiscs 2016 ပြိုင်ပွဲကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဩဂုတ် ၁၈ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲကို နည်းပညာတက္ကသိုလ်(သန်လျင်)၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲတွင် နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာကေသီလွင်က ပြိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး ကျောင်းသားကျောင်းသူငါးဦးစီပါသည့်အဖွဲ့လေးဖွဲ့က Spelling Bee, Idiom, Translation နှင့် General Knowledge စသည့် ခေါင်းစဉ်များတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## မိုးရာသီ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ



**ဘုရားသုံးဆူ ဩဂုတ် ၂၂**
ဘုရားသုံးဆူမြို့တွင် လူငယ်များအားကစားစိတ်ဓာတ်ရှိစေရန် ရည်ရွယ်၍ မိုးရာသီ အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက်က မြို့မအားကစားကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်က အမှာစကားပြောကြားသည်။ ထို့နောက် ပါဝင်ယှဉ်ပြိုင်ကြမည့် ဘောလုံးအသင်း ၁၂ သင်းမှ အသင်းအလိုက် ချီတက်အလေးပြုခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေတိုက်စားနေသည့် မဟာဓာတ်အားလိုင်းတာဝါတိုင် ပျက်စီးမှုမရှိရေးဆောင်ရွက်

**သီပေါ ဩဂုတ် ၂၂**
မိုးအဆက်မပြတ်ရွာသွန်းမှုနှင့်တောင်ကျရေများကြောင့် ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျင်သီကျေးရွာ မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၂၁၊ (၆/၇) ကြား ညာဘက်ခြမ်းရှိ ပေ ၂၀ အကွာ ရွှေလီ၊ မန်စံ၊ ရွှေစာရံမဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၅၈) ကို ကျင်သီချောင်းမှ ရေတိုက်စားမှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ မဟာဓာတ်အားလိုင်းပြိုကျပျက်စီးခြင်းမရှိစေရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝင်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးနေမျိုးအောင်ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦး ဦးဆောင်သော စည်ပင်ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအပါအဝင် ကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူများက ချောင်းကမ်းပါးရေတိုက်စားနေမှုကို သဲ၊ ဖြုန်း၊ ကျောက်၊ မြေအိတ်များဖြင့်သယ်ဖို့ကာရံလျက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ လက်တွဲညီညီဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကျင်သီချောင်းရေတိုက်စားမှုကို အချိန်နှင့်တစ်ပြေးညီ စုပေါင်းစွမ်းအားဖြင့် ကာကွယ်ဆောင်ရွက်ခဲ့သဖြင့် မဟာဓာတ်အားလိုင်းတာဝါတိုင်ကြီးမှာ ရေတိုက်စားခြင်းဘေးအန္တရာယ်မှ ကင်းဝေးသွားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ကျေးရွာများတွင် LIFT Fund မှ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

**မင်းဘူး ဩဂုတ် ၂၂**
မင်းဘူးခရိုင်အတွင်းရှိ မင်းဘူးနှင့် ပွင့်ဖြူမြို့နယ်များမှ ကျေးရွာငါးရွာစီတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို LIFT Fund ၏ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၅၀ စီ ချထားပေးကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

လုပ်ငန်းများဆောင်ရွက်နေမှုကို ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့်အဖွဲ့က ဩဂုတ် ၁၉ ရက်တွင် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကော်မတီဝင်များနှင့်တွေ့ဆုံ၍ ငွေစာရင်းရေးသွင်းခြင်းဆိုင်ရာ အခက်အခဲများ၊ စီမံကိန်းဆောင်ရွက်နိုင်မှု အခြေအနေများ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ဖြေရှင်းရမည့်နည်းလမ်းများစသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## ၁၆ ခုတင်ဆံ့ဆေးရုံသို့ ဓာတ်မှန်ရိုက်စက်နှင့် အခြားလိုအပ်ချက်များ လှူဒါန်း

**စလင်း ဩဂုတ် ၂၂**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ရှိ ၁၆ ခုတင်ဆံ့ တည‌ောင် ပြည်သူ့ဆေးရုံအတွက် ဓာတ်မှန်ရိုက်စက်နှင့် အခြားလိုအပ်သောပစ္စည်းများ လှူဒါန်းပွဲကို ဩဂုတ် ၁၅ ရက်က ပြုလုပ်ခဲ့သည်။

ဓာတ်မှန်ရိုက်စက် လှူဒါန်းပွဲတွင် စလင်းဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ပြေက အမှာစကားပြောကြားကာ ရန်ကုန်မြို့မှ အလှူရှင် ဦးအောင်မိုးကျော် မိသားစုက ဓာတ်မှန်ရိုက်စက်နှင့် ဆက်စပ်ပစ္စည်းများကို လှူဒါန်းခဲ့ပြီး ဓာတ်မှန်ခန်း အဆောက်အအုံ၊ ပေါင်းအိုး၊ စတီးရေလှောင်ကန်၊ လူနာတင်လှည်းများ၊ ဗီိုးချဲများ၊ ခွဲစိတ်ဆောင်သစ်နှင့် နှစ်ထပ်လူနာဆောင်တို့ကိုလည်း လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ကချင်ပြည်နယ်အတွင်း လမ်းပိုင်းများပြုပြင်ရန် ကတ္တရာပုံးများ ရေယာဉ်ဖြင့်ဝင်ရောက်

**ကသာ ဩဂုတ် ၂၂**
ကချင်ပြည်နယ်တစ်ဝန်းလုံးရှိ လမ်းပိုင်းများမှ လိုအပ်သောနေရာများတွင် ပြုပြင်ရန်အတွက် ကတ္တရာပုံးများ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ရှိ သဖန်းကိုင်းဆိပ်ကမ်းသို့ ဧရာဝတီမြစ်ကြောင်းလမ်းမှ ရေယာဉ်ဖြင့် ဩဂုတ် ၂၀ ရက်က ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ကတ္တရာပုံးများမှာ KoKo Myint ကုမ္ပဏီလီမိတက်မှ ဇွဲ(၂) တွန်းသင်္ဘောအပါအဝင် ရေယာဉ်သုံးစင်းဖြင့် ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ ကချင်ပြည်နယ်ရှိ မိုးညှင်း-မိုးကောင်း-မြစ်ကြီးနားလမ်းပိုင်းကို ကုန်စည်စီးဆင်းမှုကောင်းမွန်ရေး၊ ခရီးသွားလုပ်ငန်း လျင်မြန်စေရေးနှင့် ကျေးရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ချမှတ်ထားရှိသော စီမံချက်အရ မိုးညှင်းဆောက်လုပ်ရေးနှင့် မြစ်ကြီးနားဆောက်လုပ်ရေးဌာနတို့က ပြုပြင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါလမ်းပိုင်းများကို ပြုပြင်ရာတွင် အသုံးပြုနိုင်ရန် ကတ္တရာစည်အလုံးရေ နှစ်သောင်းခန့်ကို မော်တော်ယာဉ်များဖြင့် ကသာမြို့မှတစ်ဆင့် မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား လမ်းပိုင်းသို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။



**ငွေအိုး(ကသာ)**

## ကျေးရွာချင်းဆက်ချောင်းကူးသစ်သားတံတားဖွင့်လှစ်

**ပင်လည်ဘူး ဩဂုတ် ၂၂**
ပင်လယ်ဘူးမြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း၏ ဒုတိယနှစ်စီမံကိန်းစက်ဝန်း ထောက်ပံ့ငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သော အောင်းကုန်းကျေးရွာနှင့် သဘော်တာကျေးရွာချင်းဆက် ချောင်းကူးတံတားဖွင့်ပွဲကို ဩဂုတ် ၂၀ ရက်က ကျင်းပခဲ့သည်။

တံတားကို အောင်းကုန်းကျေးရွာဆရာတော်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ တာဝန်ခံ ဦးပြည်စိုးဝင်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါတံတားကို မြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ အောင်းကုန်းကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ထောက်ပံ့ငွေကျပ် ၉၇၆၈၀၀၀ နှင့် ကျေးရွာနေဒေသခံပြည်သူများ၏ ထည့်ဝင်ငွေကျပ်သိန်း ၁၂၀ တို့ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည် ၂၂၅ ပေ၊ အကျယ် ခြောက်ပေနှင့် အမြင့် ၁၄ ပေ ရှိကာ တံတားအမျိုးအစားမှာ ကွန်ကရစ်တိုင်၊ သစ်သားပေါင်၊ သစ်သားခင်း အမျိုးအစားဖြစ်ကြောင်းသိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

# ရေကြီးရေလျှံချိန်၌သတိပြုရမည့်လျှပ်စစ်အန္တရာယ်

**မောင်မောင်(လျှပ်စစ်)** • • • • • • • •

**မိုးရာသီရောက်တိုင်း မြန်မာပြည်တစ်ဝန်းရေကြီးရေလျှံသည့် သဘာဝအန္တရာယ်ကိုခံကြရသည်မှာ ကြောက်ခမန်းလိလိဖြစ်ရပါသည်။ နိုင်ငံတော်အနေဖြင့် နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရသော သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို ''နာဂစ်'' မှုန်တိုင်းနောက်ပိုင်း၌ အစီအမံအမျိုးမျိုးဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသလို သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများကိုလည်း ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးလုပ်ငန်းအပါအဝင် စားရေး၊ ဝတ်ရေး၊ ယာယီနေထိုင်ရေးကအစ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးလျက်ရှိသည်။ အလားတူ NGO များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ပနိုင်ငံရောက် မြန်မာပြည်သူပြည်သားများကလည်း တတ်နိုင်သရွေ့အစွမ်းကုန် ဝိုင်းဝန်းကူညီလှူဒါန်းကြသည်ကိုလည်း တွေ့မြင်၊ ကြားသိနေရသည်။**

ယခုနှစ် ဇွန်လမှစ၍ ပြည်နယ်တိုင်း အချို့နေရာဒေသများတွင် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်လျက်ရှိရာ ဇူလိုင်လမှ ယခု ဩဂုတ်လဒုတိယပတ်အထိ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ငဝန်မြစ်နှင့် မြစ်လက်တက်များ၊ ချောင်းများ၌ ရေကြီးရေလျှံရုံသာမက မိုးသည်းထန်စွာရွာသွန်းလျက်ရှိသည်။

ထို့ကြောင့်လည်း ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီး/ပြည်နယ် ၆ခု၊ မြို့နယ် ၄၂ မြို့နယ် ရေလွှမ်းမိုးမှုဒဏ်ခံနေကြရပြီး ရေလွှမ်းမိုးမှု၊ ရေဝင်ရောက်မှုကြောင့် အစိုးရအထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်း စုစုပေါင်း ၁၂၀၀ ကျော် ခေတ္တကျောင်းပိတ်ထားရသည်။

ထိုသို့ရေကြီးရေလျှံချိန်၌ ရေဝင်နစ်မြုပ်နေသည့် နေအိမ်အဆောက်အအုံများ၌ ဆက်သွယ်တပ်ဆင်အသုံးပြုနေသည့်လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ၊ ရေနစ်မြုပ်နေသည့် ထရန်စဖော်မာများ၊ ရေနစ်မြုပ်နေသည့် ဓာတ်တိုင်များ၊ ဓာတ်အားလိုင်းများသည် လျှပ်စစ်ဓာတ်အားရှိနေပါက ဓာတ်လိုက်မှုအန္တရာယ် ဖြစ်ပေါ်နိုင်ပေသည်။ သို့ဖြစ်၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရေလွှမ်းမိုးမှုဒဏ်ခံနေရသည့် နေရာဒေသများကို ခေတ္တလျှပ်စစ်ဓာတ်အား ဖြတ်တောက် (ဓာတ်အားပိတ်) ပေးလျက်ရှိသည်။

ထို့အတူ မိုးဒဏ်၊ လေဒဏ်၊ ရေတိုးသည့်ဒဏ်ကြောင့် ဓာတ်တိုင်များယိုင်လဲခြင်း၊ ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်း၊ ဓာတ်ကြိုးများ လျော့ကျအိကျခြင်း၊ ပြတ်ကျသော ဓာတ်ကြိုးများ သစ်ကိုင်းသစ်ပင်ပေါ်တင်နေခြင်း၊ ရေထဲသို့ ကျနေခြင်းစသည့် အကြောင်းများကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် ဓာတ်လိုက်မှုအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်၍ ရေဘေးသင့်ဒေသရှိ ပြည်သူများ အတွက် အရေးကြီးသောအချိန်၌ သတိထားရှောင်ကြဉ်နိုင်ရန်အတွက် စာရေးသူက ''ဓာတ်လိုက်မှုအန္တရာယ်'' အကြောင်း ရေးသားတင်ပြအသိပေးလိုပါသည်။

**စင်စစ် လျှပ်စစ်ဓာတ်အားသည် ရေတွင်ဖြတ်သန်းစီးဝင်နိုင်၍ ဓာတ်လိုက်နိုင်သလို ရေကြီးရေလျှံချိန်၌ အတူမျောပါလာသော မြွေဆိုး၊ အဆိပ်ရှိသော မြွေတို့၏ အန္တရာယ်လည်းရှိသဖြင့် သတိထားကြရန် လိုအပ်**

ရေပတ်လည်ဝိုင်းရံနေသော ရေဝင်နစ်မြုပ်နေသည့် ဘုရား၊ တန်ဆောင်း၊ ကျောင်းစေတီ သာသနိက အဆောက်အအုံများ၊ ရုံးများ၊ ကျောင်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ လူနေအိမ်များရှိ လျှပ်စစ်ဓာတ်အားသုံး ပစ္စည်းများကို ရေစိုနေလျှင် (သို့မဟုတ်) ရေနစ်မြုပ်နေလျှင် ၊ ရေဝင်နေလျှင် ကျန်နေသော အခြားလျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို လုံးဝမသုံးပါနှင့်၊ လျှပ်စစ်မီးခလုတ်များကို မဖွင့်ပါနှင့် မိန်းခလုတ်ကို ပိတ်ထားပါ။ ဓာတ်အားမပိတ်ထားမီအချိန်တွင် လျှပ်စစ်ဓာတ်ကြိုးများ၊ အသုံးပြုနေသော လျှပ်စစ်ပစ္စည်းများသည် လျှပ်စစ်ဓာတ်အားရှိနိုင်သည်ဟု မှတ်ယူထားရပါမည်။

မိမိတို့နေအိမ်ကို စွန့်ခွာ၍ ရေကင်းလွတ်ရာနေရာသို့ ခေတ္တပြောင်းရွှေ့လျှင်လည်း မိမိတို့နေအိမ်ရှိ လျှပ်စစ်မီးခလုတ်များနှင့် မိန်းခလုတ်ကို ပိတ်သွားရန် လိုအပ်ပါသည်။ ရေပြန်ကျ၍ မိမိတို့နေအိမ်သို့ ပြန်လာစဉ် အိမ်ထဲတွင် ရေမရှိတော့သော်လည်း လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများဖြစ်သည့် ပလတ်ပေါက်များ၊ မီးခလုတ်များ၊ မော်တာများ၊ မီးအားမြှင့်စက်များ၊ အင်ဗာတာများ၊ ရေဝင်နေလျှင်၊ ရေစိုနေလျှင်၊ ရေငွေ့များ ရိုက်ထားလျှင် ကိုယ်တိုင်ကိုင်တွယ်ပြုပြင်ခြင်း၊ မိန်းခလုတ်နှင့် လျှပ်စစ်ခလုတ်များဖွင့်ခြင်း မပြုလုပ်ပါနှင့်။ လျှပ်စစ်ကျွမ်းကျင်သူကို ခေါ်ယူပြသ၍ လိုအပ်သလို ဆောင်ရွက်ပြီး လျှပ်စစ်အန္တရာယ်ရှိ/မရှိ စစ်ဆေးပြီး အန္တရာယ်ကင်းရှင်းမှ လျှပ်စစ်ခလုတ်များကို ဖွင့်ကြရန် သတိပေးလိုပါသည်။

ရေကြီးရေလျှံဖြစ်နေ၍ လမ်းများ ရေနစ်မြုပ်ပြီး လမ်းအတွင်းရှိ ရေနစ်မြုပ်နေသော ဓာတ်တိုင်များ၊ ဓာတ်တိုင်ထိန်းကြိုးများကို ကိုင်တွယ်ခြင်း၊ အားပြုခြင်းတို့မှ ရှောင်ကြဉ်ကြပါ။ ဓာတ်အားမပိတ်ထားပါက အန္တရာယ်ရှိနိုင်သည်။ လျှပ်စစ်ဓာတ်အားရှိနေပါသည်။

အလားတူ မိမိတို့အိမ်သွယ်ဆားဗစ်ကြိုးပေါ်သို့ဖြစ်စေ၊ မိမိတို့ ပတ်ဝန်းကျင်ရှိ ကောင်းကင်ဓာတ်အားလိုင်းသို့ဖြစ်စေ၊ သစ်ပင်၊ သစ်ကိုင်းများ၊ သစ်ခက်တို့လဲကျနေခြင်း၊ တင်နေခြင်းတို့ကို တွေ့ရှိလျှင်၊ အိမ်သွယ် ဆားဗစ်ကြိုး၊ ကောင်းကင်ဓာတ်အားလိုင်း ဓာတ်ကြိုးတို့ ပြတ်ကျနေသည်ကိုတွေ့လျှင် ရေစိုနေသော ဝါးလုံး၊ ရေစိုနေသော တုတ်၊ သံချောင်း၊ သံပိုက်လုံးတို့ဖြင့် ထိုးချခြင်း၊ ရိုက်ချခြင်း၊ ဖယ်ရှားခြင်း မပြုလုပ်ကြပါနှင့်။ သက်ဆိုင်ရာ လျှပ်စစ်ရုံးသို့ အမြန်သတင်းပို့ပါက သက်ဆိုင်ရာ မြို့နယ် လျှပ်စစ်ရုံးများမှ ဓာတ်အားပိတ်၍ လာရောက်ရှင်းလင်း ဖယ်ရှားပေးမည်ဖြစ်ပါသည်။ မိုးသည်းထန်စွာ ရွာသွန်း၍ ဖြစ်စေ၊ မြစ်ရေကြီး၍ဖြစ်စေ၊ ထူးကဲဒီရေတက်၍ဖြစ်စေ၊ မိမိတို့နေထိုင်ရာရပ်ကွက်၊ မိမိတို့နေထိုင်ရာ လမ်းတွင် ခါတိုင်းထက် ထူးကဲပြီး လမ်းပေါ်သာမက နေအိမ်များသို့ပါ ရေဝင်ရောက်လာပါက မိမိတို့အိမ်ရှိ လျှပ်စစ်မိန်းခလုတ်ကို ပိတ်ထားပါ။ ထိုအချိန်အခါ၌ လျှပ်စစ်ဓာတ် အသုံးမပြုကြပါနှင့်။ မိမိတို့နှင့် သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်ရုံးသို့ အခြေအနေအရပ်ရပ် ကို အချိန်မဆွဲဘဲ အမြန်ဆက်သွယ် သတင်းပေးပို့ရန် လိုအပ်ပါ သည်။ သို့မှသာ မြို့နယ်လျှပ်စစ်ရုံးများက သိရှိပြီး ဓာတ်လိုက်မှုအန္တရာယ်ကင်းရှင်းစေရေးအတွက် လိုအပ်သလို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စင်စစ်လျှပ်စစ်ဓာတ်အားသည် ရေတွင်ဖြတ်သန်းစီးဝင်နိုင်၍ ဓာတ်လိုက်နိုင်သလို ရေကြီးရေလျှံချိန်၌ အတူမျောပါလာသော မြွေဆိုး၊ အဆိပ်ရှိသော မြွေတို့၏ အန္တရာယ်လည်းရှိသဖြင့် သတိထားကြရန် လိုအပ်ပါသည်။

ရေဘေးသင့်ပြည်သူတို့ကလည်း မိမိတို့နေအိမ် ရေနစ်မြုပ်ခံရပါက လျှပ်စစ်မိန်းခလုတ်ကိုပိတ်၍ လျှပ်စစ်ဓာတ်အားကိုဖြတ်ထားရန် လိုအပ်ပါသည်။ နေအိမ်ကို စွန့်ခွာ၍ သွားရပါကလည်း အိမ်ရှိမိန်းခလုတ်ကို ပိတ်သွားကြပါ။

ရေဘေးသင့်ဒေသများ၊ ရေပြန်ကျသွားသော ဒေသများရှိ ပြည်သူများ ညရေး၊ ညတာသွားလာကြရာ၌ ''လက်နှိပ်ဓာတ်မီးကို မဖြစ်မနေ ယူဆောင်သွားသင့်ပါသည်။ ''ယူဆောင်သွားသော လက်နှိပ်ဓာတ်မီးများဖြင့် ပြတ်ကျနေသော ဓာတ်ကြိုးများ၊ အိကျနေသော ဓာတ်ကြိုးများ၊ မြွေများ၊ ကင်းများ စသော ရေနှင့်အတူ ပါလာတတ်သော အဆိပ်ရှိသည့်သတ္တဝါများကို မြင်အောင်ကြည့်၊ လွတ်အောင်ရှောင်၍ ရေကြီးလေတိုင်း ဝိုင်းဝိုင်းလည်နေသော သင့်ပတ်ဝန်းကျင်မှ အန္တရာယ်များ လွတ်ကင်းအောင် ဆင်ခြင်တုံတရားဖြင့် သတိထားကြရန် ရေးသားတင်ပြလိုက်ရပါကြောင်း....။ ။

## တာချီလိတ်မြို့နယ်၌ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် နေအိမ်များအား ထောက်ပံ့ငွေများပေးအပ်

**တာချီလိတ် ဩဂုတ် ၂၂**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စုရှိ ကျေးရွာခြောက်ရွာတွင် ဩဂုတ် ၁၉ ရက်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၂၆ လုံးနှင့် ဘုရားကျောင်းတစ်ကျောင်း အမိုးလန်ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုင်းကိုးကျေးရွာအုပ်စုအတွင်းရှိ မနော်ကျေးရွာတွင် နေအိမ်ငါးလုံးနှင့် ဘုရားကျောင်းတစ်ကျောင်း၊ ရန်ရှင်း(၃)ကျေးရွာတွင် အိမ်နှစ်လုံး၊ ရန်နိုင်(၁)ကျေးရွာတွင် အိမ်နှစ်လုံး၊ မယ်ဖုံးလုံကျေးရွာတွင် အိမ်ရှစ်လုံး၊ ကျွမ်ကျန့်(ပလောင်)ကျေးရွာတွင် အိမ်ရှစ်လုံးနှင့် ရန်ကုန်ကျေးရွာတွင် နေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့သည်။အဆိုပါ လေပြင်းတိုက်ခတ်မှုခံရသည့် ကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ခရိုင်ဦးစီးမှူး (ဒုတိယတန်း) ဦးဘမိုးမြင့်နှင့် စေတနာရှင်အလှူရှင်များက ဩဂုတ် ၂၀ ရက်တွင် သွားရောက်၍ ထောက်ပံ့ငွေများ ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်း ပေးသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် နေအိမ်တစ်အိမ်လျှင် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၃ သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့သည့်ပစ္စည်းများကိုလည်းကောင်း အသီးသီး ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ရန်ကုန်-မန္တလေးကားလမ်းပိုင်း ရေတိုက်စားမှုမရှိစေရေး မြေထိန်းနံရံများတည်ဆောက်

**ရေတာရှည် ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ မြောက်ဘက် ညောင်ပင်ကိုင်းကျေးရွာနှင့် ညောင်ပင်သာကျေးရွာကြား၌ မိုးရာသီကာလရောက်တိုင်း ရေလျှံလေ့ရှိကာ ရန်ကုန်-မန္တလေးကားလမ်း နောက်ဘက်ရှိ ချောင်းငယ်မှာ ရေတိုက်စားမှုရှိပြီး ယခုအခါ မြေထိန်းနံရံများ တည်ဆောက်ပြီးမှုကြောင့် ရေတိုက်စားခြင်းမှ ကာကွယ်ထားနိုင်ပြီဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် တောင်ကျရေများကျ ရောက်လာလျှင် ချောင်းငယ်၊ မြောင်းငယ်များ ရေပြည့်လျှံခြင်းအပြင် စိုက်ပျိုးပြီး လယ်မြေများ ရေဝင်နစ်မြုပ်လေ့ရှိရာ ကျေးရွာနေဒေသခံများက ရေထွက်မြောင်းများ ချဲ့ထွင်ခြင်းကို စနစ်တကျ ဖော်ဆောင်ပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

''အဓိကပြောရရင် ရေထွက်မြောင်းတွေ ချဲ့ထွင်ပေးဖို့လိုပါတယ်။ ရေစီးဝင်အားနဲ့ ရေနုတ်အားမမျှတော့ ကျွန်တော်တို့ရွာတွေဆို မိုးရာသီရောက်တိုင်း ရေနစ်ခံနေရတယ်''ဟု ညောင်ပင်ကိုင်းကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။



**ကိုလွင်(ဆွာ)**

## ဟိုပန်သို့ နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ကွင်းဆင်းကုသ

**ဟိုပန် ဩဂုတ် ၂၂**

ဝေးလံခက်ခဲသော တောင်ပေါ်ဒေသရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ် ၍ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာန နေပြည်တော်မှ ဒေါက်တာခင်မောင် ဦးဆောင်သောအဖွဲ့သည် ဟိုပန်မြို့တွင် ဩဂုတ် ၁၆ ရက်မှ စတင်ကာ မြို့နယ်ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ပြည်သူများအား ဆေးကုသပေးခဲ့သည်။

ဩဂုတ် ၁၆ ရက်မှ ၁၉ ရက်အထိ သွားနှင့်ခံတွင်းဆိုင်ရာ လူနာ ၄၅၇ ဦး၊ နှုတ်ခမ်းကွဲလူနာ ၂၀ တို့ကို ကုသပေးနိုင်ခဲ့သည်။ ဆေးကုသမှုတွင် အဆင်ပြေချောမွေ့စေရန်အတွက် 'ဝ' တိုင်းဦးစီးအဖွဲ့က ရပ်ဝေးမှလာရောက်သည့် လူနာများအား နေရာထိုင်ခင်းစီစဉ်ပေးခြင်း၊ နေ့စဉ်ထမင်းဘူးများ ပေးဝေခြင်းတို့ဆောင်ရွက်ပေးပြီး မြို့ပေါ်နှင့် တောင်ပေါ်ဒေသများမှ ပြည်သူများ လာရောက်ဆေးကုသမှုခံယူကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်နေပါမှ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်



**မန္တလေး ဩဂုတ် ၂၂**
အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးအတွက် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များအား ထိန်းသိမ်းရန် လိုအပ်သကဲ့သို့ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်နေမှလည်း ရှေးဟောင်းအနုပညာလက်ရာများအား တန်ဖိုးထားထိန်းသိမ်းကာကွယ်သွားနိုင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၉ ရက်က မန္တလေးမြို့ရွှေပြည်သာဟိုတယ်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံရုပ်စုံသဘင်အသင်း (၂)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားခဲ့သည်။

"မြန်မာဟော့လို့ ကြွေးကြော်နိုင်ဖို့ ရုပ်သေးသဘင်၊ အငြိမ့်သဘင်၊ ဇာတ်သဘင်ဆိုတာတွေ သိရမယ်။ တန်ဖိုးထားထိန်းသိမ်းဖို့လိုအပ်သလို လက်ဆင့်ကမ်းသယ်ဆောင်ဖို့လည်း လိုအပ်ပါတယ်။ ဘယ်လိုထိန်းသိမ်းမလဲဆိုရင် ဇာတိချစ်စိတ်၊ မျိုးချစ်စိတ်တွေ ရင်ထဲမှာကိန်းအောင်းနေဖို့လိုပါတယ်"ဟု ၄င်းကပြောသည်။

ပျူခေတ်ကြေးရုပ်ငါးရုပ်မှ စတင်တွေ့ရှိခဲ့သော မြန်မာ့အနုပညာလက်ရာများကို အခြေခံကာ စတင်တီထွင်ခဲ့သည့် မြန်မာတို့၏ မူပိုင်အနုပညာအစစ်ဖြစ်သော မြန်မာ့ဂုဏ်ဆောင်ရုပ်သေးပညာရပ်အား ချစ်ခင်မြတ်နိုးစိတ်ဖြင့် မပျောက်ကွယ်စေရန် ယခုလိုရုပ်စုံသဘင်အသင်းကြီးအား ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်စုံသဘင်အသင်း နာယကဆရာကြီးဦးချစ်စံဝင်းက အဆိုပါအခမ်းအနားတွင် ပြောကြားခဲ့သည်။

"ဒီအသင်းကြီးဖြစ်လာဖို့ လွန်ခဲ့တဲ့နှစ်ပေါင်းလေးဆယ်ကျော်ကတည်းက ကြိုးစားခဲ့တာပါ။ အခုဒေါ်မမနိုင်ကို လွှဲပြောင်းတာဝန်ပေးတော့မှ သူ့ရဲ့ကြိုးစားအားထုတ်မှုကြောင့် အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ မူလကိုယ်ပိုင်ဟန်နဲ့လုပ်ထားတဲ့ မြန်မာ့လက်ရာအစစ်ပါ။ ဒီရုပ်သေးရုပ်တွေမှာ မြန်မာ့ပန်းဆယ်မျိုးဝင် အနုပညာလက်ရာတွေလည်း ပေါင်းစပ်ပါဝင်နေတဲ့အပြင် ခေတ်အဆက်ဆက်ပြည်သူတွေကို ရုပ်သေးစင်ပေါ်ကနေပြီး အသိပညာ ဗဟုသုတတွေပေးတဲ့ ပြန်ကြားရေးတာဝန်ကိုလည်း ယူခဲ့ပါသေးတယ်"ဟု ၄င်းကပြောသည်။

ထို့ပြင် ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် မြန်မာ့ရုပ်သေးပညာရပ်အား ပြန်လည်ဖော်ထုတ်သည့်အနေဖြင့် မြန်မာနိုင်ငံရုပ်စုံသဘင်အသင်းကြီးကို အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့ပြီး သက်တမ်းကာလ နှစ်နှစ်အတွင်း မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ကာ သင်တန်းများဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း အသင်းဥက္ကဋ္ဌ ဒေါ်မမနိုင်က ပြောသည်။

"အခုဆို ရုပ်သေးလောက ပြန်လည်ဦးမော့လာနိုင်ပြီလို့ ပြောလို့ရပါပြီ။ ဒီအသင်းကြီးကို ဖွဲ့စည်းနိုင်ဖို့အတွက် မန္တလေးမြို့မိမြို့ဖတွေ၊ ထောက်ပံ့လှူဒါန်းကြသူတွေနဲ့ ပြည်ပနိုင်ငံများကလာရောက်ကူညီပေးကြတဲ့ ရုပ်သေးပညာရှင်တွေကိုလည်း ကျေးဇူးတင်ကြောင်းပြောလိုပါတယ်"ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံ ရုပ်စုံသဘင်အသင်းကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် စတင်ဖွဲ့စည်းနိုင်ခဲ့၍ ယခုနှစ်နှစ်ပြည့် အခမ်းအနားကြီးတွင် ရန်ကုန်နှင့် မန္တလေးမှ ရုပ်သေးပညာရှင်ကြီးများ၊ မျိုးဆက်သစ်လူငယ်များပူးပေါင်းကာ ရုပ်သေးအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်များအဖြစ် ရုပ်သေးပညာနှင့် ပတ်သက်သည့် မဂ္ဂဇင်း၊ စာစောင်၊ စာတမ်းများထုတ်ဝေမည့်အပြင် ဘုရားပွဲများတွင်လည်း မျိုးဆက်သစ်လူငယ်များမှ ရုပ်သေးအကများဖြင့် ဖျော်ဖြေတင်ဆက်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

# စုပေါင်းစိုက်ပျိုးမွေးမြူရေးသမဖွဲ့စည်းမှုကြောင့် တောင်သူများ၏ စီးပွားရေးအဆင်ပြေလာမည်

**တပ်ကုန်း ဩဂုတ် ၂၂**
ကျေးလက်ဒေသနေပြည်သူများ၏ လယ်ယာ၊ သားငါးကဏ္ဍနှင့် ဒေသထွက်ကုန်များထုတ်လုပ်မှု တိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ရေးစသည် ရည်ရွယ်ချက်များဖြင့် စုပေါင်းစိုက်ပျိုးမွေးမြူရေး သမဝါယမဖွဲ့စည်းမှုကို နေပြည်တော်ကောင်စီနယ်မြေတပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာတွင် စတင်ဖော်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။



စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုအခြေခံသော စုပေါင်းလုပ်ကိုင်သည့် သမဝါယမစနစ်ကို ဖော်ဆောင်ပေးခြင်းဖြင့် စုပေါင်းထုတ်လုပ်ခြင်း၊ စုပေါင်းရောင်းချခြင်းတို့ကြောင့် ဈေးကွက်သို့ တိုက်ရိုက်ရောင်းချနိုင်သဖြင့် ကုန်သွယ်မှုစရိတ်များ လျှော့ချနိုင်မည်ဖြစ်ရာထုတ်လုပ်သူများအတွက် အကျိုးအမြတ်များရရှိစေကာ စားသုံးသူများအနေဖြင့်လည်း အပိုဆောင်းပေးနေရသည့် ကုန်သွယ်စရိတ်အမျိုးမျိုးကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းထွန်းက ဩဂုတ်လဒုတိယပတ်က နွယ်ရစ်ကျေးရွာ၌ ပြုလုပ်သော စုပေါင်းစိုက်ပျိုးမွေးမြူရေးသမဝါယမအသင်းဖွဲ့စည်းရေး ညှိနှိုင်းစည်းဝေးတွင် ပြောကြားခဲ့သည်။

လာမည့် ၂၀၁၈ ခုနှစ်တွင် စတင်ကျင့်သုံးလာမည့် အာဆီယံကုန်သွယ်ဖက်စီးပွားရေးအရ အာဆီယံနိုင်ငံအတွင်း လွပ်လပ်စွာ ကုန်သွယ်နိုင်မည်ဖြစ်ရာ တောင်သူများအနေဖြင့် ထုန်ကုန်များကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ကြမှသာ ဒေသတွင်းနိုင်ငံများနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

စုပေါင်းစိုက်ပျိုးမွေးမြူရေးသမဝါယမအသင်း တည်ထောင်ပြီးပါက ကျေးရွာရှိတောင်သူများ အရင်းအနှီးရရှိပြီး အတိုးနည်းချေးငွေများဖြင့် လယ်ယာလုပ်ငန်း အောင်မြင်စွာ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း။ ထို့အပြင် မိမိတို့ထွက်ရှိသော ထွက်ကုန်များ အရည်အသွေးပြည့်မီစေရန်အတွက် စုပေါင်းထုတ်လုပ်နိုင်မည့်အပြင် အရည်အသွေးမီ ထုတ်ကုန်များကိုလည်း ဈေးနှိမ်မှုမဖြစ်ပွားစေရေးအတွက် ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း။ ယခုလို စုပေါင်းစိုက်ပျိုးမွေးမြူရေး သမဝါယမအသင်း ဖွဲ့စည်းနိုင်မှုကြောင့် တောင်သူများအဆင်ပြေပြီး ကျေးရွာလည်း မကြာမီ မြို့ပြနှင့်နည်းတူ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ကျေးရွာရပ်မိရပ်ဖတစ်ဦးက ပြောကြားသည်။

"ရွာမှာ တောင်သူလုပ်တဲ့သူကများတော့ အရင်းအနှီးကကုန်တယ်လေ၊ အရင်းအနှီးရှိတဲ့သူတွေကတော့ အခက်အခဲမရှိပါဘူး၊ မရှိတဲ့သူတွေကတော့ အတိုးများကြီးနဲ့ ချေးယူရတယ်။ အရင်းအနှီးရော စားစရိတ် ဒီအထဲက စားတာဆိုတော့ စိုက်ပျိုးတဲ့ သီးနှံကဈေးကွက်ကောင်းလို့ ဈေးကောင်းတယ်ဆိုင်ရင် အဆင်ပြေတယ်။ ဈေးကလည်းမကောင်း၊ သီးနှံကလည်း မဖြစ်ဆိုရင်တော့ အကြွေးတင်ပြီး ရှိတဲ့ခိုင်းနွား၊ ဝက်တွေရောင်းပြီး အကြွေးဆပ်ရတာပါပဲ၊ အခုလို သမအသင်းကနေ အတိုးနှုန်းသက်သာပြီးချေးပေးမယ်၊ ထုတ်ကုန်သီးနှံတွေကို ဈေးနှုန်းမှန်နဲ့ ရောင်းရမယ်ဆိုတော့ တောင်သူတွေအတွက် စီးပွားရေးက အဆင်ပြေလာမှာ ဖြစ်ပါတယ်"ဟု ရွာသားတစ်ဦးက ပြောကြားသည်။

အဆိုပါ နွယ်ရစ်ကျေးရွာရှိတောင်သူများသည် တစ်နှစ်ပတ်လုံးသီးနှံများ စိုက်ပျိုးလျက်ရှိပြီး ယခုရာသီတွင် စပါး၊ အစေ့ထုတ်ပြောင်း၊ စားပြောင်း၊ ပဲတီစိမ်း စသည့် သီးနှံများကို အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**သတင်း- မောင်ကျော်ကြီး**
**ဓာတ်ပုံ- သက်ထက်**

---

# စားသုံးသူအကာအကွယ်ပေးရေးပညာပေး

**လှိုင်ကော် ဩဂုတ် ၂၂**
ကယားပြည်နယ် လွိုင်ကော်မြို့ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၉ ရက်က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။ ဟောပြောပွဲတွင် လွိုင်ကော်တက္ကသိုလ် ဓာတုဗေဒဌာနမှ ဌာနမှူး ပါမောက္ခ ဒေါက်တာမောင်မောင်ဦးက အစားအစာများတွင် ဓာတုဓာတ်ကြွင်းများပါဝင်မှုခေါင်းစဉ်ဖြင့် ဟောပြောပြီး ဟောပြောပွဲတက်ရောက်လာသူများ၏ မေးခွန်းများကို ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကြီးမြင့်နိုင် (လွိုင်ကော်)**

---

# ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**မင်းဘူး ဩဂုတ် ၂၂**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာစာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့ခိုင်မာရေး၊ ကျောင်းသားကျောင်းသူများကို အတန်းပညာသင်ကြားနိုင်ရုံသာမက စာပေဗဟုသုတ အသိပညာတိုးပွားစေရန်အတွက် ဩဂုတ် ၁၉ ရက်က မင်းဘူး(စကု)မြို့နယ် ထိန်တောအုပ်စု ဇီးဖြူကုန်းကျေးရွာနှင့် ရွာပုလဲအုပ်စု ချောင်းကောက်ကျေးရွာ စာကြည့်တိုက်များသို့ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါကျေးရွာများသို့ ကွင်းဆင်းရာတွင် ကျေးရွာရှိကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ စာကြည့်တိုက်တာဝန်ခံများနှင့် စာကြည့်တိုက်ကော်မတီဝင်များအား တွေ့ဆုံပြီး ခရိုင်ဦးစီးအရာရှိဦးသန်းဌေးက စာကြည့်တိုက်များရေရှည်ရှင်သန်ရေး၊ စာကြည့်တိုက်ရှိ စာအုပ်စာစောင်များတိုးပွားရေး၊ စာဖတ်စာငှားတိုးပွားရေး၊ ကျောင်းသား ကျောင်းသူများကို စာဖတ်ရှိန်မြင့်မားရေးနှင့် စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိစေရေးအတွက် စာကြည့်တိုက်တွင် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများကျင်းပ၍ ဆွဲဆောင်စည်းရုံးနိုင်ရေး ဆွေးနွေးရာ တက်ရောက်လာသူများက ပြန်လည်ဝိုင်းဝန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဖိုးပြည့်(မင်းဘူး)**

---

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**ဖြူး ဩဂုတ် ၂၂**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး အုပ်ချုပ်မှုနယ်မြေတွင် မိုးရာသီကာလအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဖြူးမြို့ အထက(ခွဲ) (စက်ပိုင်း)ကျောင်း၌ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်လင်းကျော် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ အဆိုပါ ဟောပြောပွဲသို့ တက်ရောက်လာကြသူများအား အများပြည်သူများ လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာ အချက်များပါဝင်သော အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး ကျောင်းဝန်းအတွင်း၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး နံရံကပ်ပိုစတာများကို ကျောင်းနံရံများ၌ ချိတ်ဆွဲကပ်ထားပေးခဲ့ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

**အမှတ်(၃၀) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ဌာနချုပ်တပ်ခွဲမှူး ရဲမှူး ချမ်းမြေ့ထွန်း ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များသည်ဩဂုတ်လတတိယပတ်က မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ ပေါ်ဦးဘုန်းကြီးကျောင်း၌ အမှိုက်နှင့် ချုံနွယ်များ ရှင်းလင်းခြင်း၊ ကျောင်းဝင်းအတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်စဉ်**
(မြန်မာ့အလင်း)



# မိုးရွာ၍ ယခုနှစ်မိုးသီးနှံများနှင့် မိုးစပါးစိုက် ဒေသခံတောင်သူတို့အဆင်ပြေ



**လင်းခေး ဩဂုတ် ၂၂**
ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် လင်းခေးမြို့နယ်တွင် ယခုနှစ်မိုးသီးနှံများ စိုက်ပျိုးရာသီ၌ ဒေသ၏မိုးရွာသွန်းမှု အခြေအနေ ကောင်းမွန်သောကြောင့် တောင်သူများ မိုးသီးနှံစိုက်ပျိုးရန်အတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မိုးသီးနှံများစိုက်ပျိုးချိန် အစောပိုင်းကာလတွင် စိုက်ပျိုးခဲ့သော နှမ်း၊ မြေပဲ၊ ပြောင်း၊ ကြံနှင့် အခြားသီးနှံများကို အချိန်မီ စိုက်ပျိုးနိုင်ခဲ့ကြသည့်အပြင် ပြောင်းဖူး၊ နှမ်းတို့ကို ယခုအခါကောင်းစွာ ရိတ်သိမ်းနိုင်ကြပြီဖြစ်ကြောင်း အဆိုပါ သီးနှံများစိုက် တောင်သူများထံမှ သိရသည်။

"တစ်နှစ်နဲ့တစ်နှစ် မိုးရွာသွန်းတဲ့ အခြေအနေမတူကြပေမယ့် ဒီနှစ်မှာတော့ ကျွန်တော်တို့ဒေသက မိုးမှန်တယ်လို့ပဲ ပြောရမှာပါ။ ဒါကြောင့် ဒီနှစ် မိုးရာသီမှာ နှမ်း၊ မြေပဲ၊ ပြောင်းဖူးတွေက အရင်နှစ်တွေထက် ပိုဖြစ်ထွန်းပါတယ်။ အခုဆို ဝါခေါင်လကွယ်မတိုင်မီမှာပဲ ကျွန်တော်တို့ နှမ်းကြီးလို့ခေါ်တဲ့ (တရုတ်နှမ်းနက်)တွေကိုလည်း ရိတ်သိမ်းပြီးပါပြီ။ အခု ကျွန်တော်တို့ မိုးစပါးဆက်လက်စိုက်ပျိုးကြဖို့ ပြင်ဆင်လုပ်ကိုင်နေကြတာပါ"ဟု တောင်သူတစ်ဦးက ပြောသည်။

နှစ်စဉ် မိမိတို့တွဲဖက်အသုံးပြုလျက်ရှိသော (ရေတင်ရဟတ်)စနစ်ဖြင့် ချောင်းရေကိုတင်ယူ၍ လက်ရှိရရှိထားသည့်မိုးရေအရှိန်နှင့်ပေါင်းစပ်ကာ ယခုနှစ်မိုးစပါးစိုက်ပျိုးမှုအား ဝါခေါင်လပြည့်မတိုင်မီ လယ်သမားများက လယ်ယာထွန်ယက် ပျိုးထုတ်ကောက်စိုက် ဆောင်ရွက်လုပ်ကိုင်နိုင်ကြကြောင်း သိရသည်။

ချိုင်းခေါင်းဆောင် (လယ်ပိုင်ရှင်) ဦးစိုင်းတိက "ကျွန်တော့် ချိုင်းနာမည်က ရွာလယ်ချိုင်းလို့ ခေါ်ပါတယ်။ နှစ်စဉ်နှစ်တိုင်း မိုးစပါးစိုက်ပါတယ်။ စပါးစိုက်တဲ့အတွက် ကျွန်တော်တို့မိသားစုတစ်နှစ်စာဝမ်းစာဖူလုံတဲ့အပြင် ပိုတဲ့အတွက် ဒီဒေသဝမ်းစာစပါး ဖူလုံရေးကိုလည်း တစ်ထောင့်တစ်နေရာအားဖြင့်တော့ အထောက်အကူပြုတယ်လို့ မြင်ပါတယ်။ ရွာကချိုင်း (၃)ချိုင်းနဲ့ လယ်ယာလုပ်ကိုင်ကြပါတယ်။ (မတ်ပျဉ်းချိုင်း)က ပထမချိုင်း၊ ကျွန်တော့်ချိုင်းက ဒုတိယချိုင်း၊ တတိယက (ချိုင်းကျောင်း)လို့ခေါ်ပါတယ်။

"တချို့နှစ်တွေမှာတော့ သုံးချိုင်းလုံး မိုးစပါးပြိုင်တူစိုက်လေ့ ရှိပါတယ်၊ တစ်နှစ်ခြား၊ နှစ်နှစ်ခြားမှာတော့ တချို့ချိုင်းကလည်း အလုပ်သမားအခက်အခဲနဲ့ အခြားအခက်အခဲတွေရှိလို့ လယ်ထဲမှာ ပြောင်းဖူး၊ မြေပဲ၊ ပဲကြီး၊ ပဲပုပ် ဒါမှမဟုတ် ကြက်သွန်နီနဲ့ ကြက်သွန်ဖြူကိုပဲ စိုက်ပျိုးကြတယ်။ နောက်နှစ်မှ စပါးပြန်ထည့်စိုက်ကြပါတယ်။ လယ်ထဲမှာတော့ သီးထပ်သီးညှပ်ဖြစ်တဲ့ ဆီနေကြာ၊ ဂျုပန်နမ်း စတာတွေကိုလည်း ထည့်စိုက်ပျိုးကြလို့ တစ်နှစ်ပတ်လုံး လယ်မြေကို အသုံးချ စိုက်ပျိုးစားနိုင်ကြတဲ့အတွက် ကျွန်တော်တို့ စိုက်ပျိုးရေးတောင်သူတွေမှာ အားလုံးလိုလို မိသားစုစီးပွားရေး အဆင်ပြေကြပါတယ်"ဟု ပြောသည် ။

**စိုင်းဇော်လတ် (လင်းခေး)**

# နယ်လှည့်စာကြည့်တိုက်ဟောပြောပွဲနှင့် နံရံကပ်စာစောင်ဓာတ်ပုံပြပွဲကျင်းပ

**ဘုရားသုံးဆူ ဩဂုတ် ၂၂**
ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက် ဟောပြောပွဲနှင့် နံရံကပ်စာစောင် ဓာတ်ပုံပြပွဲကို ဩဂုတ်လတတိယပတ်က အမှတ် ၄ ရပ်ကွက် အမက ကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ဦးစီးမှူး ဒေါ်အုန်းမြင့်၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကာ မြို့နယ်ဦးစီးမှူးက လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင်များ၊ လှုပ်ရှားဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ပြသခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ ဗဟုသုတရှိစေရန်အတွက် စာဖတ်ဝိုင်းများပြုလုပ်ပေးပြီး သုတရသစာအုပ်များကို ငှားရမ်းပေးခဲ့ ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# မန္တလေး-ပြင်ဦးလွင်လမ်းဟောင်းအားလေးလမ်းသွားအဖြစ် ၂၀၁၇ ခုနှစ် ဇွန်လတွင် အပြီးဖောက်လုပ်မည်

**ပြင်ဦးလွင် ဩဂုတ် ၂၂**
မန္တလေး-ပြင်ဦးလွင်ကားလမ်းသည် ၁၉၃၇ ခုနှစ် ဒီဇင်ဘာမှစတင်ဖောက်လုပ်ခဲ့သည့် တရုတ်နိုင်ငံ ကူမင်းမြို့နှင့် လားရှိုး-မေမြို့-မန္တလေး ဆက်သွယ်ပေးသည့် လမ်းမကြီးဖြစ်ခဲ့ပြီး ထိုစဉ်က ကမ္ဘာတွင် BURMA ROAD ဟု လူသိများထင်ရှားခဲ့သည်။ လမ်းမကြီးဖောက်လုပ်စဉ်က အလုပ်သမားအင်အား သုံးသိန်းကိုအသုံးပြုခဲ့ရ၍ ကူမင်းမြို့မှ လားရှိုးမြို့အထိ ၇၁၆ မိုင်ခရီးကို စုစုပေါင်းကုန်ကျငွေကျပ် ၃၇၅၀၀၀ ရှိခဲ့ပြီး ၁၉၃၉ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်က စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

ကူမင်း-လားရှိုး-မေမြို့-မန္တလေးလမ်းမကြီးကို ဖောက်လုပ်အသုံးပြုနေစဉ် ၁၉၄၂ ခုနှစ်မတ်လ၌ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါမန်စမစ်၊ မြန်မာပြည်ဗြိတိသျှစစ်ဦးစီးချုပ် ဗိုလ်ချုပ်အလက်ဇန္ဒား၊ အမေရိကန်မှ တရုတ်ပြည်ဆိုင်ရာ အမေရိကန်ဗိုလ်ချုပ် စကီးဝဲလ် (လီဒိုလမ်းမကြီးကို ဖောက်လုပ်ခဲ့သူ)၊ ဒုတိယဗိုလ်ချုပ်ချန်ကေရှိတ်နှင့် မဒမ်ချန်ကေရှိတ်တို့သည် မေမြို့ရှိ ဘုရင်ခံအိမ်တော်၌စုဝေပြီး တရုတ်-မြန်မာလမ်းမကြီး အသုံးပြုရေးနှင့် မြန်မာနိုင်ငံ၏ စစ်ရေးအခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။

အဘယ်ကြောင့်ဆိုသော် အဆိုပါလမ်းမကြီး ဖောက်လုပ်နေစဉ်က တရုတ်နှင့် ဂျပန်တို့စစ်ဖြစ်နေချိန်ဖြစ်ပြီး အင်္ဂလိပ်တို့က တရုတ်နိုင်ငံသို့ စစ်လက်နက်များ ကူညီထောက်ပံ့ရန် ရည်ရွယ်ချက်ဖြင့် ဖောက်လုပ်ခဲ့ခြင်းပင် ဖြစ်နေသည်။ ကားလမ်းမကြီး ဖောက်လုပ်ပြီးချိန်တွင်လည်း အမေရိကန်နှင့် အင်္ဂလိပ်တို့သည် တရုတ်နိုင်ငံသို့ စစ်သုံးယာဉ်များ၊ စစ်လက်နက်များ၊ လောင်စာဆီတို့ကို တင်ပို့ခဲ့ကြရာ ရန်ကုန်မြို့မှတစ်ဆင့် မန္တလေး-မေမြို့- လားရှိုး-တရုတ်နိုင်ငံ ကူမင်းမြို့အထိ လည်းကောင်း၊ ကူမင်းမြို့မှ တစ်ဖန် ထိုစဉ်က ချန်ကေရှိတ်အစိုးရ၏ မြို့တော်ချုံကင်းမြို့အထိ ဆက်လက်တင်ပို့ခဲ့ရာ မန္တလေး-မေမြို့-လားရှိုး-ကူမင်းလမ်းမကြီးသည် စစ်ရေးနှင့်နိုင်ငံရေးများအတွက် အဓိကလမ်းမကြီးအဖြစ် တည်ရှိသည်။ အင်္ဂလိပ်တို့သည် တရုတ်-ဂျပန်စစ်တွင် တရုတ်နိုင်ငံကိုကူညီရန် ဤလမ်းမကြီးကို ရည်ရွယ်ချက်ရှိရှိဖြင့် အဓိကထားဖောက်လုပ်ခဲ့ခြင်းကြောင့် တခြားသော ကမ္ဘာ့နိုင်ငံများမှ မကျေမနပ်သဖြင့် ဝိုင်းဝန်းကန့်ကွက်ခဲ့ရာ ၁၉၄၀ ပြည့်နှစ် ဇူလိုင် ၁၈ ရက်မှ အောက်တိုဘာ ၁၈ ရက်အထိ သုံးလတိုင်တိုင် ယာယီပိတ်ထားခဲ့ရသေးသည်။

ဤလမ်းမကြီးသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း အလွန်အရေးပါအရာရောက်သည့် လမ်းမကြီးအဖြစ် စတင်တည်ရှိခဲ့ပြီး ယခုအခါတွင်လည်း မြန်မာနိုင်ငံ၏ ပြည်ထောင်စုလမ်းမကြီး အာဆီယံ ၁၄ အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံတွင် ဒုတိယကားအသွားအလာ အများဆုံးလမ်းအဖြစ်လည်းကောင်း တည်ရှိနေဆဲဖြစ်နေသည်။ မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်းမကြီးသည် ၁၇၅ မိုင်ရှည်လျားပြီး မန္တလေး-ပြင်ဦးလွင်ကားလမ်းသည် ၄၂ မိုင်ကွာဝေးလျက်ရှိရာ ယာဉ်အသွားအလာများပြားလာမှုတို့ကြောင့် ၁၉၉၈ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် တစ်လမ်းသွားစနစ်မှ နှစ်လမ်းသွား(ဒွေးလမ်း) စတင်ဖောက်လုပ်ခဲ့သည်။ မန္တလေး-ပြင်ဦးလွင်လမ်းကို နှစ်လမ်းသွားအဖြစ် ဖောက်လုပ်အပြီး ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလတွင် ဤလမ်းမကြီးပေါ်၌ အတက်မော်တော်ယာဉ် ၂၅၈၇၉ စီး၊ အဆင်းမော်တော်ယာဉ် ၂၅၈၃၈ စီး စုစုပေါင်း ၅၁၇၁၇ စီး ရှိခဲ့သည်။ ယခုလက်ရှိအချိန်တွင် မန္တလေး-ပြင်ဦးလွင်လမ်းပိုင်း၌ နေ့စဉ်အတက်အဆင်း ကားကြီးကားလေး ပေါင်း ၇၀၀၀ ကျော်မှ ၈၀၀၀၊ အခါကြီးနေ့ကြီးရက်များတွင် အစီးရေ ၁၀၀၀၀ ကျော်အထိ ရှိလာပြီဖြစ်ရာ ယခင်လမ်းမှာ ကျဉ်းမြောင်းလာပြီဖြစ်သောကြောင့် လည်းကောင်း၊ ၂၂ ဘီးတွဲယာဉ်ကြီးများမှာ တစ်ရက်လျှင် အဆင်းအတက် ၃၀၀၀ ကျော်အထိ ရှိလာသဖြင့် မကြာခဏလမ်းပိတ်ဆို့မှုတို့ ဖြစ်ပေါ်လာရခြင်းကြောင့် လည်းကောင်း လေးလမ်းသွား လမ်းမကျယ်ကြီးအဖြစ် တိုးချဲ့ဖောက်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

လမ်းတိုးချဲ့ဖောက်လုပ်ခြင်းကို ၂၀၁၆ ခုနှစ် ဩဂုတ်လမှစတင်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိနေပြီး ၂၀၁၇ ခုနှစ် ဇွန်လတွင် အပြီးဖောက်လုပ်ရန် ကျောက်ချောဂိတ်တာဝန်ခံမန်နေဂျာ ဦးသန်းနိုင်ဦး၏ ပြောပြချက်အရ သိရသည်။ သို့သော်လည်း ယခုအချိန်တွင် မိုးရွာသွန်းမှုတို့ကြောင့် လုပ်ငန်းများ နှောင့်နှေးလျက်ရှိနေပြီး ရာသီဥတုကောင်းမွန်သည့် ပွင့်လင်းရာသီတွင် အားနှင့်အင်နှင့် ပိုမိုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် မကြာမီကာလအတွင်း မန္တလေး-ပြင်ဦးလွင်လမ်းကို လေးလမ်းသွားလမ်းမကျယ်ကြီးအဖြစ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## မှုခင်းသတင်းအတိုအထွာ

**ကျွန်းလှ**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျီကုန်းကျေးရွာအနီး သဖန်းဆိပ်ကားလမ်းပေါ်တွင် ဩဂုတ် ၂၀ ရက် ညနေ ၃ နာရီက မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရွှေဘိုခရိုင်ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေး ရဲအုပ်စိုးသိန်းအောင်နှင့်အဖွဲ့သည် ကျီကုန်းကျေးရွာအနီး သဖန်းဆိပ်ကားလမ်းပေါ်တွင် ဆိုင်ကယ်စီးလာသူ မောင်ဝင်း(ခ) ဌေးနိုင်ဝင်းအား စစ်ဆေးရှာဖွေရာ ဘိန်းဖြူမှုန့် ၁ ဒသမ ၂၆ ဂရမ်ခန့် သိမ်းဆည်းရမိခဲ့သဖြင့် ကျွန်းလှမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

**အင်းတော်**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ကျွန်းတောကျေးရွာအနီး လယ်ကွင်းထဲ၌ ဩဂုတ် ၂၀ ရက်က လူတစ်ဦးသေဆုံးနေကြောင်း သိရသည်။

သေဆုံးသူ အောင်ရဲကျော်ဆိုသူမှာ ပါးစပ်မှအမြှုပ်များထွက်ကာ သေဆုံးနေပြီး ၎င်းခန္ဓာကိုယ်တွင် ပြင်ပဒဏ်ရာများ မတွေ့ရှိရသဖြင့် ၎င်းသေဆုံးခြင်းသည် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ်စစ်ဆေးနိုင်ရန် သေမှုသေခင်းရေးဖွင့်ဆောင်ရွက်ထားသောအမှုဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

**ရေဦး**
ရေဦးမြို့နယ် တင်းတိန်ရုံစံပြကျေးရွာဘူတာ၌ ဩဂုတ် ၁၈ ရက်က တင်းတိန်ရုံရဲတပ်ဖွဲ့စခန်း ဒုရဲအုပ် အောင်ဝင်းသန်းနှင့်အဖွဲ့သည် သတင်းအရ ဘူတာမှ စောင့်ဆိုင်းနေစဉ် (မုံရွာ-ခင်ဦး) အဆန်ရထားနှင့် လိုက်ပါရန်ရောက်ရှိလာသူ ဦးခင်မောင်သိန်း (၄၄ နှစ်)အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄ ပြား (၂ ဒသမ ၄ ဂရမ်)၊ ငွေစက္ကူရောရာ ငွေကျပ်လေးသောင်းနှင့်အတူ လက်ကိုင်ဖုန်းနှစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

**ဖားကန့်**
ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေခါကျေးရွာ မော်သစ်ကုန်း (ရပ်ကွက် ၃) ဦးစန်ပီနေအိမ်၌ ဘုရားမီးပူဇော်ရာမှတစ်ဆင့် ဩဂုတ် ၁၉ ရက် ည ၈ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ ဆိပ်မူနှင့်ဝေခါမှ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ ကုမ္ပဏီများမှ ရေသယ်ယာဉ်သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် လူနေအိမ်ခြောက်လုံး မီးကူးစက်လောင်ခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ဒီးမော့ဆို**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် စံပြ(၆)မိုင်ကျေးရွာ ဦးအီညားရှို၏နေအိမ်အား မူးယစ်ဆေးဝါးရောင်းဝယ်ကြောင်း သတင်းအရ ဩဂုတ် ၂၀ ရက် နံနက် ၅ နာရီ ၁၅ မိနစ်က ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးမိုးနိုင်ဦးစီးအဖွဲ့ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူအား ဒီးမော့ဆိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ကလိန်အောင်**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ ကားလမ်းမိုင်တိုင်အမှတ် (၄၉/၅) နှင့် (၄၉/၆) အကြား၌ ရန်ကုန်မြို့မှ မြိတ်မြို့ဘက်သို့ ယာဉ်မောင်း ဆန်းလွင် မောင်းနှင်လာသည့် 5B/---- ရွှေဝယ်ရတနာယာဉ်သည် ခရီးသည် ၁၇ ဦးခန့်အား တင်ဆောင်မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်းသို့ တိမ်းမှောက်မှုဖြစ်ပွားခဲ့၍ ခရီးသည်များ (မစိုးရိမ်ရ) ဒဏ်ရာရရှိ၍ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

**ကလိန်အောင် (ပြန်/ဆက်)**

**ယင်းမာပင်**
ယင်းမာပင်မြို့နယ် တရော်ကျင်းကျေးရွာအရှေ့ဘက် ကလေးဝ-ယာကြီး-မုံရွာ ကားလမ်း မိုင်တိုင်အမှတ် (၁၀/၃) နေရာတွင် ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက ၈ဆ/----- ယာဉ်တစ်စီးပေါ်တွင် ထင်းများအုပ်ကာ တင်ဆောင်ထားသော တရားမဝင်ပိ တောက်ခွဲသား ရှစ်တုံး တစ်တန်ခန့်အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသော ပိတောက်ခွဲသားများအား ယင်းမာပင်မြို့နယ် ကွေးချောင်းဘိနယ် သစ်တောစခန်း၌ ယာယီထိန်းသိမ်းထားရှိပြီး ပိုင်ရှင်များကို တရားစွဲဆို အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**



### အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီးသာကျော်(ငြိမ်း) စစ်တွေ

**ကြည်း-၅၃၂၀**

**လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်**

**အသက်(၉၇)နှစ်**

သူငယ်ချင်း ဗိုလ်မှူးကြီးအောင်ကျော်လှ (ကွယ်လွန်)၏ ဖခင် ဗိုလ်မှူးကြီးသာကျော်(ငြိမ်း)သည် ၂၀-၈-၂၀၁၆ရက် ည ၁၀း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အပတ်စဉ်(၂၂)မှ သူငယ်ချင်းနှင့်မိသားစုများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်သန့် (မော်လမြိုင်)

**အသက်(၉၇)နှစ်**

ဒေါက်တာအေးမောင်ဟန် (ဆေးတက္ကသိုလ်-၁၊ ပါမောက္ခချုပ်၊ ငြိမ်း)၊ ဒေါက်တာသီရိထွန်းမြင့်တို့၏မိခင်သည် ၁၇-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်မိုးခိုင်-ဒေါက်တာစောနေနွယ်**
**AA Medical Products Limited**
**Pacific AA Group**

## ဝမ်းနည်းကြေကွဲခြင်း

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာနမှ ကထိက ဒေါက်တာဆွေဇင်အိ၏ဖခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ချာမင်ဝမ်း(ခ)ဦးမြင့်ဝမ်း အသက်(၈၂)နှစ်သည် ၁၇-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့်ဆရာ/ဆရာမများ၊ဝန်ထမ်းများ**
**မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာန**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာနမှ ကထိက ဒေါက်တာဆွေဇင်အိ၏ဖခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ချာမင်ဝမ်း(ခ)ဦးမြင့်ဝမ်း အသက်(၈၂)နှစ်သည် ၁၇-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

## ဦးကံထွန်း (အပါကြီး)

**လ/ထ စက်ရုံမှူး(ကုန်ထုတ်၊ ငြိမ်း)**

**အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)**

**အသက်(၇၅)နှစ်**

ပါမောက္ခ ဒေါက်တာဦးကံညွန့်(မျက်စိအထူးကု) - တွဲဖက်ပါမောက္ခ သမားတော်ကြီး ဒေါက်တာဒေါ်ကြည်ကြည်ငွေ၊ ဦးအောင်ကျော်ဖေ-ပါမောက္ခ ဒေါက်တာဒေါ်ခင်ထွေး (ပါမောက္ခ၊ ဌာနမှူး၊ ငြိမ်း၊ ကလေးကျန်းမာပညာဌာန၊ ဆေး-၁၊ ရန်ကုန်)တို့၏အစ်ကို ဦးကံထွန်းသည် ၁၉-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာဦးအောင်မွန်(ပါမောက္ခချုပ်၊ ငြိမ်း)-**
**ပါမောက္ခ ဒေါက်တာဒေါ်သန်းသန်းတင်(ချယ်ရီ)**

## ဦးငွေထွန်းရှင်(ခ)ဦးငွေထွန်း အသက်(၇၃)နှစ်

**သန်လျင်နည်းပညာတက္ကသိုလ်၊ မှော်ဘီနည်းပညာတက္ကသိုလ်**

**အင်းစိန် ဂျီတီအိုင်၊ ဟင်္သာတ ဂျီတီအိုင်**

**THS (1) ရန်ကုန်၊ ကျောင်းဆရာ(ငြိမ်း)**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကြာကန်စုကျေးရွာနေ (ဦးဖေရှင်-ဒေါ်တင်ငွေ)တို့၏သား၊ ဒေါ်သန်းသန်းကြွယ်၏ခင်ပွန်း၊ မအေးစန္ဒာကြွယ်၏ဖခင်သည် ၂၁-၈-၂၀၁၆ရက် ည ၇း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၈-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများနှင့် တပည့်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ အင်းစိန် GTI လူမှုကူညီရေးအသင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်ထွန်းသိန်း(ခ)ဦးဖိုးကျော် အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ အမှတ် ၆၀၄နေ (ဦးငြိမ်း-ဒေါ်တင်နု)တို့၏သား၊ ဒေါ်စန်းမြင့်၊ ဦးမြင့်သိန်း-ဒေါက်တာဒေါ်မြင့်မြင့်၊ ဦးခင်မောင်ဦး-ဒေါ်ခင်မာဝင်းတို့၏မောင်၊ ဦးကျော်ထွန်းငြိမ်း-ဒေါ်ခင်မျိုးသက်၊ ဦးတင်ထွန်း-ဒေါ်အေးအေးငြိမ်း၊ ဦးလေးမြင့်ငြိမ်း-ဒေါ်သဇင်ဦးတို့၏အစ်ကို၊ (ဗိုလ်ကြီးတင်ရွှေ-ဒေါ်တင်ယု)တို့၏သားသမက်၊ ဒေါ်ခင်ရီဝင်း(ခ)ဒေါ်ရီရီ၏ခင်ပွန်း၊ မောင်ဖြိုးသီဟ၏ဖခင်၊တူ/တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၂၂-၈-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၃း၄၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၆၀၄၊ သုဓမ္မာလမ်းမကြီး၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်မိုးမြင့် အသက်(၅၀)

**B.Sc (Geology) Site Engineer (Presscrete S'pore)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၄၁၄နေ ဦးရွှေအောင်-(ဒေါ်သိန်းသိန်း)တို့၏သား၊ သန်လျင်မြို့နေ (ဦးစန်းတင်)-ဒေါ်စမ်းမြဦးတို့၏သားသမက်၊ ဒေါ်ခိုင်မာစန်း၏ခင်ပွန်း၊ မောင်အောင်မျိုးထက်၊ မောင်ထက်ဇေမိုးမြင့်တို့၏ဖခင်၊ ဦးအောင်သူ-နော်အေးအေးမျိုး၊ ဦးသက်အောင်-ဒေါ်နွဲ့နွဲ့အေးတို့၏ညီ၊ (ဦးဆန်းဝင်းအောင်)၊ ဦးစိုးမင်းအောင်-ဒေါ်ဝင်းသန္တာအောင်၊ ဦးစိုင်းညွန့်ဝင်း-ဒေါ်ခင်မမအောင်၊ ဦးဇေယျာဝင်း-ဒေါ်ခင်ပပအောင်တို့၏အစ်ကို၊ တူ၊တူမ ရှစ်ယောက်တို့၏ဘကြီး/ဦးလေးသည် ၁၉-၈-၂၀၁၆ရက်(သောကြာနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက်တွင် ယုဇနဥယျာဉ်မြို့တော်(အေ)၊ ၂လမ်း၊ တိုက် ၂၊ အခန်း ၃၀၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြင့်(ခ)ရပ်စုမင်း

**အသက်(၁၀၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၂)ရပ်ကွက်၊ ပဒတန်းလမ်း၊ အမှတ် ၃၂နေ (ဦးဘွန်ရှိန်)၏ဇနီး၊ ဒေါက်တာဒေါ်စန်းရီ၊ ဦးမျိုးအောင်-ဒေါ်ခင်ဝင်းဆွေ၊ ဦးခင်အောင်-ဒေါ်မြင့်မြင့်ရီ၊ ဦးပြည့်အောင်-ဒေါ်ခင်အေးဆွေတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၁-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ကြက်မောက်ကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၆ရက် (စနေနေ့) နံနက် ၆နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ကြည်

**အသက်(၉၂)နှစ်**

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်၊ အမှတ် ၁၇-ဘီနေ (ဦးဖိုးကျား-ဒေါ်သိန်းမေ)တို့၏သမီး၊ (ဦးသောင်းရွှေ)၏ချစ်လှစွာသောဇနီး၊ ဦးအောင်မင်း-ဒေါ်တင်တင်အေး၊ ဦးဉာဏ်ထွန်း-ဒေါ်ခင်မြဝင်း၊ ဦးညွန့်ခင်-(ဒေါ်ချိုချိုဝင်း)၊ ဦးသာဦး-ဒေါ်နှင်းနှင်းစိုး၊ ဦးကျော်ထွန်း-ဒေါ်ကျင်ထွေး၊ ဦးစိန်ထွန်း-ဒေါ်ခင်မြမြ၊ ဦးကိုကိုနိုင်-ဒေါ်ခင်ခင်နွဲ့၊ ဦးစိုးဝင်း-ဒေါ်သန်းသန်းမော်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၂၄ယောက်၊ မြစ် ၂၄ယောက်တို့၏အဘွားသည် ၂၁-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) ည ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးသိန်း အသက်(၈၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ချမ်းမြေ့သာယာ ၄လမ်း၊ အမှတ် ၂၀၇နေ(ဦးလှဖေ-ဒေါ်အေးတင်)တို့၏သမီး၊ (ဦးဝင်းဆွေ)၏ဇနီး၊ ဦးမောင်မောင်မြတ်ဆွေ-ဒေါ်မြင့်မြင့်သန်း၊ ဒေါက်တာမောင်မောင်လတ်ဆွေ-ဒေါ်ခင်သက်ထား၊ ဦးမောင်မောင်လေးဆွေ-ဒေါ်နုနုစိန်၊ ဗိုလ်မှူးမောင်မောင်ထွေးဆွေ(ငြိမ်း) (ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်ဇာနီသိမ်းထွန်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၁-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့)ည ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### အလှူဟာသျှင်မြတ်အမိန့်တော်ခံယူခြင်း

## အလ်ဟာဂျ်ခလီဖွာမိုဟာမက် အာမက်ဟာစန်ဂျီအပ်ချား(ခ) အလ်ဟာဂျ်ခလီဖွာ ဦးလှဖေ

**အသက်(၈၇)နှစ်**

ထားဝယ်မြို့နေ (ဦးမိုဟာမက်ဟာစန်ဂျီအပ်ချား-ဒေါ်ခတီဂျာဘီ)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၅၃၊ ၁၀၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ခင်ခင်လှ၏ချစ်လှစွာသောခင်ပွန်း၊ဒေါ် ခင်ခင်စန်း-ဦးဘစိန် (မြတ်ဆုမွန် ဆောက်လုပ်ရေး)၊ ဟာဂျီမ ဒေါ်ခင်ခင်သန်း-ဟာဂျီဦးအုန်းမြင့်(ခန္ဓာသုခ သွေးဆေး)၊ ဦးရဲမြင့်(R/O Marina Shipping)-ဒေါ်ချိုချိုစိုး၊ ဦးထွေးဝင်းနိုင်(USA)တို့၏ချစ်လှစွာသောဖခင်ကြီး၊ မနန္ဒာဘစိန် - မောင်ဇော်မင်းယု (USA)၊ ဒေါက်တာတင်ဇာဘစိန်(USA)၊ မောင်ဇာလီဘစိန်-မယဉ်ယဉ်ကြည် (မြတ်ဆုမွန်ဆောက်လုပ်ရေး)၊ ဟာဂျီမ ခင်မာမြင့်၊ ဟာဂျီမ ဒေါက်တာခင်မေမြင့် (Ph. D Phys)၊ ဟာဂျီမ ပုလဲစုဝေ၊ မောင်ပြည့်စုံရဲမြင့်၊ မောင်ဝေယံရဲမြင့်၊ မောင်သက်ပိုင်ကျော်မြင့်တို့၏ အဘိုး၊ မြစ်နှစ်ယောက်တို့၏ အဘေးသည် ၁၉-၈-၂၀၁၆ရက် (သောကြာနေ့) နံနက် ၅နာရီတွင် အမှတ် ၃၅၃/၅၅၊ ရွှေဘုံသာလမ်းနေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ဂျုမ္မာနမာဇ်အပြီးတွင် ရေဝေးစွန်နီကဘာရ်စတန်၌ ဒဖနာပြီးဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှမိတ်ဆွေများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း

### ဆရာမကြီး

## ဒေါ်ဒေါရသီတင်တင်လှ

**M.I.C.T (အင်းစိန်)**

**K.B.T.S (နောင်နန်း)**

**M.B.C**

**(ဓမ္မပညာဌာနတာဝန်ခံ၊ ငြိမ်း)**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ သာယာအေး ၁လမ်း၊ အမှတ် ၄၄နေ (ဦးလှအောင်-ဒေါ်အေး)တို့၏သမီး၊ (ဦးမောင်မောင်စိန်)၏ညီမ၊ (ဦးဇော်မြင့်-ဒေါ်တင်တင်အေး)၊ဦးစောဦး-နော်အဲမေဖေတို့၏ အဒေါ်/အမေ၊ စောစတီဗင်ဦး၊ နော်စုမြတ်ဦး၊ နော်ဆုမွန်ဦးတို့၏အဘွားသည် ၂၁-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) ည ၁၁း၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် မွန်နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်တင်မြင့်

**(နေဝေဆာ-စတိုး)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊အနော်ရထာလမ်း၊ တိုက် ၉/၁၇၊ အခန်း ၆နေ ဦးကျော်ထွေး၏ ချစ်လှစွာသောဇနီး၊ ကိုပြည့်ဖြိုးဟိန်း-မဖြူပြာအောင်(RFA)တို့၏မိခင်၊ မဆုပြည့်ရည်အောင်၏ အဘွားသည် ၂၁-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါဖြင့် ၂၃-၈-၂၀၁၆ရက်(အင်္ဂါနေ့)တွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၆ရက်(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ဝင်းကြည်

**(မြင်းကပါရွာ)**

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ နွယ်နီလမ်း၊ အမှတ် ၂၂-B(လေးလွှာ)နေ (ဆရာကြီး ဦးတင်ငွေး)၏ဇနီး၊ ဒေါ်တင်နု၏အစ်မ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၃)ရပ်ကွက်၊ ၁၀/တောင်၊ ဇေယျာဝတီ ၁လမ်း၊ အမှတ် ၂၁၀၀နေ ဦးထွန်းဇော်ဦး-ဒေါ်သန်းသန်းဌေး (စိန်ဒေါင်းဆေးတိုက်)၊ကိုမျိုးညွန့်၊ ဦးမောင်မောင်ကြီး-ဒေါ်ရင်ရင်ဌေး (စိန်ဒေါင်းပရဆေးဆိုင်)တို့၏မိခင်၊ မြေး လေးယောက်တို့၏အဘွားသည် ၂၂-၈-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၀၀း၂၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မခင်မျိုးမမဇော်(တတိယနှစ်)

**(Electronic Communication)**

**နည်းပညာတက္ကသိုလ်(သန်လျင်)**

**အသက်(၁၉)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊အာသောကလမ်း၊ အမှတ် ၁၄နေ ဦးခင်ဇော်-ဒေါ်အေးသီတာတို့၏ ချစ်လှစွာသောသမီး၊ မခင်ဖုန်းမို့မို့ဇော်(First Year Zoology)၊ မခင်ဖူးပြည့်ပြည့်ဇော် (Grade - X, အထက-၂၊ တာမွေ)တို့၏ အစ်မကြီးသည် ၂၂-၈-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယိကာမကြီး

## လျောင်ကင်တီ(ခ) ဒေါ်ကျင်တီ (သုံးခွမြို့)

**အသက်(၉၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ (ဦးစန်းနား - ဒေါ်ပိုး)တို့၏ ချွေးမ၊ (ဦးရှန် - ဒေါ်စိန်ချွန်း)တို့၏ သမီး၊ အမှတ် ၂၉၊ အောင်ဇေယျလမ်းနေ (ဦးဘရွှေ)၏ဇနီး၊ ဦးစောကျင်-ဒေါ်ခင်လှမြင့်၊ ဦးအောင်ခင်-ဒေါ်အုံးမြင့်၊ ဦးတင်အောင်-ဒေါ်ခင်ခင်ဝင်း၊ ဦးထွန်းကြည်-ဒေါ်သန်းသန်းညွန့်၊ ဦးတင်ဝင်း-ဒေါ်အေးနု၊ ဦးတင်အောင်ထွန်း-ဒေါ်ခင်စန်းဝင်း၊ ဦးစိုးမြင့်-ဒေါ်လှလှအေး၊ ဦးခင်စိုး-ဒေါ်မြမြထွေး၊ ဦးစောနိုင် - ဒေါ်တင်တင်လှတို့၏မိခင်ကြီး၊ မြေး ၂၈ယောက်၊ မြစ် ၁၇ယောက်တို့၏ဘွားဘွားကြီးသည် ၂၁-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် သန်လျင် တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကြင်မောင် (ဆကာကြီး)

**အသက်(၉၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျီးတန်းမြောက် အရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ် ၅၀နေ (ဦးကွာနား-ဒေါ်ငွေခင်)တို့၏သား၊ (ဦးထာဝါ-ဒေါ်ကျင်မှု)တို့၏သားသမက်၊ (ဒေါ်ခင်တီ)၏ခင်ပွန်း၊ ဒေါ်ကျင်ရီ၏အစ်ကို၊ ဦးသိန်းဝင်း-ဒေါ်ခင်မာလာ၊ ဦးစိုးဝင်း-ဒေါ်ခင်အေးမူ၊ ဒေါ်ခင်စောမူ၊ ဦးမျိုးထွန်း-ဒေါ်ဝင်းမြဟန်၊ ဦးချိုထွန်း-ဒေါ်ဝင်းဝင်းသိမ်းတို့၏ဖခင်ကြီး၊ ကိုဖြိုးသုဝင်း-မမေသဲမောင်၊ ဒေါက်တာမျိုးဦးဇော်၊ မအိမြသွယ်ခင်၊ မအေးမြတ်သန္တာချို၊ မယမင်းဝင်းလှဲ့ချိုတို့၏အဘိုး၊ မသဲသုသဒ္ဓါ၏ဘိုးဘိုးကြီးသည်၂၂-၈-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်အေး(ခ) ဦးသောင်းလွင်

**ကန်ထရိုက်တာ**

**အငြိမ်းစား(ဆက်သွယ်ရေး)**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း ၄၀၊ အမှတ် ၂၂၀၊ ပထမထပ်(ဝဲ)နေ(ဦးခင်-ဒေါ်မြရီ)တို့၏သား၊(ဦးဘုန်းကြွယ်-ဒေါ်ခင်စု)တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်နိုင် (အငြိမ်းစား ဆက်သွယ်ရေး)၏ခင်ပွန်း၊ ဦးဇော်မင်းထိုက်-ဒေါ်မွန်မွန်(STK Education Centre)တို့၏ဖခင်၊ မသွယ်နော်ဇာဇော် (ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၏ အဘိုးသည် ၂၂-၈-၂၀၁၆ရက် ညနေ ၃း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၆ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြင့်သူ (သန်လျင်)

**အသက်(၅၃)နှစ်**

(ဦးစံသိန်း) - ဒေါ်အုန်းကြည်တို့၏ သား၊ (ဦးသိန်းဇံ)-ဒေါ်ကြည်တို့၏သားသမက်၊ ဦးကြည်-ဒေါ်ညွန့်ရီ၊ ဦးမြင့်ဦး-ဒေါ်သန်းအိတို့၏အစ်ကို၊ ဦးမြင့်ဆွေ-ဒေါ်နွဲ့၊ ဦးတင်အေး-ဒေါ်ညွန့်စိန်တို့၏မောင်၊ ဒေါ်သန်းသန်းဌေး(ရှိုင်းဟုပ်ကိုယ်စားလှယ်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဝင်းမင်းသူ-မနန်းသဇင်ဖြူ၊ မောင်ဟိန်းမင်းသူ၊ မောင်ဝေဖြိုးသူ၊ မသိမ့်သိမ့်သူ၊ မောင်အောင်ရန်နိုင်တို့၏ဖခင်၊မောင်မင်းခန့်ကို၏အဘိုး၊သန်လျင်မြို့နယ်၊ တာ၀၊ (၅)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၈၅၂နေ ဦးမြင့်သူသည် ၂၁-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင် အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ချုပ်မောင်မောင်ဝင်း(ရေ/ငြိမ်း) ရေ-၃၀၂၁

**အသက်(၈၈)နှစ်**

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ အမှုဆောင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာမျိုးဝင်း(ပါချုပ်၊ ငြိမ်း)၊ သွားဆေးတက္ကသိုလ်၊ ရန်ကုန်)-ဒေါ်ချိုချိုဝင်းတို့၏ချစ်လှစွာသောဖခင်ကြီး ဗိုလ်ချုပ်မောင်မောင်ဝင်း အသက်(၈၈)နှစ်သည် ၁၈-၈-၂၀၁၆ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ**

### ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးဘလှိုင်

**ကျောင်းဆရာ (hrist Methodist High School)**

**ကျောင်းဆရာ(ငြိမ်း)၊ အထက(၄)ကမာရွတ်**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ (၅)ရပ်ကွက်၊ တိုက် ၃၅၆၊ အခန်း ၁၃နေ (ဦးစိန်-ဒေါ်ရွှေရင်)တို့၏သား၊ (ဦးဘိုးမြ-ဒေါ်ထား)တို့၏သားသမက်၊ ဒေါ်ထားနှစ်၏ချစ်လှစွာသောခင်ပွန်း၊ ဦးသင်းဦးလှိုင်(ခရစ်တော်၏သာသနာအကျိုးဆောင်အဖွဲ့)၊ ဒေါ်စုစုမာ(ILBC)၊ ဦးကျော်မိုးလှိုင်(ခ)ဘိုဘို (Hosoda Trading Co.,Ltd.)တို့၏ချစ်လှစွာသောဖခင်သည် ၂၂-၈-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၅း၂၄နာရီတွင် အာရှတော်ဝင်ဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းခြင်းကို ၂၇-၈-၂၀၁၆ရက်(စနေနေ့)နံနက် ၈နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အေးရ (ကလော)

**အသက်(၈၂)နှစ်**

ညောင်ရွှေမြို့နယ်၊ အင်းလေး ကြေးစားကုန်း(မြောက်)ရွာနေ ဦးလှိုင်-ဒေါ်ကြည်တို့၏သမီး၊ (ဦးမွေချန်)၏ဇနီး၊ ဦးဝင်းထိန်-ဒေါ်နီနီအေး၊ ဦးတင်ချို-ဒေါ်ယင်ယင်၊ ဒေါ်စန်းမြင့်၊ ဦးမောင်မောင်-ဒေါ်ခင်စိုးဝင်း၊ ဦးမောင်ချစ်-ဒေါ်ခင်ဌေးတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၂၂-၈-၂၀၁၆ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် နေပြည်တော် (ခုတင်-၁၀၀၀) ဆေးရုံအအေးတိုက်မှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်၍ ၂၃-၈-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမင်းဝေ(ခ)ဦးမြအေး

**ဒုအရာခံဗိုလ်(ငြိမ်း)**

**ပြည်ကြီးချမ်းသာမဟာစေတီတော် (ဒဂုံမြို့သစ် မြို့ဦးစေတီတော်)**

**ဂေါပက(စီမံရေးရာ)**

**သထုံမြို့နယ်အသင်း**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့နေ (ဦးဟုတ်ကွန်-ဒေါ်ဖွားစုံ)တို့၏သား၊ ဒေါ်ခင်တင့်၊ ဒေါ်ညွန့်ရီ(CB ဘဏ်)တို့၏ခင်ပွန်း၊ ဦးစန်းအောင်၊ ဒေါ်ခင်မြဝေ၊ ဦးကျော်ညွန့်၊ ဒေါ်ခင်မာဝေ(ထ-ခွဲ၊ လ-၆)၊ ဦးတင့်ခိုင်မင်း၊ ဒေါ်ခိုင်တင်ဇာ(ခ)နီနီ၊ ဦးဇော်အောင်၊ ဒေါ်ခင်နန်းဝေ၊(ဦးအောင်ဟိန်း)-ဒေါ်ခင်နန်းမြင့်ဝေ(လဝကမှူး၊ နေပြည်တော်)၊ ဒေါ်အေးစန္ဒာဦး(ခ)ဝေဝေ(ခေတ္တ-စင်ကာပူ)၊ ဦးကျော်မင်းထိုက်-ဒေါ်သဇင်မိုးတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၁-၈-၂၀၁၆ရက် ညနေ ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၆ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မန်းကြည်

**အသက်(၇၃)နှစ်**

ချောက်မြို့နယ်၊ ချောင်းတက်ကျေးရွာနေ (ဦးလှဒင်-ဒေါ်ဖွားစိန်)တို့၏ သမီး၊ (ဦးညွန့်စိန်)၏ဇနီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ် ၅၄၄နေ ဦးမျိုးမင်း(ရဲအုပ်)-ဒေါ်ရီရီမြင့်(အထက-၂၊ တောင်ဥက္ကလာပ)၊ ဒေါ်ရီရီစန်း၊ ဦးထွန်းထွန်းဝင်း(လေယာဉ်မှူးကြီး၊ MAI)-ဒေါ်ယဉ်ယဉ်မိုး၊ ဦးမင်းမင်းထွန်း(MAI)-ဒေါ်ညီညီသင်း(Eastern Group Co., Ltd)တို့၏မိခင်၊ မောင်မြတ်ဖုန်းမြင့်၊ ဖြိုးသီဟထွန်း၊ ဆုမြတ်သံစဉ်၊ ဇွဲမြင့်မြတ်ထွန်းတို့၏အဘွားသည် ၂၁-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၆ရက်(အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဆရာဦးမင်းကြည် (ပဲခူး)

**(ရွှေဇော်ဂျီ-တိုင်းရင်းဆေးကုခန်း)**

**အသက်(၆၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ရွှေကျင်ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလ၏ ရဟန်းဒါယကာကြီး၊ ရွှေကျင်မြို့နေ ဦးကျော်ညွန့်-ဒေါ်အုန်းကြည်တို့၏ တစ်ဦးတည်းသောသား၊ ကလိကျေးရွာနေ ဦးကျင်မောင်-ဒေါ်အုန်းကျင်တို့၏သားသမက်၊ ဦးကျော်မြင့်-ဒေါ်စန်းရီတို့၏မောင်၊ဦးလှသိန်း-ဒေါ်လှလှ၊ဦးအောင်ညွန့်-ဒေါ်ပဲ၊ ဦးသန်းငွေ-ဒေါ်သန်းသန်း၊ ဦးတင်မြင့်-ဒေါ်ကြည်ထွေး၊ ဦးညွန့်သိန်း-ဒေါ်မြင့်မြင့်တို့၏အစ်ကို၊ ကျောက်ကြီးစု မြို့ပတ်တာလမ်းနေ မတိုးတိုးစန်း၊ ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ပြည်တော်သာ ၃လမ်းနေ ကိုနေဥက္ကာ-မဝင်းမာစန်းတို့၏ဖခင်၊ မောင်ဉာဏ်ထက်လင်း၊ မသော်တာရွှန်းလဲ့တို့၏အဘိုး၊ ဒေါ်ကျင်ယုံ၏ခင်ပွန်းသည် ၂၁-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရွှေကျင်ဓမ္မရိပ်သာကျောင်းတိုက်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးတင်မောင်ထွေး

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် ၁၂၄(လေးလွှာ)နေ မြန်မာ့အမတ်ကြီးဟောင်း (ဦးတင်မောင်ကြီး-ဒေါ်သန်းမြ)တို့၏သား၊ ဦးတင်မောင်အေး-ဒေါ်ချိုချိုမာ(အာကာထွန်း)တို့၏ညီ၊ မမြတ်ခန့်ကြွယ်၏ ဦးလေးသည် ၂၁-၈-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၆ရက် (တနင်္လာနေ့)တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-စင်ကာပူ နှစ်နိုင်ငံ အထိမ်းအမှတ်တေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်အားပေး**

စာမျက်နှာ-၄

# လေကြောင်းစွမ်းအားသာလွန်မှုကိုအားပြုပြီး ယှဉ်ပြိုင်ဘက်အပေါ် လွှမ်းမိုးချုပ်ကိုင်နိုင်

## မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင်လေတပ်စခန်း၌ လေယာဉ်များတပ်တော်ဝင်အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၂**

မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင်လေတပ်စခန်း၌ ယနေ့နံနက် ၈ နာရီခွဲတွင် လေယာဉ်များတပ်တော်ဝင် အခမ်းအနားကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်(လေ)ဝတ်စုံအား ဂုဏ်ပြုဝတ်ဆင်၍ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က လေယာဉ်များ တပ်တော်ဝင်အခမ်းအနားနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မျက်မှောက်ခေတ်ကမ္ဘာ့ရေးရာများကို လေ့လာပါက လေကြောင်းစွမ်းအားသည် များစွာအရေးပါလျက်ရှိကြောင်း၊ လေကြောင်းစွမ်းအားသာလွန်မှုကို အားပြုပြီး ယှဉ်ပြိုင်ဘက်အပေါ် လွှမ်းမိုးချုပ်ကိုင်ရန်၊ မိမိတပ်များ တိုက်စွမ်းရည်ပိုမိုတိုးတက်စေရန် လေတပ်ကို ထိရောက်စွာ အသုံးပြုလာကြကြောင်း၊ သာလွန်သည့်လေကြောင်းစွမ်းအားရရှိရေးအတွက် ခေတ်မီလေတပ်မတော်တစ်ခုတည်ထောင်ရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ တပ်မတော်(လေ)အတွက် လိုအပ်နေသည့် အဆင့်မြင့်လေယာဉ်၊ ရဟတ်ယာဉ်များ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ၂၀၁၁ ခုနှစ်မှ ယနေ့အထိ လေယာဉ်အမျိုးအစား ခြောက်မျိုး၊ စင်းရေ ၅၁ စင်း၊ ရဟတ်ယာဉ် အမျိုးအစားသုံးမျိုး၊ စင်းရေ ၁၀ စင်းတို့အား တပ်တော်ဝင်၍ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ *စာမျက်နှာ ၅ ကော်လံ ၁* ☆



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်** (မြဝတီ)

# ရေကျော်-တူးမြောင်းလမ်းပေါ်ရှိ မြစ်ကူးသံမဏိ ကြိုးတံတားအမှတ်(၁) တည်ဆောက်

မြောင်းမြ ဩဂုတ် ၂၂

**ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ မြောင်းမြ-လပွတ္တာကားလမ်းမကြီးနှင့် ဆက်သွယ်၍ ရေကျော်-တူးမြောင်းကျေးရွာသွားလမ်းပေါ်ရှိ ပင်လယ်လေး မြစ်ကူး သံမဏိကြိုးတံတားအမှတ်(၁)ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တည်ဆောက်လျက်ရှိကြောင်း သိရသည်။**



လုပ်ငန်းတည်ဆောက်ရာသို့ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးသန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမောင်တို့သည် ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းကဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် တံတားချဉ်းကပ်လမ်းဖောက်လုပ်ပေးရမည့် အခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါတံတားမှာ မြောင်းမြမြို့နယ်အတွင်း ကျောက်ကမ်းပါးကျေးရွာအနီးပင်လယ်လေး မြစ်ပေါ်တွင် တည်ဆောက်ထားပြီး အရှည်ပေ ၃၂၀၊ အကျယ် ရှစ်ပေ၊ သံမဏိကြိုးတံတားအမျိုးအစားဖြစ်ကာ တံတားတည်ဆောက်ပြီးစီးသွားပါကဒေသခံပြည်သူများကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာကာကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးတိုးတက်ကောင်းမွန်လာတော့မည် ဖြစ်ကြောင်းသိရသည်။ **အောင်မင်း(မြောင်းမြ)**



# မြန်မာပရော်ဖက်ရှင်နယ် အမျိုးသမီး ဂေါက်သီးကစားသမား ယဉ်မေမျိုး အဆင့် (၃) ရရှိ

**ရန်ကုန် ဩဂုတ် ၂၂**

မြန်မာပရော်ဖက်ရှင်နယ် အမျိုးသမီးဂေါက်သီးကစားသမား ယဉ်မေမျိုးသည် ဩဂုတ် ၁၇ ရက်မှ ၁၉ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ Mae Jo Golf Club ၌ ကျင်းပသော Thailand LPGA Tour 2016 ပြိုင်ပွဲ၏ *စာမျက်နှာ ၅ ကော်လံ ၁* ❐





